ရခိုင်ပြည်နယ်လွှတ်တော်

# ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်း အပေါ်
# ကျေးလက်လူထုသဘောထားကောက်ခံခြင်းဆိုင်ရာအစီရင်ခံစာ



၂၀၁၄ - ဇွန်လ

DEPARTMENT OF FISHERIES
PYOE PIN Programme
EMR
Network Activities Group Myanmar
Scholar Institute

# မာတိကာ

နိဒါန်း..........3

နောက်ခံအကျဉ်း..........3

အဓိကရည်မှန်းချက်ဇုရပ်..........4

တစ်ဦးချင်းတင်ပြဆွေးနွေးမှုများ..........4

ပြည်ထောင်စုအဆင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲချမှတ်ခြင်း..........33

ပြည်ထောင်စုအဆင့် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ..........33

နိဂုံးချုပ်..........36

လုပ်ငန်းစဉ်အကျဉ်းချုပ်နှင့် အချိန်ဇယား (Work Plan)..........37

နောက်ဆက်တွဲ (က)..........39

နောက်ဆက်တွဲ (ခ)..........41

နောက်ဆက်တွဲ (ဂ)..........42

နောက်ဆက်တွဲ (ဃ)..........43

**နိဒါန်း**

၁၈.၁၂.၂၀၁၄ရက်နေ့တွင်မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ်ရေးဝန်ကြီးဌာနမှကြီးမှူး၍ပျိုးပင်အစီအစဉ်၊ NAG၊ ရခိုင်ပြည်နယ်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက် အဖွဲ့ကြီးတို့ ပူးပေါင်းကာ**သဘာဝသယံဇာတ အရင်းအမြစ်များ ပူးပေါင်းစီမံခန့်ခွဲမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကြီး**ကို နေပြည်တော်ရှိ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပင်မအစည်းအဝေးခန်းမ၌ အောင်မြင်စွာကျင်းပ ပြုလုပ်ခဲ့ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဒီးယားနိုင်ငံအစိုးရကိုယ်စားလှယ်တော်များ၊ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၊ INGO၊ NGO နှင့် လူမှုအဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်များ စုစုပေါင်း (၁၄၉) ဦး တက်ရောက်၍ အရင်းအမြစ်များ ရည်ရှည်တည်တံ့စွာစီမံခန့်ခွဲမှု၊အသက်မွေးဝမ်းကြောင်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာနိုင်ငံတကာနှင့် ပြည်တွင်း အတွေ့အကြုံများကိုအပြန်အလှန်ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။ဤအလုပ်ရုံဆွေးနွေးပွဲတွင်ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှဒေသတွင်းဆိုင်ရာလက်တွေ့လုပ်ဆောင်မှုအခြေအနေများ ၊ဝန်ကြီးဌာနများအသီးသီးနှင့်ပညာရှင်များ၏ တစ်ဦးချင်းအတွေ့အကြုံများ၊ အိမ်နီးချင်းနိုင်ငံများ၏ သင်ခန်းစာများကို လေ့လာအခြေပြု၍ ပြည်ထောင်စုအဆင့် နိုင်ငံဝန်းလုံးဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာချက်မှတ်အကောင်အထည်ဖော်မှုများကို ပိုမိုထိရောက် အထောက်အကူ ဖြစ်စေရန် သက်ဆိုင်ရာ (Stakeholders) များစုပေါင်းပါဝင်လုပ်ဆောင်နိုင်မည့် ပြည်ထောင်စုအဆင့် မဟာဗျူဟာ အစီအစဉ် ရေးဆွဲမှုများကိုလည်း ပြုလုပ်နိုင်ခဲ့သည့် ထူးခြားအရေးပါလှသော အထင်ကရ အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ် ဖြစ်ပါသည်။

၄င်းအလုပ်ရုံဆွေးနွေးပွဲ၏အဓိကရည်ရွယ်ချက်များမှာ-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရေနှင့်အခြားသောသဘာဝသယံဇာတအရင်းအမြစ်များကို တသားတည်း ပူးပေါင်းစီမံဆောင်ရွက်မှု၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာဖန်တီးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချမှု ဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ပြီးပြည်တွင်းနှင့်နိုင်ငံတကာအတွေ့အကြုံသင်ခန်းစာ များကိုလေ့လာဖလှယ် ဆည်းပူးနိုင်ရန်။
- ၄င်းအစီအစဉ်များကိုလက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်လျှက်ရှိသောရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေကြီး တို့၏ အတွေ့အကြုံ၊လေ့လာတွေ့ရှိချက်များနှင့် သင်ခန်းစာများကို ဖလှယ်နိုင်ရန်။
- သဘာဝသယံဇာတအရင်းအမြစ်များကိုပူးပေါင်းစီမံဆောင်ရွက်မှု၊အသက်မွေးဝမ်းကျောင်းတိုးတက်ရေး၊ကျေးလက်ဒေသဖွံ့ ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများကိုသက်ဆိုင်ရာကဏ္ဍအသီးသီးမှအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ (Stake holders)များပူးပေါင်း၍ပိုမိုထိရောက်အောင်မြင်စွာအကောင်အထည်ဖော်လုပ်ဆောင်နိုင်မည့်ပြည်ထောင်စုအဆင့် အစီအစဉ်များရေးဆွဲချမှတ်နိုင်ရန် တို့ဖြစ်ပါသည်။

**နောက်ခံအကျဉ်း**

မြန်မာနိုင်ငံ၏ငါးလုပ်ငန်းတန်ဖိုးသည်၁၉၉၅ခုနှစ်မှသိသာထင်ရှားစွာတိုးတက်လာခဲ့ရာ၂၀၁၀ခုနှစ်တွင်အမေရိကန်ဒေါ်လာသန်း၄၉၆ သန်းအထိရောက်ရှိခဲ့သည်။ နောက်ပိုင်းကာလများတွင်ကျပ်ငွေတန်ဖိုးကျဆင်းလာခြင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုနည်းပါးခြင်း ငါးအထိအမိကျဆင်းလာခြင်းနှင့်မွေးမြူရရှိသောငါးပုစွန်များအရည်အသွေးကျဆင်းလာခြင်းကြောင့်ငါးလုပ်ငန်းဝင်ငွေကျဆင်းလာခဲ့ သည်။ ရခိုင်ပြည်နယ်သည်ရေလုပ်ငန်း၊စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအပေါ်တွင်အဓိကမှီခိုနေသည့် ပြည်နယ်တစ်ခုဖြစ်ရာ ၎င်းကဏ္ဍများဖွံ့ဖြိုးတိုးတက်လာစေရန်သက်ဆိုင်ရာကဏ္ဍအသီးသီးမှမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍လုပ်ကိုင်နိုင်ရေးကိုပျိုး ပင်အစီအစဉ်အနေဖြင့်၂၀၁၂ခုနှစ် နှောင်းပိုင်းတွင်စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ထိုကဏ္ဍများတွင်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ရေလုပ်ငန်းစီမံခန့်ခွဲအုပ်ချုပ်ခြင်း (Fisheries Governance) ကောင်းမွန် မှသာလျှင်ရည်ရှည်တည်တံ့ဖွံ့ဖြိုးနိုင်မည်ဖြစ်သည်။ ၎င်းရေလုပ်ငန်းစီမံအုပ်ချုပ်မှုပုံနည်းစနစ်ယန္တရားများပိုမိုကောင်းမွန်လာစေ ရန်သက်ဆိုင်ရာ Stakeholdersများ၊ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်လွှတ်တော်၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအသင်း(ရခိုင်ပြည်နယ်)၊ ရခိုင်သဟာယအသင်း၊ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့(NAG)၊ ရေလုပ်ငန်းရှင်များ ၊ရေလုပ်သားများ၊ တတ်လမ်းစီမံကိန်းဆောင်ရွက်နေသောအဖွဲ့များပါဝင်သော **ရေလုပ်ငန်းဖွံ့ဖြိုး တိုးတတ်ရေးမိတ်ဖက် အဖွဲ့ကြီး** ကို ဖွဲ့စည်း၍အဓိက ရည်မှန်းချက် ၉ ရပ်ကိုချက်မှတ်ကာ စုပေါင်းဆောင်ရွက်လျှက်ရှိကြပါသည်။

**<u>အဓိကရည်မှန်းချက် ၉ ရပ်မှာ</u>**

- ရေလုပ်ငန်းနှင့်ဆက်နွယ်ဥပဒေမူဝါဒများတိုးတက်ကောင်းမွန်စေရန်
- ရေလုပ်ငန်းနှင့် ဆက်နွယ်သတင်းအချက်လက်များအား ပြည်သူများပိုမိုသိရှိစေရန်
- ရေလုပ်ငန်းဥပဒေမူဝါဒများကို ပိုမို၍လိုက်နာလိုမှုရှိလာစေရန်
- ရေလုပ်ငန်းနှင့်ဆက်နွယ် အခွန်ဘဏ္ဍာများကောက်ခံရာတွင် ပိုမို၍ပွင့်လင်းမြင်သာမှုရှိစေရန်
- ရေလုပ်ငန်းစနစ်တကျစီမံခန့်ခွဲရာတွင် ပြည်သူလူထုမှပိုမို၍ပူးပေါင်းပါဝင်လာစေရန်
- ရေလုပ်ငန်းနှင့် ဆက်နွယ်သောပဋိပက္ခများကိုလျှော့ချနိုင်စေရန်
- ရေလုပ်ငန်းဈေးကွက်ကို ပိုမို၍မြင့်တင်ပေးနိုင်ရန်
- သဘာဝအရင်းအမြစ်များကို ပိုမို၍ထိန်းသိမ်းနိုင်စေရန်
- အစားထိုး အသက်မွေးဝမ်းကျောင်း ဖန်တီးပေးနိုင်ရန် တို့ဖြစ်သည်။

ရခိုင်ပြည်နယ်၏ ရေလုပ်ငန်းစီမံအုပ်ချုပ်ပုံ (Fishseries Governance) ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရာတွင် ရေလုပ်ငန်း အခန်းကဏ္ဍ၏ စိန်ခေါ်မှုများကို ဖြေရှင်းသည့်အခါတွင် ပြည်နယ်တစ်ခု၊ တိုင်းဒေသကြီး တစ်ခုချင်းစီမှ ဆောင်ရွက်ရန် မလုံလောက်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးနှင့်လည်း ဒေသဆိုင်ရာအတွေ့အကြုံများကို လေ့လာဖလှယ်၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကို ရေးဆွဲရေးနှင့်လက်တွေ့ ရေလုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်နိုင်ငံတကာ လေ့လာရေးခရီးစဉ်များကိုလည်း ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ ထိုင်းနှင့် ကမ္ဘောဒီးယား နိုင်ငံများသို့သွားရောက်သည့် လေ့လာရေးခရီးစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ လွှတ်တော်ဒုဥက္ကဌနှင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးအပါအဝင် ရခိုင်ပြည်နယ်မှ ပြည်နယ်လွှတ်တော် ဒုဥက္ကဌ ဦးဆောင်ပြီး လွှတ်တော်ဥပဒေပြုရေးကော်မတီအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများပါဝင်၍ ၎င်းနိုင်ငံများ၏ ရေလုပ်ငန်းဥပဒေ၊ မူဝါဒများ ရေးဆွဲပုံ၊ ကျေးလက်လူထုပါဝင်သော ရေလုပ်ငန်းစုပေါင်းစီမံခန့်ခွဲပုံ၊ပိုမို၍ကောင်းမွန်သော ငါးပုစွန်မွေးမြူရေးစနစ်များကို သွားရောက်လေ့လာခဲ့ကြပါသည်။ ရရှိလာသောအတွေ့အကြုံ သင်ခန်းစာများနှင့် ဧရာဝတီတိုင်းဒေသကြီး၌ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့(NAG) အဖွဲ့မှဆောင်ရွက်နေသော ရေလုပ်ငန်းစုပေါင်းစီမံခန့်ခွဲသောစနစ် (Co-Management

Fishseries) အတွေ့အကြုံများကို အခြေပြု၍ လက်တွေ့ကျင့်သုံးအတူတကွပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ၄င်းပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ အစားထိုးအသက်မွေးဝမ်းကျောင်း ဖန်တီးခြင်း၊ သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာတန်ဖိုးရှိသည့် အတွေ့အကြုံများကိုဖလှယ်ရန်နှင့် ပြည်ထောင်စုအဆင့်မှ လုပ်ဆောင်နေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေး စသည်လုပ်ဆောင်နေမှုများအပေါ် အထောက်အကူဖြစ်စေနိုင်ရေးအတွက် ပူးပေါင်းအစီအစဉ်ရေးဆွဲရန်ရည်ရွယ်၍မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှကြီးမှူး၍ပိုုးပင်အစီအစဉ်၊ ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့(NAG)အဖွဲ့တို့နှင့် ပူးပေါင်းကာသဘာဝအရင်းအမြစ်များစု ပေါင်းစီမံခန့်ခွဲမှုနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကြီးတစ်ခုကို ၂၀၁၄ ဒီဇင်ဘာ ၁၈ရက်နေ့တွင် နေပြည်တော်ရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ခဲ့ပါသည်။

**<u>တစ်ဦးချင်းတင်ပြဆွေးနွေးမှုများ</u>**

သဘာဝသယံဇာတ အရင်းအမြစ်များ စုပေါင်းစီမံခန့်ခွဲခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြသူများမှ အောက်ဖော်ပြပါအတိုင်း တစ်ဦးချင်းအသီးသီးတင်ပြဆွေးနွေးခဲ့ကြပါသည်။

| တင်ပြဆွေးနွေးသူ | အကြောင်းအရာ |
|---|---|
| ဒု - ဂန်ကြီး<br>ဦးခင်မောင်အေး<br>မွေးမြူရေး၊<br>ရေလုပ်ငန်းနှင့်<br>ကျေးလက်ဒေသ<br>ဖွံ့ဖြိုးရေး ဂန်ကြီးဌာန | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်စားဂတ်နေရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို တာဂန်ယူဆောင်ရွက်ရပါတယ်၊ နိုင်ငံတော်၏ဆင်းရဲမွဲတေမှုလျော့ချရေး ကဏ္ဍတွင်လည်း ပါဂင်ဆောင်ရွက်ပါတယ်၊ RDF ကို တည်ဆောက်ပြီး INGO, NGO, CSO တွေနဲ့ မဟာဗျူဟာကို တည်ဆောက်ပါတယ်၊ ကျွန်တော်တို့နိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံမှုနဲ့ ဆင်းရဲမွဲတေမှုလျှော့ကျရေးက အလွန်ရေးကြီးပါတယ်၊ ငါးသယံဇာတထုတ်လုပ်ရေးနဲ့ စားဂတ်နေရေး ဖူလုံမှုအချိုးညီပါတယ်၊ ရေလုပ်ငန်းမှာ လုံလောက်မှုရှိစွာဖြင့် ထုတ်လုပ်နိုင်ရေးဟာစားသောက်ဖို့တင် မဟုတ်ဘဲ အနာဂတ်မျိုးဆက်တွေအတွက်ပါ ထည့်သွင်း စဉ်းစားရမှာပါ၊ လက်ရှိတွင် လူဦးရေ တိုးပွားမှုနဲ့ ရာသီဥတုဖေါက်ပြန်မှုကြောင့်ငါးတွေဟာ တဖြည်းဖြည်းလျှော့နည်းလာပါတယ်၊ နာဂစ်မုန်တိုင်းကြောင့် ဒေသတွင်းလူတွေအတွက် ငွေတွေ ပံ့ပိုးပေးရပါတယ်၊ အဲဒီဒေသရဲ့ လူတွေရဲ့လိုအပ်ချက်နဲ့ ရပ်တည်ဖို့အတွက် ငါးတွေကို အလေးထားထုတ်ယူခြင်း၊ သဘာဂဘေးဒဏ်သင့်ခြင်းတို့ကြောင့် ရေလုပ်ငန်းက ထိပါးလာပါတယ်၊ အဲဒါကြောင့် လူတွေရဲ့ အသိပညာတိုးပွားဖို့အတွက် ပညာပေး အစီအစဉ်တွေ လုပ်ဆောင်သင့်ပါတယ်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် အကျိုးရှိစွာဖြင့် အသိဉာဏ်ကွာဟမှုကို တိုးမြှင့်ပေးပြီး ရေသယံဇာတထိန်းသိမ်းခြင်း လုပ်ငန်းရပ်တွေကို မြှင့်တင်ပေးသင့်ပါတယ်၊ ရေလုပ်ငန်းလုပ်ကိုင်သူတွေဟာ သဘာဂဘေးဒဏ်ကို အလွယ်တကူခံစားရတဲ့ လူတွေဖြစ်ပါတယ်၊ အစိုးရနဲ့ မိတ်ဖက်အဖွဲ့တွေပူးပေါင်းကာ သူတို့ရဲ့ လူမှုစီးပွားရေးလုပ်ငန်းတွေကို ပူးပေါင်းထောက်ပံ့သင့်ပါတယ်၊ World Bank, ADB, နဲ့ အစိုးရမှဆောင်ရွက်နေတဲ့လုပ်တဲ့ စီမံကိန်းတွေက အဲဒီလူတွေရဲ့ အခြေခံလူနေမှုဘဂ မြင့်မားစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်ပေါက်လာစေရန်ဖြစ်တဲ့ ရည်ရွယ်ချက်ခြင်း အတူတူပါပဲ၊ အခြား မိတ်ဖက်အဖွဲ့တွေဖြစ်တဲ့ Daniel နဲ့ အခြား အဖွဲ့တွေရဲ့ ပညာရှင်တွေပြုလုပ်တဲ့ မိုးစပါးစိုက်ပျိုးခြင်းနဲ့ပတ်သက်တဲ့ Survey တွေပြုလုပ်ခဲ့ပါတယ်၊ အဲဒါတွေရဲ့ ထွက်ပေါ်မှုအရ မြန်မာနိုင်ငံမှာ အလွန်အကျံ့ငါးဖမ်းခြင်းတွေ လုပ်နေတာကို တွေ့ရပါတယ်၊ ပင်လယ်ငါးဖမ်းလုပ်ငန်းမှာ ငါးရရှိမှုနှုန်း ယခင်က ၉၀%မှ ၁၆% အထိ ထိုးကျသွားတာကို တွေ့ရပါတယ်။ ဒါဟာ တော်တော်တုန်လှုပ်စရာ ဖြစ်ပါတယ်၊ အဲဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ ရေသယံ ဇာတကို |

| | |
|---|---|
| | ထိန်းသိမ်းဖို့ လိုအပ်လာပြီဆိုတာကို တွေ့ရပါသည်။<br>ယခုကဲ့သို့ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရေလုပ်ငန်းမိတ်ဖက်အဖွဲ့များ၊ NGO များချိတ်ဆက်၍အတွေ့အကြုံများကို ဖလှယ်ကာရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက်ဆောင်ရွက်လျှက်ရှိသည်ကိုများစွာဝမ်းသာကြိုဆိုပါတယ်၊ရှေ့ဆက်ပြီးတော့လည်း ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ ပိုမိုပူးပေါင်းဆောင်ရွတ်နိုင်စေရန် ပြည်ထောင်စုအဆင့်နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။<br>ယခုကျင်းပသောပြည်ထောင်စုအဆင့်သဘာဝအရင်းအမြစ်များစုပေါင်းစီမံခန့်ခွဲမှုနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲမှရလဒ်ကောင်းများထွက်ပေါ်လာလိမ့်မည်ဟုမျှော်လင့်ပြီးအဆိုပါရလဒ်ကောင်းများအပေါ်အခြေခံ၍ ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ရေးဆွဲအကောင်အထည်ဖေါ်နိုင်မည်ဟုယူဆပါသည်။<br>ဆက်လက်ပြီးတော့လည်း ဒေသခံပြည်သူတွေနဲ့ပါဝင်ပတ်သက်နေတဲ့လူတွေကို အသိပညာတွေပေးဖို့ လိုအပ်ပါသည်။ဌာနေမှာရှိတဲ့ငါးမျိုးတွေဟာအရမ်းကိုရှားပါးပြီးတန်ဖိုးရှိတဲ့ငါးတွေပါ၊အဲဒီငါးမျိုးတွေကိုဘယ်လိုထိန်းရမလဲဆိုတာကို လုပ်ဆောင်ရပါမယ်၊ ကမ္ဘောဒီးယားနိုင်ငံက ကြွရောက်လာတဲ့ လူကြီးမင်းများနဲ့ တက်ရောက်လာတဲ့လူကြီးမင်းများကိုလည်းအများကြီးကျေးဇူးတင်ကြောင်း ပြောကြားချင်ပါတယ်၊ အစိုးရအနေနဲ့ လူကြီးမင်းများနဲ့အတူ ရှေ့ဆက်လုပ်ဆောင်ဖို့ ကြိုဆိုကြောင်း ပြောကြားခဲ့ပါသည်။ |
| ဒေါက်တာယဉ်ယဉ်မိုး ဒု - ညွှန်ကြားရေးမှူး ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန - | အသက်မွေးဝမ်းကြောင်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာအနှစ်ချုပ်အောင်မြင်မှုနှင့်စိန်ခေါ်မှုများ Vision အနေနဲ့ကျေးလက်ဒေသရေရှည်တည်တံ့တဲ့လုပ်ငန်းတွေလုပ်ဖို့အတွက် လူမှုရေးစီးပွားရေးနဲ့ပတ်သက်တဲ့လုပ်ငန်းများဆောင်ရွက်ခြင်း၊ကျေးလက်နှင့်မြို့ပြအကြားကွာဟချက်များကိုလျော့ကျစေခြင်းဖြစ်ပါတယ်၊<br><br>Mission အနေနဲ့ -စားနပ်ရိက္ခာဖူလုံရေးနဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ရေရှည်တည်တန့်အောင်အကောင်အထည်ဖေါ်ဆောင်ရွက်ရေးဖြစ်ပါတယ်။<br><br>တာဝန်တွေအနေနဲ့ကတော့ -<br><br>• ငါးအရင်းအမြစ်တွေကိုထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ပြန်လည်ထူထောင်ရေး<br>• သုတေသနလုပ်ငန်းတွေကိုမြှင့်တင်လုပ်ဆာင်ခြင်း<br>• ရေလုပ်ငန်းအခြေအနေများနှင့်အချက်အလက်များကိုစုဆောင်းခြင်း<br>• ဝန်ဆောင်မှုများပေးခြင်း (လူ့စွမ်းအားအရင်းအမြစ်နှင့်စွမ်းဆောင်ရည်မြှင့်တင်ခြင်း)<br>• ရေလုပ်ငန်းကဏ္ဍအားဦးဆောင်ကြီးကြပ်ခြင်း<br>• ရေသယံဇာတများအားရေရှည်တည်တံ့စေရန်ထိန်းသိမ်းခြင်း - တို့ဖြစ်ပါတယ်<br><br>မြန်မာနိုင်ငံတွင်ရှိသောငါးသယံဇာတစီမံခန့်ခွဲခြင်းနှင့်မွေးမြူရေးအရင်းအမြစ်ဆိုင်ရာထိန်းသိမ်းစောင့်ရှောက်ခြင်း၊ကုန်းတွင်းရေသယံဇာတရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်စုပေါင်းစီမံခန့်ခွဲခြင်းနဲ့ပတ်သက်ပြီးတော့လိုင်စင်များချပေးခြင်းနှင့်စစ်ဆေးခြင်း၊ငါးဖမ်းရာမှာအသုံးပြုတဲ့ပစ္စည်းတွေကိုသတ်မှတ်ထားပါတယ်၊ ကန့်သတ်ရာသီတွေလည်းပြုလုပ်ထားပါတယ်၊ကန့်သတ်ငါးဖမ်းနည်းတွေကိုသတ်မှတ်ထားပါတယ်၊ မေ - ဇူလိုင်လ ဖြစ်ပါတယ်၊ ရေလုပ်သားတွေကိုလည်းအသိပညာတွေပေးပါတယ်၊ ရာသီအလိုက်ငါးမျိုးစေ့တွေကိုမဖမ်းဖို့ပိတ်ပင်ထားတာရှိပါတယ်။ ဌာနအနေနဲ့ပြည်နယ်နဲ့တိုင်းဒေသအတွင်းမှာ ငါးထိန်းသိမ်းရေးဇုံ၂၈ခုသတ်မှတ်ထားပြီးငါးမျိုးစိတ်၈မျိုးကို ကာကွယ်ထိန်းသိမ်းလျက်ရှိပါတယ်။ |

| | |
|---|---|
| | တနင်္သာရီမှာ ၅၆၅ကေမှာ ငါးမဖမ်းရဇုံရှိပါတယ်၊ မွန်မှာ၇၉၀၀ ပေ၊ ရခိုင်မှာ၁၁၄၈.၄၈ကေ၊ ဧရာဝတီမှာ၄၀၀ကေ ပြုလုပ်ထားတာရှိပါတယ်၊ ကျောက်ပုဇွန်ထိန်းသိမ်းခြင်းနဲ့ပတ်သက်ပြီး မွန်ပြည်နယ်ဘက်မှာ၆၉၆.၉၆ကေမှာ ဆောင်ရွက်ထားပါတယ်။<br><br>ပင်လယ်ငါးဖမ်းလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ထိန်းသိမ်းမှုတွေကိုတိုင်းတာပြရမယ်ဆိုရင် ဥပဒေများ ချမှတ်ခြင်း၊ ကြီးကြပ်စစ်ဆေးခြင်း၊ ဥပဒေများအသက်ဝင်လာအောင် ဆောင်ရွက်ခြင်းတွေ ပြုလုပ်ပါတယ်၊ အဲဒီလုပ်ငန်းမှာ၂၀၁၄မှာ - April မှ May လအတွင်းမှာငါးမဖမ်းရရာ သီအဖြစ်ပိတ်ပင် ထားပါတယ်၊ ဒ့ါအပြင်ပိုက်ကွက်ကိုငါးအတွက်၂လက်မနဲ့ပုဇွန်အတွက်၁.၅လက်မအောက်အသုံးပြုခြင်းမပြုရန်သတ်မှတ်ထားပါတယ်၊ကက္ကူရုံမျှောပိုက် တွေအနေနဲ့၄လက်မအောက်ခွင့်မပြုပါဘူး၊ ဒ့ါအပြင်မိုင်းခွဲခြင်း၊ ရှော့တိုက်ခြင်း၊ ဓါတုဆေးအသုံးပြုခြင်းတွေကိုကန့်သတ်တားမြစ်ထားပါတယ်၊ တားမြစ်ထားတဲ့ငါးဖမ်းကိရိယာကတွေကတော့တရွတ်ဆွဲပိုက်၊စက်တပ်ရင်တွန်း၊တရွတ်ဆွဲခြင်းတို့ဖြစ်ပါတယ်၊ ငါးဖမ်းကိရိယာတွေနဲ့ ပတ်သက်ပြီးထိန်းချုပ်မှုတွေရှိပါတယ်၊ဥတွေပါနေတဲ့ပုဇွန်တွေကိုဖမ်းခွင့်မပေးပါဘူး။<br><br>ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးတွေကိုလည်း WCS နဲ့ပူးပေါင်းလုပ်ဆောင်ပါတယ်၊ဒ့ါအပြင် Dugong Conservation (ရေဝက်ထိန်းသိမ်းခြင်း) နဲ့ပတ်သက်ပြီး GEF နဲ့ပူးပေါင်းလုပ်ဆောင်ဖို့အတွက်၂၀၀၇နှစ်မှာ MOU လက်မှတ်ထိုးခဲ့ပါတယ်၊ ပင်လယ်လိပ် စောင့်ရှောက်ခြင်းနဲ့သားပေါက်လေးတွေကိုပင်လယ်အတွင်းလွှတ်ပေးခြင်းတစ်နည်းအားဖြင့်လိပ်သယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းကိုလည်းပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုနဲ့ Public awareness (လူထုအသိပညာပေးလုပ်ငန်း)လုပ်ဆောင်ခဲ့ပါတယ်။ရေဝက်နဲ့ပင်လယ်မြက်တွေကိုဘယ်လိုသုတေသနလုပ်မလဲဆိုတာကို လုပ်ဆောင်ပါတယ်၊ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကျေးလက်ဒေသခံတွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်ပါတယ်၊ ရေဝက်၊လင်းပိုင်၊ ပင်လယ်လိပ်စသည့် မျိုးစိတ်တွေကိုထိန်းသိမ်းထားပြီး အဆိုပါမျိုးစိတ်များကိုဖမ်းဆီးခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်းများမပြုလုပ်ရန်အတွက် ပိတ်ပင်ထားပါတယ်၊ မြန်မာ့ရေပြင်မှာ ရေနေသယံဇာတတည်ရှိမှုတိုင်းတာခြင်းကို IMR NORAD ရဲ့အကူအညီနဲ့ FAO အဖွဲ့နဲ့ပူးပေါင်းပြီးလုပ်ဆောင်ခဲ့ပါတယ်။<br><br>ရေနေသယံဇာတလက်ရှိပေါကြွယ်မှုတိုင်းတာခြင်းလုပ်ငန်းကိုမြန်မာနိုင်ငံမှာ၂၀၁၃နိုဝင်ဘာနင့်ဒီဇင်ဘာလမှာလုပ်ဆောင်ခဲ့ပါတယ်၊ရခိုင်မှာ၄၁ နေရာ၊ဧရာဝတီ၅၈၊တနင်္သာရီမှာ၄၆ နေရာမှာလုပ်ဆောင်ခဲ့ပါတယ်။<br><br>မြန်မာနိုင်ငံအနေဖြင့်မကြာခင်အချိန်ကအရှေ့အာရှထိပ်သီး၊လမ်းကြောင်း (၂) လေ့လာရေးအဖွဲ့ရဲ့ စားနပ်ရိက္ခာလုံခြုံမှုတိုးတက်စေရန်ရေရှည်ငါးလုပ်ငန်းစီမံခန့်ခွဲမှုနှင့်အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာဒုတိယအကြိမ်အစည်းအဝေးကိုအိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခဲ့ပြီးအဲဒီအစည်းအဝေးမှာငါးလုပ်ငန်းကိုရေရှည်တည်တံ့အောင်ဒေသတွင်း၌ဘယ်လိုအစီအမံတွေချပြီးလုပ်မလဲဆိုတာကိုတင်ပြခဲ့ပါတယ်၊ ပထမအကြိမ်အစည်းအဝေးကို၂၀၁၃ဒီဇင်ဘာမှာဘရူနိုင်းနိုင်ငံတွင်လည်းကောင်း၊ တတိယအကြိမ်အစည်းအဝေးကိုတိုကျိုမှာလည်းကောင်းကျင်းပခဲ့ပါတယ်၊ East Asia Summit အစည်းအဝေးက အကြံပြုတင်ပြထားတာဖြစ်ပါတယ်၊သဘာဝအရင်းအဖြစ်တွေငါးသယံဇာတတွေကိုဘယ်လိုထိန်းသိမ်းမလဲ၊ မြန်မာနိုင်ငံမှာရှိတဲ့ဒေသအလိုက်ကြီးကြပ်ပြီးလုပ်ဆောင်နေပါတယ်၊ ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ငါးလုပ်ငန်းစီမံခန့်ခွဲမှုများနဲ့ပက်သက်ပြီးရေရှည်တည်တံ့စေမယ့်ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကိုငါးလုပ်ငန်းနဲ့ပတ်သက်တဲ့စီမံခန့်ခွဲမှုတွေကိုတင်ပြရမယ်ဆိုရင် JTED နဲ့ပူးပေါင်းပြီး ငါးသားပေါက်တွေကိုဘယ်လိုကာကွယ်မလဲ၊ဘယ်လိုကြီးပြင်းအောင်လုပ်ဆောင်မလဲဆိုတာကို၂၀၁၄နဲ့ ၂၀၁၅မှာ လုပ်ဆောင် |

<table>
<tr><td></td><td>ပါတယ်၊ ငါးဖမ်းကိရိယာတွေကို ဘယ်လိုသုံးရမလဲဆိုတာကိုလဲဆွေးနွေးခဲ့ကြပါတယ်၊ ပိုက်ဆိုဒ်တွေနဲ့ပတ်သက်ပြီးတော့အသိပညာပေးလုပ်ငန်းတွေကိုလုပ်ဆောင်ခဲ့ပါတယ်၊ ငါးဦးစီးဌာနအနေနဲ့ ကဏန်းမြုံးပုံစံနှင့်မြုံးပိုက်ဆိုဒ်လေ့လာခြင်းကို FAO ရဲအကူအညီနဲ့ လုပ်ဆောင်ခဲ့ပါတယ်၊အဲဒီလေ့လာမှုအရ 100 cm အောက်ကျဉ်းတဲ့ဆိုဒ်နဲ့အသုံးပြုမယ်ဆိုရင်အကောင်သေးများအတွက်လွတ်နိုင်ခြေနည်းခြင်းကြောင့်အသုံးမပြုသင့်ကြောင်းသတ်မှတ်ခဲပါတယ်။ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးနဲ့ဆင်းရဲမွဲတေမှုလျော့ချရေးလုပ်ငန်းကို SEAFDEC နဲ့ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်၊ အဲဒီလိုလုပ်ဆောင်တဲ့နေရာမှာအောက်ပါနယ်ပယ် (၄) ရပ်နဲ့ပက်သက်ပြီးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေဖို့သင်တန်းများပို့ချပေးခဲ့တာဖြစ်ပါတယ်၊<br><br>• ငါးဖမ်းခြင်းနည်းပညာများအပေါ်တွင်တာဝန်ယူဆောင်ရွက်ခြင်း<br>• ကျေးလက်ဒေသငါးမွေးမြူရေး<br>• Post-harvest Technology ( ပြုပြင်မွမ်းမံခြင်းနည်းပညာများ)<br>• ကုန်းတွင်းငါးဖမ်းလုပ်ငန်းတိုးမြင့်ခြင်းစတဲ့အချက်တွေကိုဦးတည်လုပ်ဆောင်သွားပါတယ်။ ရေချိုငါးဖမ်းလုပ်ငန်းတို့ဖြစ်ပါတယ်၊<br><br>ပင်လယ်သယံဇာတအရင်းအမြစ်လျော့ကျခြင်းအားထိန်းသိမ်းရန်အတွက်ရခိုင်နဲ့ဧရာဝတီမှာပိုက်ကွက်များနှင့်တရွတ်ဆွဲပိုက်အိတ်ပိုက်ကွက်များလေ့လာခြင်းဆိုင်ရာစမ်းသပ်စီမံကိန်းတွေကို၂၀၁၀မှာစတင်လုပ်ဆောင်ခဲ့ပါတယ်၊သုတေသနရလဒ်အရငါး၂လက်မနဲ့ပုဇွန်ကို၁.၅လက်မချမှတ်နိုင်တာတွေ့ရပါတယ်။ ငါးတွေကိုဘယ်လိုထိန်းသိမ်းမလဲဆိုတာကိုပြောပြခဲ့ပါတယ်၊ ရန်ကုန်တိုင်းတွံ့တေးမြို့နယ်မှာ အသေးစားငါးဖမ်းလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ Awareness လုပ်ငန်းတွေကိုလုပ်ကိုင်ခဲ့ပါတယ်၊ ငါးပေါက်လေးတွေကိုလယ်ကွင်းတွေထဲမှာဘယ်လိုထိန်းသိမ်းမွေးမြူမလဲဆိုတာကိုရှင်းလင်းခဲ့ပါတယ်၊ ဧရာဝတီတိုင်းတွင်ရေလုပ်သားများအတွက် ပိုက်များလှူဒါန်းပေးခဲ့ပါတယ်၊ တိုက်ကြီးမြို့နယ်မူလတန်းကျောင်းမှာရေသယံဇာတထိန်းသိမ်း ခြင်းနဲ့ပတ်သက်တဲ့စာအုပ်တွေကို ပေးဝေခဲ့ပါတယ်၊ လူထုအသိပညာပေးလုပ်ငန်းတွေကိုအဖျောက်၊ တွံ့တေး၊ ပဲခူးဒေများတွင်လုပ်ဆောင်ခဲ့ပါတယ်။ သယံဇာတထိန်းသိမ်းခြင်းဆိုင်ရာအဖွဲ့အားတွံ့တေးမြို့နယ်ရှိအလယ် ချောင်ကျေးရွာတွင်ဖွဲ့စည်းပေးခဲ့ပါသည်။ အရင်းအမြစ်တွေကိုဘယ်လိုထိန်းသိမ်းရမလဲဆိုတာကိုဆက်လက်လုပ်ဆောင်သွားဖို့ရှိပါတယ်။အဲဒီထိန်းသိမ်းခြင်းလုပ်ငန်းစဉ်တွေဟာတကယ်ကိုပဲဆက်ပြီးလုပ်ဆောင်သွားဖို့လိုအပ်ပါတယ်၊အသိပညာတွေနဲ့ အရမ်းကိုရှုပ်ထွေးတဲ့ကဏ္ဍတွေရှိပါတယ်၊အခြားဌာနတွေနဲ့ပူးပေါင်းလုပ်ဆောင်ရမှာတွေရှိပါတယ်၊ငါးလုပ်ငန်းလုပ်ဆောင်နေတဲ့လူ့အဖွဲ့အစည်းတွေအနေနဲ့ထောက်ပံ့မှုတွေလုပ်ဆောင်ပေးဖို့လိုပါတယ်၊ ဒါဟာစိန်ခေါ်မှုတစ်ခုပါ၊ တားမြစ်ထားတဲ့ငါးဖမ်းကိရိယာတွေနဲ့ပတ်သက်ပြီးဥပဒေတွေအသက်ဝင်ဖို့လုပ်ဆောင်ရပါမယ်၊ အဲဒါတွေကိုကုန်သွယ်မှုတွေနဲ့ပတ်သက်ပြီးတော့ထိန်းသိမ်းရမယ်၊စစ်ဆေးရပါမယ်၊ အဲဒါတွေနဲ့ပတ်သက်ပြီး ဘယ်လိုတိုးတက်ကောင်းမွန်အောင်လုပ်ကြမလဲဆိုတာဆွေးနွေးကြရမှာဖြစ်ပါတယ်၊<br>မြန်မာအစိုးရအနေနဲ့ရေရှည်စီမံကိန်းအနေနဲ့လုပ်ဆောင်လျက်ရှိပါတယ်၊ ဌာနအနေနဲ့အရမ်းကိုအရေးပါတဲ့အခန်းမှာပါတဲ့ဌာနဖြစ်ပါတယ်၊အနာဂတ်မှာရေလုပ်ငန်းနဲ့ပတ်သက်တဲ့အရင်းအမြစ်တွေကိုထိန်းသိမ်းခြင်းဖြင့်ဆင်းရဲမှုကိုလျော့ကျနိုင်မှာဖြစ်ပါကြောင်းတင်ပြဆွေးနွေးခဲ့ပါသည်။</td></tr>
<tr><td>ဦးခန့်ဇော်<br>ဒုတိယ<br>ညွှန်ကြားရေးမှူးချုပ်<br>(ကျေးလက်ဒေသ</td><td>နောက်ခံအကြောင်းအရင်း<br>• နိုင်ငံရေး/စီးပွားရေး/လူမှုရေး ပြုပြင်ပြောင်းလဲမှုများ<br>• ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေး<br>• ဗဟိုချုပ်ကိုင်မှု ဖြေလျော့ပေးမှုများ</td></tr>
</table>

| | |
|---|---|
| ဖွံ့ဖြိုးရေးဌာန) | • ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစီမံချက်များ<br>• နယ်ပယ်အလိုက် လုပ်ငန်းအဖွဲ့များ<br>• နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ<br>(အစိုးရ ဘတ်ဂျက်၊ နိုင်ငံတကာ အဖွဲ့များမှ ကူညီပံ့ပိုးမှုများနှင့် ချေးငွေများ)<br>**နိုင်ငံတော်၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်**<br>• ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုကို ၁၆% အထိ လျှော့ချရန်<br>**မဟာဗျူဟာမူဘောင်ရည်မှန်းချက်**<br>• အဆင်းရဲဆုံးဒေသရှိ ပြည်သူများအား ပြည်သူ့အခြေပြု၊ သာတူညီမျှ ရှိမှုနှင့် အများပူးပေါင်းပါဝင်နိုင်သော အခြေခံအဆောက်အအုံများကို တည်ဆောက်၍ ဆင်းရဲမှုလျှော့ချရန် ရည်မှန်းပါသည်။<br>**ဦးတည်ချက်**<br>- တိုက်ရိုက်လူဦးရေ တစ်သန်းခန့်<br>- သွယ်ဝိုက်လူဦးရေ သုံးသန်းခန့်<br>**ဖြတ်သန်းခဲ့သော လုပ်ငန်းစဉ်များ**<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်တွင်ထည့်သွင်းဖွဲ့စည်းပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်း<br>• MPC တွင် Stakeholders များနှင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပ<br>• ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် ရေးဆွဲရေးအဖွဲ့ ဖွဲ့စည်း<br>• မဟာဗျူဟာမူဘောင်ရေးဆွဲရေးအဖွဲ့ အစည်းအဝေးများ ကျင်းပ<br>• မဟာဗျူဟာမူကြမ်း ရေးဆွဲတင်ပြခြင်း<br>• ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးပွဲများကျင်းပ (နေပြည်တော်)<br>• ပညာရပ်ဆိုင်ရာ ရှုထောင့်မှ အကြံဉာဏ်ရယူခြင်း<br>• ပြည်တွင်းနှင့် နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့များနှင့် ဆွေးနွေးပွဲ ကျင်းပခြင်း<br><br>အမျိုးသားအဆင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်အလုပ်ရုံဆွေးနွေးပွဲ<br><br>၂၀၁၃ ခုနှစ်၊နိုဝင်ဘာလ(၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့်အမျိုးသားအဆင့်ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်အလုပ်ရုံဆွေးနွေးပွဲတွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်အားအတည်ပြုခဲ့ပါသည်။<br><br>**ဆင်းရဲနွမ်းပါးရသည့် အကြောင်းတရားများ**<br>• အခွင့်အရေး ရရှိမှု နည်းပါးခြင်း<br>• အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း<br>• မညီမျှမှုများ ဖြစ်ပေါ်နေခြင်း |

- ထိခိုက်လွယ်မှု ဖြစ်ခြင်း
- ဖယ်ကျဉ်ထားခြင်း ခံရခြင်း
- မလုံခြုံခြင်း စည်သည့် အကြောင်းအရင်းများကြောင့် ဖြစ်ပါတယ်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးမူဘောင်**

အဲဒီမူဘောင်မှာ အချက် (၅) ချက်နဲ့ တည်ဆောက်ထားပါတယ်၊ အဲဒါတွေကတော့ -

- ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၊
- ရေရှည်ဘဏ္ဍာရေးထောက်ပံ့မှု၊
- ကောင်းမွန်သော အုပ်ချုပ်မှု ဖော်ဆောင်ခြင်း၊
- ပူးပေါင်းဆောင်ရွက်မှု ရလာဒ်များ တိုးပွားရေးမဟာဗျူဟာ
- မဟာဗျူဟာ ဦးတည်ချက်တို့နဲ့ ဂန်းရုံထားပြီး အပြန်အလှန် ချိတ်နွယ်လျှက် ရှိပါတယ်။

**ဦးစားပေးရွေးချယ်၍ ဘက်ပေါင်းစုံ ထိရောက်စွာအကောင်အထည် ဖော်ဆောင်ရွက်ရေး မဟာဗျူဟာ**

- ဖွံ့ဖြိုးရေးလိုအပ်ချက် မြင့်မား
- အကျိုးခံစားရမည့်သူ များပြား
- မျှတမှုရှိ (တိုင်းဒေသကြီး/ပြည်နယ်)
- လက်တွေ့ဆောင်ရွက်နိုင်မှု
- မြင်သာမှုနှင့် ဆင့်ပွားနိုင်မှု

**ကျေးလက်ဆင်းရဲနွမ်းပါးမှု လျော့ချရေးမဟာဗျူဟာနှင့် ကျေးရွာကိုယ်အားကိုယ်ကိုး ဖွံ့ဖြိုးရေးစီမံချက် ဖော်ထုတ်ခြင်းဆိုင်ရာ အခြေခံမူဘောင်**

- ပြည်သူများမှ တိုက်ရိုက်ရေးဆွဲ အကောင်အထည်ဖော်သည့် ကိုယ်အားကိုယ်ကိုး ကျေးလက်ဖွံ့ဖြိုးရေး စီမံချက်
- ကျေးလက်အထောက်အကူပြု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဒေသန္တရ စီမံကိန်းရေးဆွဲခြင်း

အဆိုပါ မူဘောင်အား စွမ်းရည်ပြည့်ဝရန်အတွက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တွေနဲ့ တိုင်းတာရမည့် အခြေအနေတွေကတော့ -

- လူမှုစီးပွားရေး အခြေခံ အဆောက်အဦးများ တိုးတက်စေခြင်း၊
- မတည်ရင်းနှီးငွေများ တိုးပွားစေခြင်း
- လူမှုဘဝ အကာအကွယ်မဲ့မှုနှင့် ဆုံးရှုံးနိုင်မှု လျှော့ချခြင်း
- ဂင်ငွေတိုး အခွင့်အလမ်းများ တိုးပွားစေခြင်း
- လူမှု ဖူလုံသက်သာစေရေး နည်းလမ်းဖြင့် ကုန်ကျငွေ နည်းပါးစေခြင်း

ဂင်ငွေတိုးတက် တည်ငြိမ်ရေးအတွက် ပတ်ဂန်းကျင် ထိန်းသိမ်းပေးခြင်း - စသည့် လုပ်ငန်းစဉ်များ လုပ်ဆောင် ရမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းများ လုပ်ဆောင်ခြင်းအားဖြင့် တစ်ဦးချင်း ဂင်ငွေ ၃၀-၅၀% တိုးတက်ခြင်းနှင့် အဟာရ ပြည့်ဂပြီး ကျန်းမာရေးနှင့် ညီမျှစွာ စားသောက်နေထိုင်နိုင်ခြင်းတို့ ဖြစ်တည်လာနိုင်ပါသည်။

အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း မဟာဗျူဟာ
တစ်ဦးချင်းတစ်ယောက်ခြင်းလုပ်ဆောင်ခြင်းထက် စုပေါင်းစနစ်ဖြင့် ဆောင်ရွက်ခြင်းကသာလျှင် အောင်မြင်သော အကျိုးရလာဒ်ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါတယ်။

| | |
|---|---|
| | **စဉ်ဆက်မပြတ်ဘဏ္ဍာရေးအရင်းအမြစ်များရရှိရေးမဟာဗျူဟာ**<br>အဆိုပါ ဘဏ္ဍာရေး အရင်းအမြစ်များ ရရှိစေရန်အတွက် တသီးပုဂ္ဂလိက လှူဒါန်းမှုများမှလည်းကောင်း၊ မြို့နယ် စည်ပင်သာယာရေး အခွန်များမှလည်းကောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံမှုမှလည်းကောင်း၊ နိုင်ငံ တော်မှ တိုက်ရိုက်ပံ့ပိုးခြင်းမှလည်းကောင်း၊ အစိုးရဌာနဆိုင်ရာ အသုံးစရိတ်များမှလည်းကောင်း၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများမှပူးပေါင်းထည့်ဝင်ခြင်းကြောင့်လည်းကောင်း ဖွံ့ဖြိုးရေး ရံပုံငွေများ ရရှိနိုင်ပါသည်။<br><br>**ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး မဟာဗျူဟာ**<br>• **ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ**<br>(အစိုးရဌာန+ပုဂ္ဂလိက+အလှူရှင်+အရပ်ဖက်လူမှုအဖွဲ့စည်း)<br>– ဗဟို<br>– ပြည်နယ်နှင့်တိုင်း<br>– မြို့နယ်<br>• **ညှိနှိုင်းအစည်းအဝေးများ**<br>– မိတ်ဖက်အဖွဲ့ဦးစီးဦးဆောင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး<br>– သုံးလပတ် မျက်နှာစုံညီအစည်းအဝေး<br>– Task force အစည်းအဝေး<br>– နှစ်ပတ်လည် ဖွံ့ဖြိုးရေးညီလာခံ<br>**ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးရေးစီမံအုပ်ချုပ်မှုလုပ်ငန်းစဉ် ဖွံ့ဖြိုး တိုးတက်ရေးအခြေခံကောင်းများ ချမှတ်ဆောင်ရွက်ခြင်း မဟာဗျူဟာ**<br>• တာဝန်ခံ၊တာဝန်ယူမှု အပြည့်အဝရှိခြင်း (Accountability – Genuine representation)<br>• ပွင့်လင်းမြင်သာမှုရှိခြင်း (Transparency – Rule-based Management, Public Auditing, Information & Communication)<br>• ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း (People Participation – Participatory Planning, Bi-annual development forum)<br>• ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စွမ်းရှိခြင်း (Effectiveness and Efficiency  Monitoring Indicator, Risk mitigation, Capacity building, Standardization)<br>• သာတူညီမျှမှုရှိခြင်း (Equity – Gender Sensitive Budgeting)<br>• ဥပဒေစိုးမိုးမှုရှိခြင်း (Rule of law – Legal supporting taskforce)<br>• တုန့်ပြန်ဆောင်ရွက်နိုင်စွမ်းရှိမှု (Responsiveness – Protocol with Delivery Unit and Planning Commission)<br><br>**ကျေးလက်ဒေသဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့စည်းခြင်း**<br>➢ ကျေးလက်ဒေသဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းဖွဲ့စည်းနိုင်ရန်နေ့စဉ်ထုတ်သတင်းစာများမှဖိတ်ခေါ်ခဲ့သည့် အပြင်အဖွဲ့ပေါင်း(၂၀၀)ခန့်အားအကြောင်းကြားစာများပေးပို့ခဲ့ |

- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွင်ပါဝင်သည့် အဖွဲ့များ
    - World Bank, LIFT Fund, USAID ဦးဆောင်သည့် DPs/UN (၂၈)ဖွဲ့၊
    - INGOs(၄)ဖွဲ့၊
    - NGOs/CSOs (၆)ဖွဲ့၊
    - ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊
    - ပြည်တွင်း NGOs ကိုယ်စားလှယ်များ၊
    - အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားပြုအဖွဲ့(၁)ဖွဲ့

**ရေးဆွဲရန်လျာထားသည့် လမ်းညွှန်ချက်၊လုပ်ထုံးလုပ်နည်းများ**

- ဦးစားပေးမြို့နယ်၊ကျေးရွာ နှင့် လုပ်ငန်း ရွေးချယ် သတ်မှတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်
- လူထုပူးပေါင်းဆောင်ရွက်သော ကျေးလက်စီမံကိန်း ရေးဆွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း
- ဖွံ့ဖြိုးရေး သတင်းအချက်အလက် စီမံခန့်ခွဲခြင်း နှင့် ဆင်းရဲနွမ်းပါးမှုပြ မြေပုံရေးဆွဲရေး ဆိုင်ရာ လမ်းညွှန်ချက်
- ဒေသန္တရစီမံကိန်း ရေးဆွဲခြင်းဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများ
- ဖွံ့ဖြိုးရေးစီမံချက် အဆိုပြုလွှာများ အကဲဖြတ်ခြင်း၊ စိစစ်အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
- ဖွံ့ဖြိုးရေးမျက်နှာဆုံညီတွေ့ဆုံပွဲဆိုင်ရာ ကျင်းပရေး နှင့် ကျေးရွာစီမံချက်များ ညှိနှိုင်းရေးအခြေခံမှုနှင့် လုပ်ထုံးလုပ်နည်းများ
- ဖွံ့ဖြိုးရေးလုပ်ငန်းများအထောက်အပံ့ပေး ရေးဆိုင်ရာ စံသတ်မှတ်ချက်နှင့် လမ်းညွှန်ချက်
- ငွေစာရင်းလုပ်ထုံးလုပ်နည်းလမ်းညွှန်ချက် နစ်နာဆုံးရှုံးမှုနှင့် မကြေနပ်ချက်များ တိုင်းကြားခြင်းဆိုင်ရာ တုံ့ပြန် ဆောင်ရွက်ခြင်း လမ်းညွှန်ချက်
- ပစ္စည်းဝယ်ယူရေး နှင့် တဆင့်ကန်ထရိုက် ပေးခြင်း ဆိုင်ရာ လမ်းညွှန်ချက်
- လုပ်ငန်းစစ်ဆေးခြင်းနှင့် ပြည်သူ့စာရင်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
- စီမံကိန်း အကျိုးသက်ရောက်မှု စောင့်ကြည့်စစ်ဆေးခြင်း နှင် အကဲဖြတ်သုံးသပ်ခြင်း လုပ်ထုံးလုပ်နည်း
- အစီရင်ခံစာများ ရေးဆွဲဖြန့်ဝေခြင်းဆိုင်ရာ လမ်းညွှန်ချက်
- အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းဆိုင်ရာ လမ်းညွှန် မှာ ကြားချက်
- စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အခြေခံမှုနှင့် လုပ်ထုံး လုပ်နည်း
- အရပ်ဖက် လူ့အဖွဲ့စည်းများဆိုင်ရာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း ဆိုင်ရာ လမ်းညွှန်ချက် - စတာတွေ ဖြစ်ကြပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင်

- စွမ်းဆောင်ရည်ပိုင်းဆိုင်ရာနှင့် ပူးပေါင်းညှိနှိုင်းမှုဆိုင်ရာ ရှုပ်ထွေးမှု၊ စိန်ခေါ်မှုများရှိ
- ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ နည်းလမ်း အသွယ်သွယ် အပြန်အလှန် အကျိုးပြု
- ငွေရေးကြေးရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေးမူဝါဒ (Macroeconomic stabilizing policy)
- အခြေခံအဆောက်အဦး၊အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း (Infrastructure and SEZ Development Planning)
- စိုက်ပျိုးရေး - ရေ၊ မီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း (Thematic Development Planning)
- ဦးစားပေးဒေသဖွံ့ဖြိုးတိုးတက်ရေး (Area Development Planning) - စသည့်

| | |
|---|---|
| | လုပ်ငန်းစဉ်များကို ဖော်ဆောင်သွားမယ်ဆိုရင် ဆင်းရဲမွဲတေမှုကို လျော့ချနိုင်ပြီး<br>လူမှုဘဝဖွံ့ဖြိုးရေးကို ဦးတည်နိုင်မှာဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| Mr. Rick Gregory<br>(နည်းပညာရှင်) | လူထုနဲ့ ပူးပေါင်းစီမံခန့်ခွဲမှုကို ရှင်းပြချင်ပါတယ်၊ ငါးလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲမှု (Co-management Fishery) နဲ့ ရေလုပ်သားများစုပေါင်း (Community Fishery) စီမံခန့်ခွဲမှုကမတူညီပါဘူး၊ သူတို့အရင်းအမြစ်ကို သူတို့ကိုယ်တိုင် စီမံခန့်ခွဲတာ ဖြစ်ပါတယ်၊ Community Fisheries က ရေလုပ်သားများကိုယ်တိုင်စီမံခန့်ခွဲပြီး ပြင်ပက သိပ်ကူပေးရတာ မရှိပါဘူး၊ Co-management ကတော့ ရေလုပ်သားများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများပူးပေါင်းစီမံခန့်ခွဲခြင်း ဖြစ်ပါသည်။<br>Centeralized ဖြစ်တဲ့လုပ်ငန်းတွေ အောင်မြင်မှုနည်းတဲ့ အကြောင်းတွေကို ဆွေးနွေးချင်ပါတယ်၊ အဲဒီလုပ်ငန်းက သယံဇာတတွေကို ထိန်းသိမ်းတဲ့နေရာမှာ၊ ဒေသခံတွေရဲ့ သက်မွေးမှုလုပ်ငန်းတွေကို မျှမျှတတ လုပ်တဲ့နေရာမှာ တော်တော်လေး အားနည်းတာကို တွေ့ရပါတယ်၊ နိုင်ငံတကာမှာရှိတဲ့ ဥပဒေကိုကြည့်မယ်ဆိုရင် ဌာနရဲ့ ဂန်ထမ်းအင်အားနဲ့ငွေကြေးဟာ အကန့်အသတ်နဲ့ရှိပါတယ်၊ အဲဒါကြောင့် ဗဟိုချုပ်ကိုင်မှုက လုပ်ချင်တာတွေ ရှိပေမဲ့ လုပ်ခွင့်မသာဘဲ အားနည်းနေရပါတယ်။<br>Community Fishery Management ပြုလုပ်ခြင်းဖြင့် သယံဇာတအရင်းအမြစ်များ တိုးတက်လက်လှမ်းမီလာခြင်း၊ အကျိုးဂင်ပတ်သက်သူများအကြား တူညီသည့်အခွင့်အရေးများရရှိလာခြင်း၊ သဘာဂအရင်းအဖြစ်နှင့် Ecosystem အား ကာကွယ်လာနိုင်ခြင်း၊ ရေသယံဇာတထုတ်ယူသုံးစွဲခြင်း တိုးမြင့်လာနိုင်ခြင်း၊ သတင်းအချက်အလက် အရည်အသွေးတိုးမြင့်လာခြင်း၊ Trans-boundaries ဆိုင်ရာ ရှု့ထောင်များအား ပြန်လည်ဖြေရှင်းနိုင်ခြင်း၊ အမျိုးသမီးအဖွဲ့အစည်းများအားစွမ်းဆောင်ရည် မြင့်တက်လာစေခြင်း၊ ဒေသတွင်းအဖွဲ့ဂင်များ၏ လုံခြုံမှုနှင့် ဖူလုံမှုကိုမြင့်မားလာစေခြင်း စသည်တို့ ဖြစ်တည်နိုင်ပါတယ်။<br>နိုင်ငံတကာမှာ Co-management နဲ့ပတ်သက်ပြီး အကျိုးခံစားခွင့်ရှိတာတွေကို လေ့လာကြည့်မယ်ဆိုရင်<br>-၁. ကမ္ဘောဒီးယားက Fishries Law မှာ Fishing Lot တွေကို ဖျက်သိမ်းလိုက်ပါတယ်၊ အဲဒီမှာလည်းကောင်းတာချည်း မဟုတ်ဘဲ ပြဿနာတွေ အများကြီးဖြစ်ပါတယ်၊ အဲဒီနောက်ပိုင်း Fishery Co-management ကို ဆောင်ရွက်ခဲ့ပါတယ်၊ ပူပြင်းတဲ့ကာလမှာဆိုရင် ငါးကိုဖမ်းခွင့်မပြုဘဲ မိုးတွင်းမှာသာ ဖမ်းခွင့်ပေးခဲ့ပါတယ်၊<br>၂. ဘင်္ဂလားဒေ့ရှ် အောက်ဖို့အင်းမှာဆိုရင် အရမ်းကို အရေးကြီးတဲ့ ငါးဖမ်းဒေသဖြစ်ပါတယ်၊ ဗီယက်နမ်မှာဆိုရင် ရေလုပ်သားအချင်းချင်းကြားထဲမှာ ရေလုပ်ငန်းနဲ့ပတ်သက်ပြီး ဘယ်လိုပူးပေါင်းမှုတွေနဲ့ ကောင်းမွန်လာတယ်ဆိုတာတွေ့ရပါတယ်။ ချင်းမိုင်၊ ထိုင်းမှာဆိုရင် ရွာမှာရှိတဲ့ ရွာသားတွေ အားလုံး ကန်မှာငါးဖမ်းကြတယ်၊ ငါးတွေကို အားလုံးခွဲဝေပြီး ရောင်းချကြပါတယ်၊ ဒါဟာ အရမ်းကို ကောင်းမွန်ပါတယ်။<br>၃. ဖိလစ်ပိုင် - စမားပင်လယ်ကို ဥပမာ ပြချင်ပါတယ်၊ အဲဒီစနစ်ကိုပြုလုပ်ခြင်းအားဖြင့် ငါးမျိုးတွေကို ထိန်းသိမ်း နိုင်တာ တွေ့ရပါတယ်၊ အရင်တုန်းက မမြင်ဖူးတဲ့ အရာတွေပါ၊ စနစ်တကျ ထိန်းသိမ်းနိုင်လို့သာ ဖြစ်ပါတယ်၊ ငါးမျိုးဇရိယာ ထိန်းသိမ်းမှု ဇရိယာတွေကိုလည်း တည်ထောင်ထားတာ တွေ့ရပါတယ်၊ ဘုန်းကြီးကျောင်းနဲ့နီးတဲ့ အင်းမှာဆိုရင်ငါးအရင်းအမြစ်တွေကို ဘုန်းကြီးကျောင်းဂန်းထဲမှာ ထိန်းထားတာ တွေ့ရပါတယ်၊ ကဏန်းဒိုင်မှာလည်း သတ်မှတ်ထားတဲ့ အရွယ်အစားရောက်မှသာ ဂယ်ယူရောင်းချတာကို တွေ့ရပါတယ်၊ ဒါဟာ အတုယူသင့်တဲ့ အရာပါ။ ဗီယက်နက် ကန်းမောမှာ ဂေဟစနစ်နဲ့ သယံဇာတကို ထိန်းသိမ်းတဲ့ ဒီရေတောစိုက်ပျိုးရေးလုပ်ငန်းစဉ်တွေ ရှိပါတယ်၊<br>၄. ဘင်္ဂလားဒေ့ရှ် ကော်မီလာ ဒေသမှာ ကျေးရွာလူထုကပဲ စီမံခန့်ခွဲတာ တွေ့ရပါတယ်၊ ရလာတဲ့ အကျိုးအမြတ်တွေကို လူထုကြားမှာ ခွဲဝေတာ တွေ့ရပါတယ်၊ ဒီလိုလုပ်ခြင်းအားဖြင့် ဒေသတွင်းလူတွေကို များစွာ |

| | |
|---|---|
| | အထောက်အပံ့ဖြစ်စေပါတယ်၊ လိုအပ်တဲ့ အထောက်အကူ ပစ္စည်းတွေ ရောင်းချခြင်းဖြင့် တကယ်ကို ကောင်းမွန်ပါတယ်၊<br>၅. ဘင်္ဂလားဒေ့ရှ်၊ ဘရာနိဂါဒေသမှာ သတင်းအချက်အလက်နဲ့ပတ်သက်ပြီးတော့ အရည်အသွေး မြင့်မားလာတာကိုတွေ့ရပါတယ်၊ ဒါတွေဟာ ရှေ့အနာဂတ်လုပ်ငန်းစဉ်တွေမှာဘယ်လိုလုပ်မလဲဆိုတာကို ဆွေးနွေးတာတွေ့ရပါတယ်၊<br>၆. နယ်စပ်ဒေသကူးလူးဆက်ဆံပြီး လုပ်ဆောင်ရတဲ့လုပ်ငန်းတွေမှာ ကမ္ဘောဒီးယား၊ လာအို၊ မဲခေါင် ဒေသကို နမူနာကြည့်မယ်ဆိုရင် နယ်စပ်မှာရေနက်အင်းရှိပါတယ်၊ အဲဒီမှာငါးတွေကို ထိန်းသိမ်းမှု လုပ်ဆောင်ခြင်းဖြင့် တိုးပွားလာတာတွေ့ရပါတယ်၊ အကဲဖြတ်စောင့်ကြည့်မှုတွေလဲ လုပ်ကြပါတယ်<br>၇. အမျိုးသမီးတွေအနေနဲ့ ငါးလုပ်ငန်းကို လုပ်ဆောင်ကြပါတယ်၊ ဒီလုပ်ငန်းက အမျိုးသမီးတွေကိုလည်း အထောက်အကူပြုတာကို တွေ့ရပါတယ်၊ ဗီယက်နမ် မြစ်ဝကျွန်းပေါ်မှာဆိုရင် အရေးကြီးတဲ့ အခန်းတွေမှာ အမျိုးသမီးတွေ ပါဝင်လာပါတယ်၊<br>၈. ကမ်းဝေးမှာ ငါးလုပ်ငန်းလုပ်တဲ့နေရာမှာ ဘေးကင်းစွာနဲ့ လုပ်ဆောင်နိုင်မှု တိုးတတ်လာတာဖြစ်ပါတယ်၊ အခက်အခဲတွေကို အတူ ဖြေရှင်းလာနိုင်ကြပါတယ်၊ ဗီယက်နမ် - စွန်လက်ဆိုရင် လေ့လာလို့ ကောင်းတဲ့နေရာပါ၊ ငါးမြုံးတွေ၊ နေရာတွေ စနစ်တကျ လုပ်ဆောင် ထားတာတွေ့ရပါတယ်၊ စနစ်မကျဘူးဆိုရင် ငါးမျိုးပြုန်းပြီးပျက်သုန်းသွားနိုင်ပါတယ်၊ အဲဒါကြောင့် ပူးပေါင်းစီမံခန့်ခွဲမှုကို လုပ်ဆောင်သင့်ပါတယ်၊<br>မြန်မာနိုင်ငံမှာဆိုရင် - လပွတ္တာမှာဆိုရင် ကြီးမားတဲ့ ငါးဖမ်းပိုက်တွေဟာ Co-management ထဲမှာ ပါဝင် ပတ်သက်လာနိုင်ပါတယ်၊ မြန်မာနိုင်ငံမှာ ငါးလုပ်ငန်းစနစ်ကိုဘယ်လိုကောင်းမွန်စွာနဲ့ ဆက်လက် လုပ်ဆောင်သင့် သလဲဆိုတာကို တင်ပြသွားရမှာ ဖြစ်ပါတယ်၊ ဗဟိုချုပ်ကိုင်မှုမှသည် ဒေသစီမံခန့်ခွဲမှုကို သွားတာ တွေ့ရပါတယ်၊ မြန်မာနိုင်ငံအတွက် သတင်းကောင်းဟာဆိုရင် ကမ္ဘာမှာကျင့်သုံးနေတဲ့ လမ်းစဉ်ကို စတင် ကျင့်သုံးနေတာကို တွေ့ရပါတယ်၊ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်၊ အရမ်းကို အရေးကြီးတဲ့ လုပ်ငန်းဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| မေးခွန်းမေးမြန်းခြင်း | တရားမဝင်ငါးဖမ်းခြင်းလုပ်ငန်း - ရှော့တိုက်ခြင်း နဲ့ပတ်သက်ပြီး ဖေါ်ပြထားတာ မတွေ့ရပါဘူး၊ ဒေသခံပါဝင် စီမံခန့်ခွဲတဲ့အရာက အရမ်းကိုကောင်းမွန်ပါတယ်၊ တိုင်းရင်းသားဒေသ တချို့ကျေးရွာတွေမှာ ခရစ်စမတ်ကာလမှာ ငါးတွေကို ဖမ်းပြီးတော့ ရွာသားတွေကို မျှဝေတာ တွေ့ရပါတယ်၊ ကျွန်တော့်အနေနဲ့ ရှေ့ဆက်ပြီး ဒါတွေကို ထဲထဲဝင်ဝင် လုပ်ဆောင်သွားသင့်တယ်လို့ ယူဆပါတယ်၊ ရေဂဝတီ၊ ချင်းတွင်း၊ စစ်တောင်း မှာလည်း ကြပ်မတ်စွာနဲ့ လုပ်ဆောင်သင့်တယ်လို့ ယူဆပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| Mr. Rick Gregory<br>(နည်းပညာရှင်) | လုံးဝပပျောက်အောင် လုပ်ဖို့အတွက် ဒေသခံလူတွေနဲ့ ပူးပေါင်းလုပ်ဆောင်သင့်ပါတယ်၊ ဒါတွေကို Co-management မှာ ထည့်သွင်းစဉ်းစားသင့်ပါတယ်၊ ချက်ချင်းရပ်လိုက်ပါလို့တော့ ပြောလို့မရပါဘူး၊ တဖြည်းဖြည်းလျော့နည်းလာအောင် လုပ်လို့ရပါတယ်၊ စမ်းသပ်စီမံကိန်းအရ ဒေသခံတွေက တင်ဒါချက် ကိုနစ်စဉ်လိုချင်တယ်၊ လိုချင်တဲ့အတွက်ကောင်းတာကိုလုပ်ပြဖို့ လိုအပ်လာပါတယ်၊ သူတို့ ကောင်းတာ လုပ်ကြောင်းကိုလည်း ငါးဦးစီးကို တင်ပြချင်ကြပါတယ်၊ ဒါကြောင့်သူတို့က မမှန်တဲ့နည်းလမ်းတွေကို တဖြည်းဖြည်း လျော့ချဖို့ လုပ်လာကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| | လက်ဖက်ရည် သုံးဆောင်ချိန် |
| Mr. Lieng Sopha<br>ရေလုပ်ငန်း<br>ကျေးလက် | မိသားစု အသေးစားငါးဖမ်းလုပ်ငန်းအနေနဲ့လည်း လုပ်ကိုင်ကြပါတယ်၊ အဲဒီဒေသမှာ လုပ်ကိုင်ကြတဲ့ လူတွေက အသေးစားငါးဖမ်းသမားတွေဖြစ်ကြပါတယ်၊ ရေလုပ်သားတွေဟာရေထွက်အရင်းအမြစ်တွေကို မပိုင်ဆိုင်ကြဘဲ စိုးရိမ်စိတ်နဲ့ လုပ်ဆာင်ကြပါတယ်၊ ၂၀၀၇ မှာ စုပေါင်းစီမံခန့်ခွဲမှုကို လုပ်ဆောင်ပြီးတော့ |

| | |
|---|---|
| စုပေါင်းစီမံခန့်ခွဲခြင်း ဆိုင်ရာ ဌာန၊ ကမ္ဘောဒီးယား | ဗဟိုအစိုးရ စီမံခန့်ခွဲမှုကို လျှော့ချပြီး ရေလုပ်သားစီမံခန့်ခွဲမှုကို မြှင့်တင်ခဲ့ပါတယ်၊ ၁၉၉၉ မှာ FAO နဲ့ ပူးပေါင်းပြီး Co-Fishery ကို လုပ်ဆောင်ခဲ့ပါတယ်၊ Seim Reap မှာပါ၊ ၁၉၉၈ မှာ Oxfam GB and Oxfam Ameri နဲ့ပူးပေါင်းပြီး လုပ်ဆောင်ခဲ့ပါတယ်၊<br>ငါးလုပ်ငန်းနဲ့ပတ်သက်ပြီး ၂၀၀၀ ခုနှစ်နောက်ပိုင်း အောက်တိုဘာမှာ အစိုးရရဲ့ ငါးဖမ်းဧရိယာ ၅၆.၇၄% ကို ရေလုပ်သားတွေကို ပေးအပ်ခဲ့ပါတယ်၊ ရေချိုငါးလုပ်ငန်းနဲ့ ရေငံငါးလုပ်ငန်းကို တွေ့ရပါတယ်၊ အဲဒီလို လုပ်ဆောင်ရာမှာ ဒေသခံလူတွေနဲ့ နိုင်ငံတာက NGO တွေပါဝင်လာတာ တွေ့ရပါတယ်၊ အရပ်ဘက် အစုအဖွဲ့ပိုင် ငါးဖမ်းလုပ်ငန်းတွေကိုလည်း မြင်ရပါတယ်၊ အဲဒီအချိန်တုန်းက ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ခြင်း မရှိသေးပါဘူး၊ ၂၀၁၂ မှာဆိုရင် ရေနက်ငါးဖမ်းလုပ်ငန်းပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်ခဲ့ပါတယ်၊ ၄၁၂၅၃၄ ဟက်တာကို အစိုးရရဲ့အကူအညီနဲ့ ဖျက်သိမ်းနိုင်ခဲ့ပါတယ်၊ ၉၇၅၀၃ ဟတ်တာကို ငါးမျိုးထိန်းသိမ်းဖို့အတွက် လုပ်ဆောင်ထားပါတယ်၊ စုစုပေါင်းအနေနဲ့ ၁၅၈ ငါးဖမ်းဧရိယာ၊ ၉၅၃၈၆၁ ဟတ်တာကို ဒေသခံပြည်သူရဲ့လက်ထဲကို အပ်နိုင်ပါတယ်၊ ဒါဟာဒေသခံရေလုပ်သားတွေ အတွက်အထောက်အကူဖြစ်ခဲ့ပါတယ်၊ ကျေးလက်အစုအဖွဲ့မှ ငါးဖမ်းဧရိယာမှာငါးမျိုးတွေကို ထိန်းသိမ်း ခြင်းနှင့် သုံးစွဲခြင်းကို မြင်တွေ့ရပါတယ်၊ အဲဒီလုပ်ငန်းတွေကို လုပ်ဆောင်တဲ့နေရာမှာ တရားဥပဒေက ခွင့်ပြုထားတဲ့ နည်းလမ်းနဲ့ လုပ်ဆောင်တာဖြစ်ပါတယ်၊ CFI ရဲ့ လုပ်ဆောင်ချက် တွေကလည်း အစိုးရနဲ့ ရေလုပ်သားအကြားမှာ ချောမွေ့စေပါတယ်၊ CFI ကော်မတီရဲ့ ကိုယ်စားလှယ်တွေက ဦးဆောင်ရပါတယ်၊<br>အရပ်ဘက် အစုအဖွဲ့ပိုင် ငါးဖမ်းလုပ်ငန်းလို့ အမည်ခေါ်ပါတယ်၊ ၅နှစ်သက်တမ်း ရှိပါတယ်၊<br>အဖွဲ့ဝင်တွေက(မ)ကဏ္ဍန်း ဖြစ်ပါတယ်၊ လိုအပ်ချက်တွေကတော့ အဖွဲ့ အဖွဲ့ဝင်၊ ဖွဲ့စည်းပုံ၊ စည်းကမ်းချက်၊ ငါးဖမ်းဧရိယာ၊ မြေပုံ၊ သဘောတူညီချက်၊ ငါးဖမ်းဧရိယာနဲ့ သက်ဆိုင်တဲ့ စီမံခန့်ခွဲမှု အစီအစဉ်တွေ ဖြစ်ပါတယ်၊ တရားမဝင်ငါးဖမ်းနည်းတွေကို ထိန်းသိမ်းဆောင်ရွက်ရန် လုပ်ဆောင်ကြပါတယ်။<br>အစုအဖွဲ့ပိုင်းနဲ့ သက်ဆိုင်တဲ့ စည်းမျဉ်းဥပဒေတွေရှိပါတယ်၊ ဒေသနဲ့သက်ဆိုင်တဲ့ စည်းမျဉ်းတွေကို ဒေသခံအစိုးရ၊ ခရိုင်အာဏာပိုင်၊ ဒေသခံရဲ၊ စစ်တပ်ပိုင်းတွေကလည်း ပူးပေါင်းပါဝင်လုပ်ဆောင်ကြပြီး ဒေသခံပြည်သူရဲ့ စိတ်သဘောအတိုင်း ကြပ်မတ်လုပ်ဆောင်ကြပါတယ်၊ လမ်းစဉ်တွေပြုစုပြီး ကြပ်မတ် လုပ်ဆောင်ကြပါတယ်၊ ဒါကိုဝန်ကြီးချုပ်ကအတည်ပြု လက်မှတ်ထိုးပေးရပါတယ်၊ အမျိုးသား ရေလုပ်ငန်း ဥပဒေထဲမှာ ထည့်သွင်းအသုံးပြုသွားပါတယ်၊ ၂၀၀၅ နောက်ပိုင်းမှာ ငါးဖမ်းလုပ်ငန်းနဲ့ ပတ်သက်တဲ့ ဧရိယာအညွှန်းကို ဖေါ်ထုတ်နိုင်ပြီး ဒေသခံများကိုယ်တိုင် ခန့်ခွဲမှုတွေကို လုပ်ကိုင်ကြပါတယ်၊ သူတို့ ကသတ်မှတ်ချက်များကိုပြောင်းပိုင်ခွင့်မရှိပေမဲ့ စီမံခန့်ခွဲခွင့်ရှိပါတယ်၊ ဒေသခံအာဏာပိုင်ရဲ့ အတည်ပြု လက်မှတ်ထိုးပေးရပါတယ်၊ အစိုးရကသက်သေအဖြစ် လုပ်ဆောင်ရပါတယ်၊ အရပ်အစုအဖွဲ့ပိုင် ငါးဖမ်းလုပ်ငန်း လုပ်ဆောင်တဲ့နေရာမှာ သဘောတူညီမှုတွေ ရယူရမှာဖြစ်ပါတယ်၊ ထိန်းသိမ်းခြင်း၊ ကင်းလှည့်ခြင်း၊ ငါးလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ် တဲ့နေရာမှာ သဘောတူညီချက်တွေယူပြီး လုပ်ရမှာဖြစ်ပါတယ်၊ တရားဝင်ကိရိယာ သတ်မှတ်ခြင်းတွေ လုပ်ပါတယ်၊ CFI ကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးတာပါ၊ မူဝါဒတွေကိုလည်း ဖေါ်ဆောင်ပေးရပါတယ်၊ အရပ်ဖက်အစုအဖွဲ့ပိုင် လမ်းစဉ်မှာ အချက် ၄ ချက်ရှိပါတယ်၊ အဲဒါတွေက ဥပဒေအတိုင်းလုပ်ဆောင်ခြင်း၊ အဖွဲ့တွင် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း၊ သဘောတူညီချက်ရယူခြင်းနဲ့ စီမံခန့်ခွဲမှုအစီအစဉ် ဖေါ်ဆောင်ခြင်းတို့ ဖြစ်ပါတယ်။<br>CFI တည်ဆောက်ရင် အချက် ၉ ချက် ရှိပါတယ်။ အခြားမှာတော့ ၅ ဆင့်ပဲ ရှိပါတယ်၊ -<br>အရပ်ဖက်အစုအဖွဲ့က အဖွဲ့အစည်းတည်ထောင်ခြင်း၊ အဲဒီအဆင့်မှာဆိုရင် အစိုးရကို ချဉ်းကပ်တာတွေ ပါပါတယ်၊ |

- ဒေသတွင်းရေလုပ်သားများစုစည်းပြီး အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းခွင့် တောင်းခံခြင်း
- လိုအပ်သည့် သတင်းအချက်အလက်များ ကောက်ခံခြင်း - ကျေးရွာတွင် အမှန်တကယ် ရေလုပ်ငန်း အချိန်ပိုင်း/ ပြည့်နှင့် ငါး မွေးမြူရေး လုပ်ကိုင်သူများအား လုပ်ကိုင်သည့် ကိရိယာ အမျိုး အစားလိုက် စာရင်းကောက်ယူရန်
- ရေလုပ်သား စီမံခန့်ခွဲမှု အဖွဲ့အသင်းဝင်အဖြစ် မှတ်ပုံတင်ရန်
- ရေလုပ်သား အစည်းအဝေး ပြုလုပ်ပြီး ဒေသခံ ရေလုပ်သား စီမံခန့်ခွဲမှု အစုအဖွဲ့၏ ကောက်မတီ ဖွဲ့စည်းရန်နှင့် ကော်မတီ အဖွဲ့ဝင် များ ရွေးချယ်ရန်
- ဒေသခံ ရပ်ရွာအခြေပြု ရေလုပ်သားအစုအဖွဲ့အတွက် လုပ်ငန်း တာဝန်နှင့် လုပ်ထုံးလုပ်နည်းများ ဖော် ဆောင်ခြင်း
- ကျေးရွာအဆင့်တွင် ရေလုပ်ငန်းလုပ်ကိုင်မည့် ဧရိယာ နယ်နမိတ် နှင့် မြေပုံ ရေးဆွဲခြင်း
- ရပ်ရွာအခြေပြု ငါးဖမ်းဧရိယာအား ဒေသအဆင့်တွင် သဘော တူညီမှုရယူခြင်း
- ဒေသခံရပ်ရွာအခြေပြု ရေလုပ်သား အစုအဖွဲ့အား ငါးဦးစီးဌာနမှ အသိအမှတ် ရယူခြင်းနှင့် မှတ်ပုံတင်ခြင်း
- ရပ်ရွာအခြေပြု ငါးဖမ်းဧရိယာအား စီမံခန့်ခွဲသည့် အစီအစဉ်များ ချမှတ်ခြင်း အဓိက လုပ်ငန်းများကို ပြောပြချင်ပါတယ်။ အရပ်ဖက်အစုအဖွဲ့ပိုင်ငါးလုပ်ငန်းသည် အရမ်းကို နုနယ်သေးပါသည်။ CFI ကိုပံ့ပိုးကူညီတာတွေလုပ်ဆောင်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေပြုလုပ်ပါသည်။ ငါးဖမ်းဧရိယာသတ်မှတ်ခြင်းတွေပြုလုပ်ပါသည်။ အသက် မွေးဝမ်းကျောင်း လုပ်ငန်းတွေ ဖော်ဆောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းကိုလည်း တွေ့ရပါတယ်။ စားနပ်ရိက္ခာလုံခြုံရေးလုပ်ငန်းတွေကိုလည်း ထည့်သွင်းလုပ်ဆောင်ပါသည်။ အသေးစားငါးဖမ်းလုပ်ငန်းများ လုပ်ဆောင်တာတွေကိုလည်း တွေ့ရပါတယ်။ ဒါတွေကို အမျိုးအစားခွဲပြီး plan ကို လုပ်ဆောင်တာကို လည်းပြုလုပ်ပါတယ်။ မိတ်ဘက်အဖွဲ့ အစည်းများနှင့် လုပ်ဆောင်ခြင်းများလည်းရှိပါသည်။ အချို့သော အရပ်ဖက်လူ့အဖွဲ့ အစည်းတွေ ကို NGO များမှလည်း ထောက်ပံ့ပေးခြင်းများရှိပါသည်။

အဓိက ရလဒ်တွေကတော့ တရားဝင်စာရွက်စာတမ်းများ ရရှိခဲ့ပါသည်။ စီမံခန့်ခွဲမှု structure တွေကိုလည်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။ Community fisheries development department ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ရပ်ရွာအဆင့်မှာဆိုရင်ငါးဖမ်းလုပ်ငန်းကော်မတီတွေကိုလည်းရွေးကောက်တင်မြှောက် နိုင်ခဲ့ပါတယ်။ ခရိုင်အာဏာပိုင်များနှင့်လည်းပူးတွဲလုပ်ဆောင်နိုင်ခဲ့ပါတယ်။ သုံးလတစ်ကြိမ်ပူးပေါင်း ဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ပါသည်။ သုံးလအတွင်း တွေ့ရသောအတွေ့အကြုံများကို ပြန်လည်မျှဝေ ခဲ့ပါသည်။ ဒေသတွင်းမှာရှိသော NGO, INGO များမှလည်း ထဲထဲဝင်ဝင် ပါဝင်ကူညီခဲ့ပါသည်။ ရေလုပ်ငန်း စီမံခန့်ခွဲမှု အစီအစဉ်တွေမှာ အရပ်ဖက်အဖွဲ့အစည်းတွေမှ ပါဝင်လုပ်ဆောင်လာတာကို တွေ့ရပါတယ်။ ၅၁၆ ဖွဲ့မှ ၃၇၇ ဖွဲ့ကို MAFF မှာ မှတ်ပုံတင်ထားနိုင်ခဲ့ပါတယ်။ သူတို့၏ စွမ်းဆောင်ရည်တွေကိုလည်း မြင့်တင်နိုင်ခဲ့ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း စာအုပ်ထုတ်ဝေဖို့ရှိပါသည်။ ထိန်းသိမ်းကာကွယ် တဲ့နေရာဒေသတွေကိုလည်းလုပ်ဆောင်ခဲ့ပါသည်။နေရာကြီးတွေမှာလုပ်ဆောင်ပြီးတဲ့ နောက်မှာ နေရာ အသေးလေးတွေကိုလည်း လုပ်ဆောင်ခဲ့ပါတယ်။ ဂဏန်းစခန်းများ ထိန်းသိမ်းထားပြီး မျိုးဥများ ပေါက်ဖွားပြီးမှ သာသူတို့၏ နေရာကို ပြန်လည်လွှတ်ပေးခြင်းဖြင့် ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ထိန်းသိမ်းခြင်းလုပ်ငန်းတွေဟာနှစ်စဉ်အလိုက်မြင့်တက်လာတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ၂၀၁၀မှ ၂၀၁၁ အထိဖော်ပြပေးထားနိုင်ပါတယ်။ ၂၀၁၄မှာပိုမိုတိုးတက်လာမှုရှိပါတယ်။

| | |
|---|---|
| | သည့်ထဲမှာတော့ဖော်ပြထားခြင်းမရှိပါဘူး။ CFi နှင့်ပတ်သက်ပြီး ဒေသခံများ ပိုမိုသိရှိလာပါသည်။ ဒေသမှာရှိတဲ့ ငါးအရင်းအမြစ်တွေကို CFi နှင့် ဘယ်လိုပူးပေါင်းပြီး လုပ်ဆောင်ရမည်ဆိုသည်ကို သိရှိလာပါသည်။<br>တရားမဝင် လုပ်ဆောင်နေမှုများကို လျော့ချသွားနိုင်ခဲ့ပါတယ်။ ယခုအခါ တရားမဝင် ငါးဖမ်းလုပ်ငန်းများ မရှိတော့ပါဘူး ဘာဖြစ်လို့လည်းဆိုရင် သူတို့ကိုယ်တိုင်သိရှိလာလို့ပဲဖြစ်ပါသည်။ သူတို့၏ ငါးဖမ်းဧရိယာ များတိုးချဲ့လာသည်ကိုလည်းတွေ့ရပါသည်။ ထို့ကြောင့်သူတို့၏ ဝင်ငွေတွေကလည်း ပိုမိုတိုးတက် လာသည်ကို တွေ့ရှိရပါသည်။ ဒေသခံများ၏ ဝင်ငွေများတိုးတက်လာသည်ကိုလည်း တွေ့ရှိရပါသည်။ ဒီရေတောနှင့် ငါးဖမ်းလုပ်ငန်း ဆက်စပ်မှုတွေကိုလည်း သူတို့ကောင်းကောင်းသဘောပေါက် ထိန်းသိမ်းနိုင် ခဲ့ပါတယ်။ ရေလုပ်ငန်းနှင့်စီမံခန့်ခွဲမှုကိုရေလုပ်သားများကိုယ်တိုင် ကောင်းကောင်းမွန်မွန်လုပ် ဆောင်လာနိုင် သည်ကိုတွေ့ရှိရပါသည်။ အမျိုးသား၊ အမျိုးသမီးလူတန်းစားအမျိုးမျိုးပါဝင်လုပ်ဆောင်လာတာကိုတွေ့ရှိရပြီး ဖြစ်ပါသည်။ ငါးဖမ်းခြင်းလုပ်ငန်းမှပိုမိုဝင်ငွေရရှိအောင်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ငါးအရင်းအမြစ်များကို မည်သို့ထိန်းသိမ်းကာကွယ်မည်ကို သူတို့ကိုယ်တိုင် ပါဝင်လုပ်ဆောင်လာတာကိုတွေ့ရပါတယ်။ ကော်မတီ အချို့ဟာဆိုရင် NGO များနှင့်လုပ်ဆောင်ပြီး ကော်မတီ ခေါင်းဆောင်တွေဟာ ကျေးရွာ၏ယုံကြည်ရသော လူများဖြစ်လာပါသည်။ ဒေသမှာရှိသော ဆင်းရဲမှုကိုချော့ချပြီး ထိုသူတို့၏ အဆင့်အတန်းကို မြင့်တင်လာနိုင်တာကိုလည်း တွေ့ရပါတယ်။ ပွင့်လင်းမြင်သာမှုများရှိပြီး ယုံကြည်မှုများ တည်ဆောက်ပြီး အားလုံးပူးပေါင်းပါဝင်လာအောင်ပြုလုပ်ခဲ့ပါသည်။ ကော်မတီအနေနဲ့လည်းရင်းနှီးမြှုတ်နှံမှုများ ပြုလုပ်ခြင်း များကိုလည်းလုပ်ဆောင်ခဲ့ပါတယ်။ အဓိကစိန်ခေါ်မှုများ ကိုမိမိတိုကိုယ်တိုင်ရပ်တည်နိုင်အောင် လုပ်ရမှာဖြစ်ပါတယ် ထိုသို့ဖြစ်ဖို့အတွက် အပြင်ကကူညီမှုတွေလိုအပ်ပါတယ်။ CFi အနေနဲ့လည်း ရန်ပုံငွေများကို သေချာစွာထိန်းသိမ်းထားဖို့ လိုအပ်ပါတယ်။ နေစဉ်အသက်မွေးဝမ်းကျောင်းအတွက် ပင်ပင်ပမ်းပမ်း လုပ်ကိုင်နေတာကိုတွေ့ရပါတယ်။ ထိုသူတွေ၏ ဝင်ငွေတိုးတက်ဖို့အတွက်လည်း လုပ်ဆောင်သွားဖို့ရှိပါသည်။ ဆက်ပြီးတော့လုပ်ဆောင်သွားဖို့လည်းရှိပါသည်။ သို့သော်သူတို့မှာ ကန့်သက်ချက်များရှိနေပါသည်။ လူအများနဲ့ လုပ်ဆောင်သွားဖို့လိုအပ်ပါတယ်။ လူများသောကြောင့် အကြံညာဏ်များပြီး ကန်သက်ချက်များလည်းရှိပါတယ်။ ငါးဖမ်းဒေသများကို ဒေသခံတွေကစီမံခန့်ခွဲတယ် ပြီးတော့ဖွံ့ဖြိုးရေးကိုလုပ်ကိုင်ကြပါတယ်။ ဒါပေမယ့်လည်းအချို့နေရာတွေမှာတရားမဝင် ငါးဖမ်းခြင်း လုပ်ငန်းများလုပ်ကိုင်နေခြင်းများလည်း ရှိပါတယ်။ CFi က လုပ်ဆောင်နေတာ ၁၄ နှစ် ကျော်ရှိနေပြီး ဌာနဆိုင်ရာများကလည်း ကူညီလုပ်ဆောင်သွားဖို့ရှိပါသည်။ အလှူရှင်များနှင့်လည်း လုပ်ဆောင်သွားဖို့ ရှိပါသည်။ လွန်ခဲ့သောအချိန်မှာစိမ်ခေါ်မှုများကိုပြန်လည်ဖြေရှင်းနိုင်ဖို့လုပ်ဆောင်မှုများလည်းရှိပါသည်။ ရင်းနှီးမှုများအတွက် ငွေကြေးထုတ်ချေးမှုများလည်းရှိရန်လိုအပ်ပါသည်။ ထိုသို့သော အခြေအနေများ ရှိမှသာပိုမိုဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါသည်။ သို့သော်ကျွန်တော်တို့နိုင်ငံအနေနဲ့လိုအပ်ချက်တွေရှိပါသေးဖြစ် ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| မေးခွန်းမေးမြန်းခြင်း နှင့် ဆွေးနွေးခြင်း | ကျွန်တော်တို့မှာ ရှိနေတဲ့ model တွေကို ပြန်လည်ပြင်ဆင်ဖို့လည်းရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပိုမိုကောင်းမွန်အောင်လုပ်ဆောင်သွားဖို့ရှိပါတယ်။ |
| ဦးဆန်းမောင် - ဂဏန်ကြီး(ရောဂတီ တိုင်းဒေသကြီး လယ်ယာ စိုက်ပျိုးရေးနှင့် | ကြွရောက်လာကြကုန်သော ဒု - ဂဏန်ကြီး ဦးခင်မောင်အေး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဂဏန်ကြီးဌာနနဲ့ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေပြုရေးကော်မတီဥက္ကဌနှင့်တကွအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ ပျိုးပင်၊ NAG အဖွဲ့နှင့် လူမှုအဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များအားလုံး၊ ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခ သုံးဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်၊ ကျွန်တော်တို့ ရောဂတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး |

| | |
|---|---|
| မွေးမြူရေး ဝန်ကြီးဌာန) | ဝန်ကြီးဌာန ဝန်ကြီး ဦးဆန်းမောင် ဖြစ်ပါတယ်၊ ယနေ့ဆွေးနွေးမည့် ခေါင်းစဉ်မှာတော့ဖြင့် ရေလုပ်ငန်း စီမံခန့်ခွဲမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြစ်ပါတယ်၊ ဒီခေါင်းစဉ်ကို ကျွန်တော့်အနေနဲ့ ဆွေးနွေးရမယ်ဆိုရင်ကျွန်တော်တို့ယနေ့ရေလုပ်ငန်းစီမံခန့်ခွဲမှုဆိုတော့ကျွန်တော်တို့ဧရာဝတီတိုင်းရဲ့ (၂/၂၀၁၂) နဲ့ပတ်သက်တဲ့ ရေချိုငါးဥပဒေ အပေါ်မှာ တည်မှီပြီး ဆွေးနွေးရမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဧရာဝတီတိုင်းဟာ လူဦးရေ (၆၁) သိန်းရှိပါတယ်၊ (၆၁) သိန်းရှိပြီးတော့ စိုက်ပျိုးမြေ ဧရိယာကတော့ ကျွန်တော်တို့ အမျိုးမျိုးပေါ့နော်၊ ဆန်စပါးစိုက်တာရှိတယ်၊ ရာသီပေါ် သီးနှံစိုက်တာရှိတယ်၊ နှစ်ရှည်သီးနှံစိုက်တာ ရှိတယ်၊ ဧကပေါင်း သိန်း (၈၀) ကျော်ရှိပါတယ်၊ လယ်ဧကကတော့ဖြင့် (၃၉) သိန်းလောက်ရှိပါတယ်၊ ကျွန်တော်တို့ရဲ့ အခြေတည်မှီတဲ့ စားဝတ်နေရေးလုပ်ငန်းစဉ် အရပ်ရပ်က တော့ဖြင့် လူမှုရေးလည်းဒါပဲ၊ စီးပွားရေးလည်းဒါပဲ၊ အဲဒါက ဘာလဲဆိုတော့ လယ်ယာလုပ်ငန်းနဲ့ ငါးဖမ်းခြင်း လုပ်ငန်းသာ ဖြစ်ပါတယ်၊ အဲဒီလို လယ်ယာလုပ်ငန်းနဲ့ ငါးဖမ်းခြင်းလုပ်ငန်းပေါ်မှာ အခြေတည်ပြီးတော့ ကျွန်တော်တို့ဒေသတွေဟာ လယ်ယာလုပ်ငန်းကိုဘေးဖယ်ထားပြီး ယနေ့ရေလုပ်ငန်း စီမံခန့်ခွဲမှုရဲ့အကြောင်းတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ငါးဖမ်းလုပ်ငန်းကို အဓိကထားတဲ့နေရာမှာ ကျွန်တော်တို့ ဧရာဝတီတိုင်းရဲ့ လူဦးရေ (၇၄%) ဟာ ကျေးလက်မှာ နေထိုင်တဲ့လူတွေဖြစ်ပါတယ်၊ အဲဒီတော့ ကျေးလက်ရဲ့ စီးပွားရေးက ဘာပေါ်မူတည်သလဲ ဆိုတော့စပါးစိုက်ခြင်းနဲ့ငါးဖမ်းခြင်းလုပ်ငန်းကိုမူတည်ပါတယ်၊ အဲဒီတော့ ငါးဖမ်းခြင်းလုပ်ငန်းအတွက် ကျွန်တော်တို့ရေ မြေ၊ သတယံဇာတပစ္စည်းတွေကို ဘယ်လိုစီမံခန့်ခွဲနေသလဲ ဆိုတော့ ကျွန်တော်တို့ ဧရာဝတီတိုင်းရဲ့ (၂/၂၀၁၂) ရေချိုငါးဥပဒေအရစီမံခန့်ခွဲပါတယ်၊ အဲဒီစီမံခန့်ခွဲတဲ့နေရာမှာ ဘယ်လိုစီမံ ခန့်ခွဲရသလဲဆိုတော့ဂရံအင်း၊တင်ဒါချက်၊ ဘုံ ငါးဖမ်းကွက်ဆိုပြီး (၃) ခုရှိပါတယ်၊ ဂရံအင်းကိုတော့ဖြင့် ကျွန်တော်တို့ရဲ့ ဥပဒေမှာ ဈေးပြိုင်စနစ်နဲ့ပဲ ရောင်းချရပါတယ်၊ တင်ဒါချက်ကိုတော့ဖြင့် အိတ်ဖွင့်လေလံနဲ့ပဲ ရောင်းချရပါတယ်၊ ဘုံငါးဖမ်းကွက်ကိုတော့ဖြင့် ကိရိယာလိုင်စင်တွေ ပေးဆောင်ပြီးတော့ ဖမ်းဆီးရပါတယ်၊ ဒီ (၃) မျိုးနဲ့ ဆောင်ရွက်ပါတယ်၊ အဲဒီ (၃) မျိုးအပေါ်မှာ ကျွန်တော်တို့ ပြန်လည် လေ့လာကြည့်မယ်ဆိုရင် ကျွန်တော်တို့ဒေသရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးမှု အတိုင်းအတာမှာ ဘယ်လို တည်မှီနေသလဲဆိုရင် ကျွန်တော် (၃) ချက်နဲ့ ဆွေးနွေးပြပါမယ်၊ အဲဒါကတော့ - **ရေလုပ်သားများ အလုပ်အကိုင် ဘယ်လောက် ရပြီလဲ၊ ဝင်ငွေတွေရော ဘယ်လောက် ရပြီလဲ၊ အဲဒီဝင်ငွေတွေရဖို့ အလုပ်အကိုင်ရဖို့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုအခြေအနေတွေရှိသလဲ**၊ ဒီ (၃) ချက်နဲ့ ကျွန်တော် တိုင်းတာပေးပါမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အလုပ်အကိုင် ရမှသာလျှင် ဝင်ငွေ ရမှသာလျှင် ကျေးလက်ဒေသတွေ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်၊ ဒါကြောင့်မို့ အဲဒီအလုပ်အကိုင်ရဖို့ကိစ္စကို သတ်မှတ်တဲ့အခါမှ ကျွန်တော်တို့ ခုနက (၃) ချက်ရှိတဲ့ အထဲမှာ ဂရံအင်းတွေမှာ လေလံစနစ်နဲ့ ပေးတဲ့အတွက် အင်းသားကြီးများမှာ အလုပ်အကိုင် အခွင့်အလမ်း ရရှိပြီးသော်လည်းဘဲ ရေလုပ်သားငယ် တွေမှာ လက်လှမ်းမှီနိုင်တဲ့အနေအထားမရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အင်းတွေဟာ ဈေးပြိုင်စနစ်ဖြစ်တဲ့အတွက် အပြိုင်အဆိုင် ငွေကြေးတွေနဲ့ပေးပြီးဆောင်ရွက်ကြတဲ့အတွက် ရေလုပ်သား ငယ်တွေရဲ့လက်လှမ်းမှီမှုမရှိပါဘူး၊ ဒါကြောင့်မို့ ဒီအင်းတွေမှာ ရေလုပ်သားကြီးတွေက အင်းလေလံရရှိတဲ့ အပေါ်မှာသူတို့က ငှားရမ်းထားမှသာလျှင်အလုပ်အကိုင်အခွင့်အလမ်းဖြစ်တည်မှုရပါတယ်၊ အဲဒီလို အလုပ်အကိုင်အခွင့်အလမ်း ဖြစ်တည်မှုရသော်လည်းပဲ နေ့စားသဘောမျိုးနဲ့ ဖြစ်တဲ့အတွက် တခြားသောအပိုဝင်ငွေရနိုင်ဖို့အကြောင်းမရှိပါဘူး၊ ဒါကြောင့်မို့ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းစဉ်မှာ အားနည်းနေပါတယ်၊နောက်တခါဝင်ငွေရရှိမှုကျတော့လည်းခုဏကပြောသလိုအလုပ်အကိုင်အခွင့်အလမ်း နည်းပါးတဲ့အတွက်အခစားသာလုပ်ရတယ်၊ ဝင်ငွေနည်းပါးတယ်၊ ရေရှည်ဘယ်လိုစဉ်းစားမလဲ၊ |

| | |
|---|---|
| | ခုဏပြောတဲ့ ကျွန်တော်တို့အင်းတွေဟာ သဘာဝသယံဇာတပစ္စည်းအပေါ်မှာ မှီတည်ရတာတစ်ချက်၊ အဲဒီအင်းတွေမှာငါးမျိုးစိုက်ထုတ်ရတာ တစ်ချက်၊ အဲဒီ (၂) ချက်အပေါ်မှာ မူတည်နေပါတယ်၊ အဲဒီတော့ သယံဇာတတွေ ပြုန်းတီးပြီဆိုရင် အဲဒီ အင်းလုပ်ငန်းတွေ ဒါမှမဟုတ် ငါးမျိုးတွေ မစိုက်ထည့်ဘူးဆိုရင် အင်းလုပ်ငန်းတွေ ပျက်ဆီးသွားမှာပါ၊ ပျက်ဆီးပြီဆိုရင် အဲဒီအပေါ်မှာ မှီခိုနေရတဲ့ လူတွေရဲ့ အလုပ်အကိုင် ရရှိမှုနဲ့ ဝင်ငွေရရှိမှုကိုပါ ပျက်ဆီးသွားမှာပါ၊ အဲဒီလို ပျက်ဆီးပြီဆိုရင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် Sustainable Development ဟာ မရှိတော့ပါဘူး၊ အဲဒီတော့ သူတို့တွေကို ကျွန်တော်တို့ ဘာတွေဖြည့်ဆည်းပေး ရမလဲဆိုတော့ အဲဒီအင်းသမားကြီးတွေပင်လျှင်အင်းလေလံဆွဲတဲ့အခါမှာ ကြီးစွာသောအတိုးတွေနဲ့ယူပြီးဆွဲကြရတယ်၊အဲဒီတော့သူတို့တစ်တွေကိုငွေကြေးဖြည့်ဆည်းပေးရမယ်၊ သူတို့ ငါးတွေမွေးမြူတဲ့အခါမှာ၊ စိုက်ထည့်တဲ့အခါမှာ ဈေးကွက်ဝင်တဲ့ငါးမျိုးတွေ ဖြစ်ဖို့အတွက် ဈေးကွက်နဲ့အညီ ဖြစ်စေဖို့အတွက် ရေမြေသဘာဝနဲ့သင့်လျော်တဲ့ ငါးမျိုးတွေစိုက်ထုတ်ဖို့အတွက် နည်းပညာတွေပေးရမယ်၊ သူတို့ဖမ်းဆီးတဲ့နေရာမှာ ကိရိယာတွေနဲ့ပတ်သက်လို့ ခေတ်မှီကိရိယာတွေနဲ့ နောင်အရှည်တည်တံ့စေ နိုင်တဲ့ ငါးဖမ်းနည်းစနစ်တွေကိုပေးရမယ်၊ဒါဟာပထမတစ်ချက် အင်းချောင်းနဲ့ ပတ်သက်တဲ့အချက်ပါပဲ။ နောက်ဒုတိယအချက်အနေနဲ့ကတော့ တင်ဒါချက်နဲ့ ပတ်သက်တဲ့အချက်ပါ၊ တင်ဒါကို အိတ်ဖွင့်တင်ဒါ ပေးရမယ်ဆိုတဲ့အတွက်၊ တင်ဒါချက်သည်ဈေးသိပ်မများတဲ့အတွက် ခုနကအလုပ်အကိုင် အခွင့်အလမ်း ရရှိဖို့အပေါ်မှာတော်တော်များများ ရေလုပ်သားငယ်တွေလည်း ရရှိပါတယ်၊ အဲဒီလို ရေလုပ်သားငယ်တွေ ရရှိမှု ရှိတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုမှာ အတော်လေးရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်၊ အဲဒီအလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ကိုကျွန်တော်တို့ကပြဿနာကဘာလဲဆိုတော့ တင်ဒါချက်တွေ ပေးတဲ့အခါတင်ဒါချက်သည်အချက်အရေအတွက်ကန့်သတ်ချက်ရှိပါတယ်၊ အဲဒီတော့ အလုပ်အကိုင် ရရှိမှုဟာ မျှတတယ်ဆိုရုံလောက်ပဲရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ တင်ဒါချက်တွေကို အများကြီးပေါပေါသောသော လိုအပ်တာထက် ပိုပေးလိုက်ရင် ငါးအလွန် အကျွံဖမ်းဆီးမှုတွေဖြစ်ပြီးတော့ နောင်တစ်ချိန်မှာ သယံဇာတတွေပျက်ဆီးသွားပါမယ်၊ အဲဒါကြောင့်မို့ ကန့်သတ်ချက်တွေရှိတယ်၊ ကန့်သတ်ချက်မှာမှအဲဒီဖမ်းသော ငါးဖမ်းတဲ့ကိရိယာတွေဟာ ဥပဒေနဲ့အညီ ပိုက်ကွက်၊ အချိန်ကာလ ဒီဟာတွေပါ တိတိကျကျ သတ်မှတ်ပေးရပါမယ်၊ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကျွန်တော်တို့ ငါးဦးစီးမှာရှိတဲ့ လူဦးရေနဲ့ အဲဒီများပြားတဲ့ ဧရိယာကြီးကို လွှမ်းခြုံနိုင်ဖို့ ဥပဒေမရှိပါဘူး၊ ဥပဒေရှိတယ်၊ လွှမ်းခြုံနိုင်မှုအတွက် လူအင်အား နည်းပါးတဲ့အတွက် လွှမ်းမိုးနိုင်မှု နည်းတယ်၊ အဲတော့ လွှမ်းမိုးနိုင်မှု နည်းတယ်ဆိုတော့ ဘာပြဿနာတက်လာလဲဆိုတော့ ကျွန်တော်တို့တွေဟာစဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်မှုဟာဥပဒေနဲ့စောင့်ထိန်းရမှာဖြစ်သလို၊ တစ်ဖက်က ရေလုပ်သားတွေကို Awareness ပေးပြီး သူတို့ကိုယ်တိုင် အဲဒီကနေပြီး ထိုက်သင့်တဲ့ အကျိုးခံစားခွင့်တွေ ရပါမှ Incentivesဖန်တီးနိုင်ပါမှ သူတို့ကလည်း ပိုင်းဂန်းထိမ်းသိန်း စောင့်ရှောက်မယ်ဆိုတဲ့ အချက်အလက်ပေါ်လာပါတယ်၊ ဒါဟာ Community Fishery ရဲ့ လမ်းစပါပဲ၊ ခုနကပြောခဲ့တဲ့ ဝင်ငွေအနေအထားကတော့သူတို့ကိုယ်တိုင် ရှာဖွေရတဲ့ဟာကိုဈေးကွက်အထိရောက်အောင်ပို့နိုင်တာဖြစ်တဲ့အတွက်ဝင်ငွေသင့်တင့်မျှတမှုရှိပါတယ်၊ ရေရှည်မှာတော့ဖြင့် ဂရံအင်းတွေမှာ ခုနကပြောခဲ့တဲ့ တင်ဒါချက်တွေမှာ ဘယ်သူကမှငါးမျိုးလာပြီး စိုက်ထည့်မှု အလွန်နည်းပါတယ်၊ ကျွန်တော်တို့ငါးဦးစီးက အထိုက်အလျောက်ပဲထည့်နိုင်ပါတယ်၊ မရှိတဲ့အတွက်သယံဇာတဆုံးရှုံးမှုတွေဖြစ်သွားမှာပါ၊ ယနေ့Water Polution တွေ ဖြစ်နေတယ်၊ စက်ရုံတွေ အလုပ်ရုံတွေကနေပြီးတော့ စွန့်ပစ်ပစ္စည်းတွေက ဒီအထဲကို ကျဆင်းနေတယ်ဆိုတဲ့ အနေအထားအရ သယံဇာတ ဟာ တော်တော်လေး ပြုန်းတီးမဲ့ အနေအထား ရေရှည်မှာရှိပါတယ်၊ ခုနကပြောခဲ့တဲ့ တင်ဒါချက်ဟာ ရေသယံဇာတပစ္စည်းဖြစ်ပြီး ရေသယံဇာတ အပေးမှာပဲ မှီခိုနေတာပါ၊ ငါးမျိုးစိုက်ထည့်မှု |

အလွန်နည်းတဲ့အတွက် ရေရှည်မှာဒါလည်းမဟုတ်ပါဘူး၊ ဒါကြောင့်မို့အဲဒီဒေသတွေမှာရှိတဲ့ ပုဂ္ဂိုလ်တွေကို ဖြည့်ဆည်းပေးဖို့ကတော့ငွေကြေးလိုပါတယ်၊ဘာဖြစ်လို့လဲဆိုတော့အဲဒီမှာ တင်ဒါချက်တွေကို လူများပင် လျှင်လည်း အတိုးကြီးစွာနဲ့ ယူရတဲ့အတွက် ငွေကြေးလိုပါတယ်၊ နောက်အဲဒီလူတွေကိုစည်းကမ်းတကျ ဖမ်းနိုင်ဖို့ကျင့်သုံးနိုင်ဖို့အတွက်အစုအဖွဲ့တွေ ဖွဲ့ပြီးသူတို့ကို Awareness ပေးဖို့လိုအပ်ပါတယ်၊ အဲဒီလို မပေးတဲ့အတွက်အိတ်ဖွင့်တင်ဒါချက်တွေမှာလည်းတင်ဒါအရေအတွက်ပိုမိုများပြားစွာဆောင်ရွက်တာရယ်၊ ငါးမဖမ်းရရာသီ သတ်မှတ်ထားသော်လည်း လစ်ရင်လစ်သလို ဆောင်ရွက်တာရယ် အဲဒီလို ဆောင်ရွက်မှု တွေကြောင့် ကျွန်တော်တို့တွေဟာ ဥပဒေက မည်သို့ပင်ဆိုစေကာမူ မြေပြင်မှာ တကယ်တန်းကျတော့ လိုက်နာမှု အားနည်းတာတွေ အများကြီးရှိပါတယ်၊ ငါးလုပ်ငန်းက လွှမ်းမိုးနိုင်မှု လူအင်အားနည်းတယ်၊ သူတို့သွားနိုင်ဖို့အတွက် အထောက်အကူပစ္စည်းတွေ နည်းပါးတဲ့အတွက် မလွှမ်းခြုံနိုင်ပါဘူး၊ ဒါကြောင့်မို့ ရေရှည်ငါးထုတ်လုပ်မှုအတွက် အဲဒီပြဿနာတွေဟာရှိနေပါတယ်၊ နောက်တတိယအချက်ဖြစ်တဲ့ ဘုံငါးဖမ်းကွက်၊ ဘုံငါးဖမ်းကွက်ကတော့ ကိရိယာလိုင်စင် လေးသာဆောင်ရတဲ့အတွက် မည်သူမဆို ဖမ်းနိုင်ခွင့်ရှိတဲ့တွက် ငါးဖမ်းလုပ်လိုသောသူများ အားလုံးလုပ်လို့ရတဲ့ အလုပ်ပါ၊ ဒါကြောင့်မို့ အားလုံးပဲ အလုပ်အကိုင် အခွင့်အလမ်းရတယ်လို့ ကျွန်တော့်ဘက်က သုံးသပ်ပါတယ်၊ နောက်တစ်ခါ ဝင်ငွေ ရရှိမှုကလည်းပဲ သူတို့တွေ ရရှိထားတဲ့ငါးတွေကို သူတို့စိတ်ကြိုက်ရောင်းဝယ်နိုင်တာ ဖြစ်တဲ့အတွက် ဝင်ငွေရရှိမှုကလည်း ငါးဖမ်းရရင်ရသလိုသယံဇာတအပေါ်မှာ မှီတည်ပြီး ဝင်ငွေတွေရရှိပါတယ်၊ ရေရှည်ကျတော့ ဒီသယံဇာတကိုပဲ အားကိုးနေတာဖြစ်တဲ့အတွက်သယံဇာတများဟာ ထုတ်ယူသုံးစွဲ လိုက်တာနဲ့အမျှလူဦးရေများလာလေထုတ်တာတွေများလာလေဖြစ်တဲ့အတွက် Over Fishing ဖြစ်ရင် တစ်ချိန်မှာ ဒီသယံဇာတတွေရဲ့ နည်းပါးမှုနဲ့သွားတွေ့ကြုံရမဲ့ အခက်အခဲရှိပါတယ်၊ ဒါကြောင့်မို့ အဲဒီပုဂ္ဂိုလ်များကိုလည်းပဲ ဘာတွေပညာပေးရမလဲဆိုတော့ သယံဇာတအပေါ်မှာ မှီနေရတဲ့ အားချက်ကို အားမပြုဘဲ ကိုယ့်ဒေသလေးတွေမှာ တနိုင်တပိုင်မွေးမြူရေးလေးတွေ ရေလုပ်ငန်းနဲ့ပတ်သက်လို့ မွေးမြူရေးလေးတွေကိုနည်းပညာတွေပေးမယ်၊ ငွေကြေးလေးတွေထောက်ပံ့မယ်ဆိုရင်ဖြင့် တော်တော် များများ အကျိုးသက်ရောက်မှုရှိနိုင်ပါတယ်၊ သူတို့ကို ပံ့ပိုးဖို့လိုတာကတော့ဖြင့် သူတို့တွေသည် ဆင်းရဲကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက် ရေလုပ်ငန်းသုံးပစ္စည်းနဲ့ လေ့လေး ဘာလေးကိုပင်လျှင် ဝယ်နိုင်တာမဟုတ်ပါဘူး၊ တစ်ချို့နေ့တွက်ငှားပြီး ဆောင်ရတာဖြစ်တဲ့အတွက် ငွေကြေးလိုအပ်မှုရှိပါတယ်၊ စုဖွဲ့မှုလိုအပ်မှုရှိပါတယ်၊ အသိပညာပေးမှုလိုပါတယ်၊ကနဦးကပြန်စမယ်ဆိုရင် ဂရုံအင်းတွေမှာ ယနေ့ခေတ်ကာလရဲ့တောင်းဆိုမှုအရဘုံစားကွက် တိုင်းဒေသကြီးရေချိုငါးဥပဒေမှာ ဘုံစားတွေ ပေးရပါမယ်ဆိုတဲ့အခါ အဲဒီအင်းတွေရဲ့ လက်တက်တွေကို ပေးတဲ့အခါမှာ ပြဿနာ တက်လာပါတယ်၊ ဘာပြဿနာလဲဆိုတော့ အင်းတွေကို ကြေးတိုင်စိုက်တာရှိတယ်၊ ကြေးတိုင်ကုန်လို့ပြန်ရောင်းတာရှိတယ်၊ ကြေးတိုင်စိုက်တဲ့ ပုဂ္ဂိုလ်များဟာ သူတို့အင်းထဲမှာ ငါးတွေကိုလွှတ်လိုက်တဲ့အခါ ငါးတွေသည် ပြန့်သွားတယ်၊ အဲဒီလက်တက်တွေထဲလဲ တက်သွားတယ်၊ အဲဒီလက်တက်တွေကို ဘုံစားလဲ ပေးလိုက်ရော အင်းသမားကြီးက ဖမ်းစရာငါးမရှိတော့ဘူး၊ သူစိုက်ထုတ်သမျှသည် ဘုံစားပေးလိုက်တဲ့ အထဲမှာပါသွားတဲ့အခါအဲဒါကြောင့်မို့ ယနေ့လက်တွေ့ဖြစ်နေတဲ့အဖြစ်အပျက်မှာ ဂါးခယ်မအင်းများဟာ တစ်ချိန်တုန်းက သိန်း (၂၀၀) လောက်တန်ပေမဲ့ ယနေ့ (၁၅) သိန်းကိုတောင်းပန် ရောင်းနေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူတွေရဲ့ ဒီမိုကရေစီတောင်းဆိုမှုနဲ့ကျွန်တော်တို့ကလည်း ဘုံစားပေးရမယ်ဆိုတဲ့ ဥပဒေနဲ့သွားပြီးချိတ်ဆက်ပြီးအဲဒီဘက်မှာပြဿနာ တွေတက်ပြီး လူအင်အားနဲ့ဖြစ်တဲ့ အတွက် သံဃာအား ဘုရားမနိုင်ဆိုတဲ့ သဘောတရားအရ ကျွန်တော်တို့က ဖြေလျော့မှုတွေ လုပ်လိုက်တဲ့ အခါမှာ

| | |
|---|---|
| | အဲဒီပြဿနာတွေ သွားတွေ့တယ်၊ ဒီလိုသာဆိုရင်နောင်တစ်ချိန်မှာအင်းတွေဟာ ကောင်းကောင်းမွေးမြူနိုင်တဲ့အနေအထားမရှိဘဲပျက်ဆီးနိုင်တဲ့ အနေအထားတွေရှိပါတယ်၊ ဘာကြောင့်ပျက်ဆီးဦးမလဲ နောက်ထပ်ကျွန်တော်တို့ကခေတ်မှီစိုက်ပျိုးရေးတွေသုံးတဲ့အခါမှာ ပေါင်းသတ်ဆေးတွေ၊ ဆေးဝါးတွေသုံးတဲ့အတွက် Water Polution ဖြစ်ပြီးတော့ ငါးမျိုးစိတ်တွေဟာ ပျက်သုန်းမဲ့ အနေအထားတွေရှိပါတယ်၊ ဒါကြောင့်မို့ စပါးသည် ထမင်းဖြစ်သလို ငါးသည်ဟင်းဖြစ်တဲ့ အတွက် ငါးမွေးသော အင်းများ ငါးမျိုးစိုက်ထည့်ရသော အင်းများမှာတော့ဖြင့် ဘုံစားလုံးဝ မပေးသင့်ပါဘူးလို့ ကျွန်တော်က ယူဆပါတယ်၊ ခုနကပြောခဲ့တဲ့ တင်ဒါချက်၊ ဘုံငါးဖမ်းကွက်၊ အဲဒီမှာတော့ဖြင့် ဘုံငါးဖမ်းကွက်တွေ ပေးရမှာပါ၊ ကျွန်တော်တို့ ဧရာဝတီတိုင်းမှာ အင်းပေါင်း (၇၇၇) အင်း ရှိပါတယ်၊ အဲဒီအထဲမှာ (၅၈) အင်း ဘုံစားပေးထားတာ ရှိပါတယ်၊ တင်ဒါချက်ကလဲ (၅၀၀၀) ကျော်ရှိပါတယ်၊ (၁၀၀၀) ကျော်ကို ဘုံစားပေးထားပါတယ်၊ ဘုံစားပေးလိုက်တဲ့အခါမှာ ဘာတွေဖြစ်သလဲ ဆိုတော့ ပြဿနာက ကျွန်တော်တို့ မြန်မာဓလေ့ထုံးစံ ဘုံစာဟိ ဆိုသလိုပဲ ထိန်းသိမ်းရကောင်းမှန်းမသိ၊ နည်းစနစ်ကျနစွာ မရှိ၊ သို့သော်လည်း ကျွန်တော်တို့ရဲ့ ဥပဒေမှာ ဘာဆိုထားသလဲဆိုတော့ အခန်း (၂)၊ပုဒ်မ (၁၃) (ဂ) မှာမြို့နယ်ဦးစီးဌာနမှူးသည်ဘုံငါးဖမ်းကွက်များအားစည်းကမ်းနှင့်အညီစနစ်တကျ ဆောင်ရွက်နိုင်ရေး အတွက် ရေလုပ်သားအဖွဲ့အစည်းများ ဖွဲ့စည်းဖို့ ခရိုင်ဦးစီးထံတင်ပြပြီး ဖွဲ့စည်းနိုင်တယ်ဆိုတဲ့ ဥပဒေရှိပြီးသားပါ၊ ဒါဟာ Community Fishery ကို ဆိုလိုခြင်း ဖြစ်ပါတယ်၊ ခရိုင်ငါးဦးစီးမှနေပြီးတော့ ဘုံငါးဖမ်းကွက်မှာ ငါးဖမ်းမည့် ပုဂ္ဂိုလ်များကို ဥပဒေနဲ့အညီ သတ်မှတ်ချက် ကလေးတွေပေးပြီး Awareness ပေးလိုက်မယ်ဆိုရင် ဒါဟာအလွန်အင်မတန်ကောင်းတဲ့ လုပ်ငန်းစဉ်တစ်ရပ်ကို ပြန်ရရှိပါမယ်၊ ယနေ့ကာလမှာတော့ဖြင့် အဲဒါဥပဒေဟာ စာအုပ်ထဲမှာရှိပြီး အသက်ဝင်နိုင်မှုက ငါးလုပ်ငန်းဦးစီးရဲ့ လူဦးရေနည်းပါးမှုနဲ့ သွားလာနိုင်မှု အထောက်အကူပစ္စည်းနဲ့ ငွေကြေးသုံးစွဲနိုင်မှု ကဏ္ဍရပ်တွေမှာအလွန်အင်မတန်အားနည်းနေတာဖြစ်တဲ့အတွက် ဒါဟာတစ်ချိန်သော ကာလအတွက် အလွန်ပဲစိုးရိမ်ရတဲ့ ကိစ္စရပ်ဖြစ်လို့နေပါတယ်၊ ဒါကြောင့်မို့ ကိစ္စရပ်တွေမှာ ဂရံအင်းမှာ အလုပ်သမားတွေရဲ့ အခြေအနေ၊ ဂင်ငွေရဲ့အခြေအနေ၊ တင်ဒါချက်မှာ အလုပ်သမားတွေ အလုပ်အကိုင်ရရှိမှု အခြေအနေ၊ တင်ဒါချက်ရဲ့ဂင်ငွေအခြေအနေ၊ ဘုံငါးဖမ်းကွက်မှာရှိတဲ့ပုဂ္ဂိုလ်တွေရဲ့အမြင် အနေအထားတွေကို အားလုံး သုံးသပ်လိုက်ရင် ကျွန်တော်တို့သည် ဥပဒေနှင့်အညီ ငါးလုပ်ငန်းကို ထိန်းသိမ်းစောင့်ရှောက်ရတာက တစ်ပိုင်း၊ သို့သော်လည်း ဥပဒေကိုထိန်းသိမ်းစောင့်ရှောက်မည့် ပုဂ္ဂိုလ်များဟာ လူအင်အား အားနည်းခြင်း အကြောင်းကြောင်းကြောင့် ဥပဒေကို ပီပြင်စွာမဆောင်ရွက်နိုင်သေးတဲ့ကာလ ဖြစ်နေပါတယ်၊ ဒါကြောင့်မို့ အဲဒီလုပ်ငန်းမျိုးမှာ ကျွန်တော်တို့တွေရဲ့ ဓလေ့စရိုက်အရ လုပ်လေ့လုပ်ထရှိတဲ့ လစ်ရင်လစ်သလို ငါးဖမ်းတဲ့ဓလေ့စရိုက်၊ ဥပဒေနဲ့ မညီညွတ်သော ကိရိယာတွေနဲ့ မညီညွတ်သော အချိန်ကာလတွေမှာ ဆောင်ရွက်ကြတဲ့အတွက် သူတို့တွေကို အလုပ်အကိုင် အခွင့်အလမ်းပေးပြီးတော့ ငွေကြေးတွေ ထောက်ပံ့ပြီး သူတို့တွေကိုယ်တိုင် ဒီအထဲမှာ ပါဝင်ပတ်သက်ပြီးတော့ ဒီကိစ္စရပ်တွေကို စောင့်ထိန်းနိုင်တဲ့ Awareness မျိုးပေးလိုက်မယ်ဆိုရင် သယံဇာတဟာပျောက်ဆုံးပျက်ဆီးမှုကို များစွာတားဆီးနိုင်မှာ ဖြစ်ပါတယ်၊ သူတို့တွေကို ဥပဒေနဲ့သာတားလစ်ရင်လစ်သလိုလုပ်တာဖြစ်တဲ့အတွက် စောင့်ရှောက်ရကောင်းမှန်းမသိတဲ့အတွက် ရေလုပ်ငန်းနဲ့ပတ်သက်တဲ့သယံဇာတတွေဟာ ဆုံးပါးရမည့် အနေအထားရှိတယ်၊ သူတို့ကိုယ်တိုင် အသိပညာရှိလို့ ဒါကတော့ စောင့်ရှောက်ရမှာပါလားဆိုတာ သိတာနဲ့အမျှ ထိန်းသိမ်းကာကွယ်လာမှာဖြစ်တဲ့အတွက် ရေရှည် အကျိုးစီးပွားမှာ သယံဇာတတွေကို ထိန်းသိမ်းနိုင်တဲ့အနေအထားမှာရှိပါတယ်၊ အစုအဖွဲ့တွေဖွဲ့ပြီးသင်တန်း တွေနဲ့ပံ့ပိုးပေးနိုင်မယ်ဆိုရင် အာဆီယံရဲ့ ထိပ်ကိုရောက်သွားမှာပါ၊ Cambodia မှ လေ့လာမှုအရ ရေလုပ်ငန်းလုပ်ဆောင်နေသော |

| | |
|---|---|
| | သူများ၏ အသိနဲ့ပေါင်းစပ်မှသာလျှင် ကောင်းမွန်နိုင်မည်ဆိုတဲ့ idea ရရှိလာပါသည်။ အင်းမြေပုံများကို ပြောင်းမယ်၊ခေတ်နဲ့လျော်ညီစွာလုပ်မယ်။ ငါးဖမ်းသမားတွေကို အစုအဖွဲ့ဖွဲ့ပြီးလုပ်မယ် ထို့နောက် ထိုသူများကို အသိဉာဏ်များပေးမှသာအောင်မြင်မည်ဖြစ်ပါသည်။ ပေါင်းစုလုပ်အား အကူအညီပေးရေး အဖွဲ့(NAG) မှ ဖျာပုံနှင့် ဒေးဒရဲမှာပြုလုပ်နေပါသည်။ FAO မှ ဘိုကလေးမှာ၂၀၀၉ ကတည်းက ပြုလုပ်နေပါသည်။ NAG သည် ပြီးခဲ့သောနှစ်မှ ပြုလုပ်သောကြောင့် မည်သည့်ရလဒ်ရမည်ဆိုသည်ကို မသိရသေးသော်လည်း ဘိုကလေးတွင်တော့ ကျွန်တော်တို့ မျှော်မှန်းထားသကဲ့သို့ ရလဒ်များရရှိပါသည်။ တနိုင်တပိုင် ငါးမွေးမြူရေး လုပ်ငန်းများကို လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။ လေ့ပိုက်၊ ငါးဖမ်းကရိယာများကိုလည်း ဖြန့်ဝေနေတာကိုလည်းတွေ့ရပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ရေလုပ်ငန်း ဒီထက်အောင်မြင်ဖို့အတွက် ပွင့်လင်းစွာနဲ့ဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါကြောင်းတင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဦးရင်ငြိမ်း - Program Officer – Network Activities Group | ကျွန်တော်တို့စီမံကိန်းသည် ဖျာပုံနှင့် ဒေးဒရဲမြို့နယ်မှာ အဓိကဆောင်ရွက်ခဲ့ပါသည်။ Oxfam and LIFT Fund နှင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ Zone သုံးဖုံခွဲနိုင်ပါသည်။ ပင်လယ်ကမ်းဝေး၊ ကမ်းနီးနှင့် ကုန်းတွင်းပိုင်းဆိုပြီးဖြစ်ပါသည်။ စီမံချက် စတင်တုန်းက Co-management ကိုသွားဖို့အစီအစဉ် မရှိခဲ့ပါဘူး။ နောက်ပိုင်းမှသာလျှင် ပြုလုပ်ဖြစ်သွားခြင်းဖြစ်ပါသည်။ VDC to FDC to (FF, IGA, Aqu and FC) ဆိုပြီးဖြစ်ပါသည်။ ထိုသို့ဖွဲ့ခြင်း၏ ရည်ရွယ်ချက်မှာ အသက်မွေးဝမ်းကျောင်းအုပ်စုထဲတွင် ဖြစ်နိုင်သော conflit များကို လျော့ချနိုင်ပြီး စုပေါင်းညှိနှိုင်းနိုင်ရန်ဖြစ်ပါသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် ကဏ္ဍပေါင်းစုံမှ တိုးတက်ဖို့လိုအပ်သောကြောင့်ဖြစ်ပါသည်။ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များနှင့် တိုင်ပင်ညှိနှိုင်းပြီးပြုလုပ်ခဲ့ပါသည်။ ရေရှည်အဖွဲ့အစည်းများ တည်တံ့ရေးအတွက် ထိုသို့ပြုလုပ်ခြင်းဖြစ်ပါသည်။ထို့အပြင်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်နိုင်ရန်လည်းရည်ရွယ်ပါသည်။ ကျေးရွာများတွင်လုပ်ဆောင်ရာတွင်လှည့်ပတ်ရန်ပုံငွေတည်ထောင်ခြင်းကိုလုပ်ဆောင်ပါသည်။ နှစ်ပိုင်းရှိပါသည်။ ကျေးရွာအဖွဲ့များကို စုစည်းရန်ဖြစ်သလို၊ ကျေးရွာတွင်ရှိသော အဖွဲ့များ အချေမခိုင်ခင်မှာ ငွေများကို မပေးမိဖို့ကအရေးကြီးပါသည်။ ၆ လ မှ ၇ လခန့် ကျေးရွာတွင်ရှိသော အဖွဲ့များကို စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ပြီးမှသာလျှင်ပေးသင့်ပါသည်။ စွမ်းဆောင်ရည်လုပ်ဆောင်ခြင်း ကောင်းခြင်းမကောင်းခြင်းသည် အဖွဲ့များ ရေရှည်တည်တံ့မှုပေါ်မှာ များစွာအကျိုးသက်ရောက်မှုရှိပါသည်။ အဖွဲ့တွေကို ခိုင်မာအောင်မလုပ်ပါက ကျေးရွာတွင်းတွင် Conflit များရှိနိုင်သလို ကျွန်တောတို့လို အဖွဲ့များထွက်သွားတဲ့ အခါမှာ ထိုအဖွဲ့တွေဟာ ပြိုလဲသွားနိုင်ပါသည်။ မိမိတို့ လုပ်လိုသော လုပ်ငန်းများကို တင်ပြပြီး ချေးငွေရယူနိုင်ပါသည်။ သို့သော်လည်း ချေးငွေ နှစ်မျိုးသုံးမျိုးမှ ယူခွင့်ပြုမထားပါဘူး။<br>မြို့နယ်အဆင့်၊ခရိုင်အဆင့်အဖွဲ့များကိုဖွဲ့စည်းတယ်။သည်အဖွဲ့တွေဘယ်လိုရပ်တည်မလဲ။သည်အဖွဲ့များရှိမှ သာလျှင် နောက်ပိုင်းငါးဖမ်းသမားများ၏ ဖွံ့ဖြိုးရေးကို ရေရှည်လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် သည်အဖွဲ့တွေရေရှည်တည့်တံ့စေရန်အတွက်လည်းလုပ်ဆောင်ခဲ့ပါသည်။ကျေးရွာအဖွဲ့များမှတစ်ရွာနှင့်တစ် ရွာပေါင်းပြီး၂၀၁၂ မှ စတင်ပြီး တင်ဒါများကို စတင်စွဲယူခဲ့ပါသည်။ နောက်ပိုင်းမှာ တင်ဒါ ၅ ခုလောက်ရရှိခဲ့ပါသည်။ သူတို့ရရှိသော လှည့်ပတ်ရန်ပုံငွေများကို စုဆောင်ပြီး ကြမ်းခင်းဈေးဖြင့်ရရန် ဌာနသို့ တင်ပြပြီးဆွဲယူခဲ့ခြင်းဖြစ်ပါသည်။ နှစ်စဉ်ရဖို့အတွက်လည်းတောင်းဆိုခဲ့ကြပါသည်။ သို့သော်နှစ်စဉ်ရရန်အတွက်ဆိုရင်ကျွန်တော်တို့ဘယ်လိုလုပ်မလဲဆိုတာကို စဉ်းစားရင်း Co-management ကို လုပ်ဖြစ်သွားခြင်းဖြစ်သွားပါသည်။ ကျွန်တော်တို့မှ ရေရှည်တည်တံ့အောင် မည်သို့ပြုလုပ်ပြမှ သာလျှင်နှစ်စဉ်ရရှိမည်ဖြစ်သည်ကိုစဉ်းစားပြီးသည်လုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဒီရေတောများ ပြန်လည်စိုက် ပျိုးဖို့ကိုလည်း plan ထဲမှာ ထည့်သွင်းရေးဆွဲထားပါသည်။ |

| | |
|---|---|
| | Illegal fishing များကို ပြန်လည်လျော့ချရေးလုပ်ငန်းများလုပ်ကိုင်ခြင်းများ လျော့ချနိုင်ရေးကိုလည်း ပြုလုပ်ခဲ့ပါသည်။ ဘိုဝင်းပိုက်လုပ်ငန်းကိုတားမြစ်ပြီး ထိုလုပ်ငန်းလုပ်ကိုင်သောသူများကို အခြားလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်ရန် ပြုလုပ်ခဲ့ပါသည်။ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်လည်း လိုအပ်သော အကူအညီများကို တောင်းဆိုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ရှင်းလင်းသော ဇရိယာသက်မှတ်ချက်ရှိရမည်ဖြစ်ပါသည်။ ကျွန်တော်တို့သည်တင်ဒါများ ဖြင့်ပြုလုပ်သောကြောင့် သိပ်ပြုလုပ်စရာမလိုပါဘူး။ အဖွဲ့များကောင်းမွန်ခြင်းနှင့် Higher level မှာ ရှိသော အဖွဲ့များမှ ပါဝင်မှ သာလျှင်လည်း ပိုမိုထိရောက်မည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဧရာဂတီတိုင်း<br>ငါးဦးစီးမှ<br>အကြံပြုခြင်း | ဧရာဂတီတိုင်းတွင် ဘုံငါးဖမ်းကွက်ပေးထားတယ် မညီညွတ်ကြဘူး၊ အဲဒီမှာ Co-management စီမံကိန်းကို လုပ်ဆောင် သင့်ပါတယ်၊ အကြံပြုတာပါ |
| | **နေ့လည်စာ သုံးဆောင်ခြင်း** |
| ဒေါ်စိုးစိုးဌေး<br>(ရခိုင်ပြည်နယ်<br>ကိုယ်စားလှယ်အဖွဲ့<br>ကိုယ်စား) | လေ့လာရေးခရီး စဉ်အတွင်း တွေ့ရှိချက်များကို အပိုင်း(၅)ပိုင်းခွဲ၍တင်ပြလိုပါသည်။<br>**ရပ်ရွာအခြေပြုစုပေါင်းလုပ်ငန်းစီမံခန့်ခွဲမှု**<br>ကျေးရွာအတွင်းစေတနာ့ဂန်ထမ်းများဖြင့် VDC (ကျေးလက်ဖွံ့ဖြိုးရေးကော်မတီအဖွဲ့များကို) NGOများ၏ထောက်ပံ့ငွေဖြင့်ဖွဲ့စည်းပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်သည်ကိုတွေ့ရသည်။ သို့ရာတွင် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှုအားနည်းသည့်အတွက် အခက်အခဲများနှင့် အဆင်မပြေမှုများကိုလည်း တွေ့ရသည်။<br>အကျိုးကျေးဇူးအနေဖြင့်ကျေးရွာအခြေပြုစုပေါင်းလုပ်ခြင်းဖြင့်ကျေးရွာအချင်းချင်းရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာကာ ပိုမိုအဆင်ပြေလာခြင်း။ ယုံကြည်မှုဖြင့် ဆွေးနွေးနိုင်သော အခြေအနေများကို အထောက်အကူဖြစ်လာစေသည်။<br>**သယံဇာတ အသုံးပြုပုံ**<br>ရွာအနီးအနားရှိ ချောင်းအင်းတင်ဒါများကို စုပေါင်းကျေးရွာများမှ ရေလုပ်သားများမှ စုပေါင်းတင်ဒါဝယ်ယူပြီး ဦးစီးလုပ်ကိုင်ခြင်းဖြင့် အခြားနှစ်များထက် ငွေကုန်ကြေးကျသက်သာပြီး စုပေါင်းစီမံခန့်ခွဲရန် အခွင့်အလမ်းများ ပိုမိုရရှိသည်ကိုတွေ့ရသည်။ ထို့အပြင် စီမံကိန်းရှိသောနေရာများမှ ဒေသခံတွေကို project မှ လှည့်ပတ်ရန်ပုံငွေ ထူထောင်ပေးခြင်း၊ အစားထိုးအသက်မွေးဝမ်းကျောင်း ဖန်တီးပေးခြင်းဖြင့် အထောက်အကူပြုသည်။ ရရှိလာသော သဘာဂသယံဇာတများကို ရပ်ရွာရေလုပ်သားအဖွဲ့မှစုပေါင်းပြီးအဂယ်ဒိုင်ဖွင့်ခြင်း။ရပ်ရွာအဖွဲ့မှစုပေါင်းပြီးတင်ဒါ ခေါ်ယူသောကြောင့် တစ်ဦးချင်းစီ အရင်းအနှီး စိုက်ငွေလျော့ချနိုင်ခြင်း။ သို့ရာတွင် ရပ်ရွာအဖွဲ့မှ စုပေါင်းပြီး အဂယ်ဒိုင်ဖွင့်ခြင်းဖြင့် ယခင်လက်ရှိ အဂယ်ဒိုင်းများနှင့် ပြဿနာဖြစ်ခြင်းများရှိပြီးလျှင် စျေးကွက် အခြေအနေ တည်ငြိမ်ခြင်းမရှိသည်ကိုတွေ့ရသည်။<br><br>**လှည့်ပတ်ရန်ပုံငွေ စနစ်ကျင်းသုံးခြင်း**<br>လှည်ပတ်ရန်ပုံငွေ စနစ်ကျင့်သုံးရာတွင် အချက် ၆ ချက်ရှိသည်ကိုတွေ့ရသည်၊၁။**စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်းဖြစ်ပါသည်၊ ၂။အဖွဲ့ဝင်များရွေးချယ်ခြင်း၊ ၃။ လစဉ်အဖွဲ့ဝင်ကြေးထည့်ဝင်ခြင်း၊ ၅။ အတိုးနှုန်း ၂% ဖြင့် ချေးငွေများထုတ်ချေးခြင်း၊ ၆။ အတိုးငွေ၏ ၅၀% ကို ကော်မတီ၏ fund ထဲတွင် ထည့်ဝင်ခြင်း၊ ၃၀% ကို ကျေးရွာဖွံ့ဖြိုးရေးအတွက် အသုံးပြုခြင်း နှင့် ၂၀% ကို ကော်မတီအသုံးစရိတ်အတွက် အသုံးပြုခြင်း**ဖြစ်ပါသည်။ |

လှည့်ပတ်ရန်ပုံငွေစနစ်ကျင့်သုံးခြင်းမှာ- အဖွဲ့ဝင်ထဲမှသုံးဦးအမည်ဖြင့်ဘဏ်စာရင်းအကောင့်ဖွင့်ထားခြင်း၊ သော့သုံးချောင်းဖြင့်မှုဂေထိန်းသိမ်းထားခြင်း၊လှည့်ပတ်ရန်ပုံငွေစနစ်ကဒေသဖွံ့ဖြိုးရေးကိုအထောက်အကူဖြစ်စေခြင်း၊ သေချာသော စီမံခန့်ခွဲမှုများရရှိပါက ပိုမိုကောင်းမွန်နိုင်ခြေရှိခြင်း၊ ရေလုပ်သားများကို စနစ်တကျရွေးချယ်ပါက လုပ်ငန်းရှင်လက်ဝါးကြီးအုပ်မှု လျော့ချနိုင်ခြင်း၊ ဈေးကွက်အုပ်စိုးမှုစနစ်ပပျောက်နိုင်ခြင်းနှင့်ဒေသမှအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်းတို့ဖြစ်ပါသည်။

<u>ဥပဒေနှင့် အသိပညာ သက်ရောက်မှုအပိုင်း</u>

- ရေလုပ်သားများစုပေါင်း အဖွဲ့၏ အဆောက်အအုံများတွင် စာကြည့်တိုက်များ၊ ဗဟုသုတဖြစ်စေသောစာအုပ်များထားရှိခြင်း။
- ရွာအဝင်တွင် ရေလုပ်ငန်းဥပဒေဆိုင်ရာ ဆိုင်းဘုတ်များကို အများပြည်သူသိစေရန် ထားရှိခြင်း။
- ရေလုပ်ငန်းအသိပညာတိုးတက်ရန် သင်တန်း ၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း။
- တစ်ဦးချင်းစီ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်လာစေခြင်း။
- ပြဿနာဖြစ်ပွားမှုရှိပါက အချင်းချင်းစုပေါင်းဖြေရှင်းတတ်ခြင်း။
- ဥပဒေမူဝါဒများကို အများပြည်သူ၏ဆန္ဒနှင့် ကိုက်ညီအောင် သက်ဆိုင်ရာဌာနများနှင့်ပြည်သူပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ပိုမိုထိရောက်မှုရှိစေခြင်း။
- ရောဂတီတိုင်း၏ ရေလုပ်ငန်းဥပဒေများတွင် တာတမံပြန်လည်တည်ဆောက်ခြင်းနှင့် ပတ်သက်သော နည်းဥပဒေများကို တိကျစွာသတ်မှတ်ခြင်းဖြင့် ရေလုပ်သားနှင့် တောင်သူလယ်သမားကြား အငြင်းပွားမှုလျော့ချနိုင်အောင် ဆောင်ရွက်ခြင်း။
- ဥပဒေများ အများပြည်သူ၏ဆန္ဒနှင့် ကိုက်ညီအောင် အစိုးရနှင့် ပြည်သူပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ပိုမိုထိရောက်မှုရှိစေခြင်း။

<u>အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍ</u>

- ရေလုပ်သားများဘဝကို ပိုမိုမြင့်တက်လာစေရန် လှည့်ပတ်ရန်ပုံငွေများသုံးစွဲပြီး အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်စေခြင်း
- ဥပမာ - ဈေးဆိုင်၊မွေးမြူရေးလုပ်ငန်း၊တနိုင်တပိုင်ငါးမွေးမြူရေးလုပ်ငန်း။စိုက်ပျိုးရေးလုပ်ငန်း။ရောင်းဝယ်ရေးလုပ်ငန်းများ။ ....

**အခြား အကြံပြုလိုသောအချက်များမှာ**

- ငါးဖမ်းကိရိယာများကို ကန့်သတ်ခြင်းဖြင့် သယံဇာတများ မျိုးသုန်းမှုကာကွယ်တားဆီးနိုင်။
- ရပ်ရွာအချင်းချင်းစုပေါင်းလုပ်ခြင်းဖြင့် စည်းရုံးမှုပိုမိုရှိလာနိုင်။
- ရပ်ရွာလုပ်သားများစုပေါင်းစီမံခန့်ခွဲမှုစနစ်ကြောင့်အစိုးရဘက်မှအခွန်ကောက်ခံရာတွင်တစ်ဦးချင်းစီထံကွင်းဆင်းကောက်ခံရန်မလိုဘဲလွယ်ကူစွာကောက်ခံနိုင်ခြင်း
- ငါးလုပ်ငန်းဦးစီးဌာန အနေနှင့် လည်း သွားလာရေးအခက်အခဲများကို လျော့ချနိုင်ခြင်း
- ရေလုပ်သားငယ်များအတွက်လည်း မြို့သို့သွားရောက်အခွန် မဆောင်ရခြင်း

| | |
|---|---|
| | • မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအသင်း(ရောဝတီ)တွင်အဖွဲ့ဝင်ဦးရေတိုးပွားလာခြင်းဖြင့်စုပေါင်းစီမံခန့်ခွဲမှုစနစ်ကို အထောက်အကူပြုစေခြင်း။<br>• အချင်းချင်းချိတ်ဆက်ရာတွင်ကျေးရွာအချင်းချင်းသာထိတွေ့မှုရှိပြီးခရိုင်မြို့နယ်၊ ကျေးရွာများချိတ်ဆက်မှုအားနည်း<br>• စုပေါင်းစီမံခန့်ခွဲမှုမှရေလုပ်သားငယ်များအခန်းကဏ္ဍက၃၀% သာအောင်မြင်ကြောင်းတွေ့ရှိရ<br>• စီမံခန့်ခွဲမှုသို့ ရန်ပုံငွေအားနည်းမှု၏အကျိုးဆက်များအဖြစ် မှန်းဆနိုင်။<br>• လုပ်ငန်းလုပ်ဆောင်ရာတွင် အဟန့်အတားဖြစ်စေမည့် အချက်များကို သေချာစွာ ခန့်မှန်းရန်လိုအပ်။<br>• ဥပဒေမူဂါဒများကိုအကောင်အထည်ဖော်ရန်သက်ဆိုင်ရာဌာနများနှင့်တွေ့ဆုံပြီးအရှိန်တိုးမြှင့်ညှိနှိုင်းမှုများလုပ်ဆောင်ရန်လိုအပ်။<br>• VDC နှင့် FDC, ရေလုပ်သားငယ်များအကြား ချိတ်ဆက်မှုပိုမိုအားကောင်းလာစေရန် လုပ်ဆောင်သင့် ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဦးအောင်မြကျော် -<br>ဥက္ကဌ<br>(ရခိုင်ပြည်နယ်<br>လွှတ်တော်<br>ဥပဒေပြုရေး<br>ကော်မတီ) | ရခိုင်ပြည်နယ်တွင်လတ်တလောအားဖြင့်တင်ဒါစနစ်ကိုလုံးဝဖျက်သိမ်းထားသည်။သို့သော်ဥပဒေတွင်ထည့်သွင်းဖျက်သိမ်းခြင်းတော့မရှိသေးပေ။သို့သော်တင်ဒါတွေကိုဖျက်သိမ်းလိုက်ခြင်းအနေဖြင့်အထိန်းအကွပ်မရှိငါးဖမ်းဆီးမှုကြောင့် ငါးအရင်းအမြစ်များလျော့နည်းလာခဲ့ပါသည်။ ထို့ကြောင့် ဥပဒေနှင့် ပြန်လည်ထိန်းသိမ်းရန် ဆွေးနွေးခဲ့ကြသည်။ သို့သော်လည်း ရခိုင်ပြည်နယ်သည်ရေချိုနည်းပါးသောဒေသဖြစ်သောကြောင့်ပြည်နယ်၏ဥပဒေမှာရေချိုငါးလုပ်ငန်းဥပဒေဖြစ်တဲ့အတွက်အခက်အခဲများနှင့်ကြုံတွေ့ခဲ့ရပါတယ်။ ရခိုင်ပြည်လွှတ်တော်ကိုယ်စားလှယ်များအနေနှင့်ငါးသယံဇာတထိန်းသိမ်းမှုအပိုင်းများကိုမည်သို့ကာကွယ်နိုင်မည်ဆိုသည်ကို ၂၀၁၂မှ စတင်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဥပဒေရေးဆွဲထိန်းသိမ်းခြင်းသည် ထိရောက်မှုပိုမိုရှိမည်ဟု ဆုံးဖြတ်ခဲ့ကြပြီး ဥပဒေကြမ်းတစ်ခုကိုစတင်ရေးဆွဲကြပါတယ်၊ ငါးသယံဇာတထိန်းသိမ်းခြင်းအပါအဝင်၊ ဥပဒေကို ပြည်သူလူထုက လိုက်နာဖို့အတွက် ထည့်သွင်းစဉ်းစားကြပြီး ဥပဒေရေးဆွဲရာတွင် ရခိုင်ပြည်နယ်ရပ်ရွာအခြေပြု စုပေါင်းစီမံခန့်ခွဲမှုစနစ်ကို အလေးထား ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ ဥပဒေ တစ်ခု ဖြစ်လာတဲ့အပိုင်းကို (၂) ပိုင်းနဲ့ ခွဲခြားပြလိုပါသည်။<br>ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေ (ပထမမူကြမ်း)ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ အဌမမြောက် လွှတ်တော် အစည်းအဝေးတွင်စတင်ရေးဆွဲခဲ့ပါတယ်၊စားပွဲပေါ်မှာရေးဆွဲတာဖြစ်တဲ့အတွက်ရေလုပ်သားအကြောင်းအပြည့်အစုံ ထည့်သွင်းနိုင်ခြင်းမရှိခဲ့ပေ။၎င်းပထမမူကြမ်းတွင် အခန်းပေါင်း (၁၄) ခန်း၊ ပုဒ်မပေါင်း (၇၁) ခုနဲ့ စတင်ရေးဆွဲခဲ့သည်။ ရခိုင်ပြည်နယ်ရေလုပ်ငန်းမိတ်ဖက်အဖွဲ့မှလည်း ဥပဒေကြမ်းတစ်ခုကို ရေးဆွဲပြုစုတင်ပြခဲ့ပြီး ရခိုင်လွှတ်တော်၏ ဥပဒေမူကြမ်းနှင့်ပူးပေါင်းပြီး ဥပဒေကောင်းတစ်ခုဖြစ်အောင်ရေးဆွဲနိုင်ရန် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးဒုတိယမူကြမ်းကို ရေးဆွဲခဲ့ပါတယ်။<br>၎င်းတွေ့ဆုံပွဲရလာဒ်အနေနှင့်နိုင်ငံတကာမှာငါးလုပ်ငန်းနှင့်ပတ်သက်ပြီးမူဝါဒဥပဒေများရေးဆွဲထားပုံ၊ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်ပြည်သူလူထုနှင့်စုပေါင်းစီမံခန့်ခွဲပုံတို့ကိုလေ့လာနိုင်ရန်ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံများသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည်။<br>ကမ္ဘောဒီးယားနိုင်ငံ၏ ရေချိုငါးလုပ်ငန်း ဥပဒေနဲ့ပတ်သက်၍လေ့လာတွေ့ရှိချက်များမှာ (၂၀၀၀) ခုနှစ်နောက်ပိုင်းမှာ အများပြည်သူ ရေလုပ်သားများနဲ့ တိုင်ပင်ပြီးတော့ ဥပဒေကို ပြန်လည်ရေးဆွဲခဲ့ရာ (၆) နှစ် ကြာအောင် ရေးဆွဲခဲ့ပြီး (၂၀၀၆) ခုနှစ်တွင်မှ ပြီးစီးခဲ့သည်။ ငါးလုပ်ငန်းများကို လေလံစနစ်ဖြင့် စတင်ခဲ့ကြပြီ၊ လေလံစနစ်သည် ရေလုပ်သားတွေအတွက် အလွန်ပြဿနာများသော စနစ်ဖြစ်သည့် အတွက် (၂၀၀၀) ခုနှစ်တွင် (၅၆%) အထိ လျော့ချပေးခဲ့ပြီး ယခုအချိန်ဆိုလျှင် (၇၃%) အထိ |

ဖျက်သိမ်းပြီးဖြစ်သည်။ကျန်ရှိနေသော ရေပြင်များကို ငါးသယံဇာတ ထိန်းသိမ်းရေးနေရာအဖြစ် သတ်မှတ်ထားရှိပြီး၊ ယခုဆိုလျှင် ရေလုပ်သားများအားအခြေခံသော အဖွဲ့များဖွဲ့စည်းပေးထားပြီး ပြုပြင်ပြောင်းလဲမှုများကိုလုပ်ဆောင်ခဲ့သည်မှာ အလွန်အောင်မြင်မှု ရရှိသည်ကိုတွေ့ရှိရပါသည်။ ရေလုပ်သားအဖွဲ့များစနစ်တကျ ပေါ်ပေါက်လာနိုင်ရန်အစိုးရနှင့်အစုအဖွဲ့ကြားတွင် Community Fisheries အဖွဲ့ တစ်ခုကိုထားပြီး လုပ်ဆောင်ခြင်းကြောင့် အစိုးရနှင့်အဖွဲ့များကြားတွင်ပြဿနာများ နည်းသွားပြီး ရေလုပ်သားအစုအဖွဲ့များအနေနှင့်လည်း စနစ်တကျဖွံ့ဖြိုးတိုးတက်မှုများ ရှိနေသည်ကိုတွေ့ရသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ Closed Seasonနှင့် Open Season များကို အချိန်နှင့် နယ်မြေများကို အတိအကျ သတ်မှတ်ထားသည်မှာ မှတ်သားဖွယ်ရာဖြစ်သည်။ နိုင်ငံ၏မြောက်ပိုင်းနှင့် တောင်ပိုင်းကို ပိုင်းခြားပြီး သတ်မှတ်ထားတာကိုတွေ့ရသည်။ မြောက်ပိုင်းကို ဇွန်လမှ မတ်လအထိ၊ တောင်ပိုင်းကို ဇူလိုင်လမှာ အောက်တိုဘာလအထိ ငါးမဖမ်းရရာသီအဖြစ် ကွဲပြားစွာ သတ်မှတ်ထားသည်။ ငါးဖမ်းရာသီကိုလည်း မြောက်ပိုင်းတွင် အောက်တိုဘာလမှ မေလအထိ၊ တောင်ပိုင်းတွင် နိုဝင်ဘာလမှ ဇွန်လအထိ သတ်မှတ်ထားကြသည်။ နိုင်ငံ၏ အခြေအနေကိုလိုက်ပြီး ပိုင်းခြားထားသည်ကိုလည်း မှတ်သားရသည်။ CFI အဖွဲ့များမှဖွဲ့စည်းထားသော ရေလုပ်သားအဖွဲ့အစည်းများသည် အခြားဝင်ငွေများရရှိရန်အတွက် Ecotourismလုပ်ငန်းတွေကိုလည်းလုပ်ကိုင်ကြသည်။၎င်းဒေသများတွင်နေထိုင်ကြသည့်လူနေမှုဘဝပုံစံမှာ လည်းကမ္ဘာလှည့်ခရီးသွားများကိုဆွဲဆောင်မှုပေးနိုင်တာကြောင့် Ecotourism ကအောင်မြင်တာတွေ့ရ ပါတယ်။၎င်းမှရသောဝင်ငွေများကို ရေလုပ်သားနှင့် ရပ်ရွာလုပ်ငန်းအတွက် အချိုးညီ ခွဲဝေသည်ကို တွေ့ရပါတယ်။ ထိုင်းနိုင်ငံရဲ့ ရေချိုငါးလုပ်ငန်း ဥပဒေနဲ့ပတ်သက်၍လေ့လာတွေ့ရှိချက်များကိုတင်ပြရာတွင် (၁၉၄၇) ခုနှစ်တွင် ရေချိုငါးလုပ်ငန်းဥပဒေကို စတင်ရေးဆွဲခဲ့ပြီး ယနေ့အချိန်အထိ ကျင့်သုံးလာခဲ့ကြ ပါသည်။ အခုအခါ ၎င်းဥပဒေမှာ လိုအပ်ချက်များစွာ ရှိလာတဲ့အတွက် ရေလုပ်သားများက ပြင်ဆင်ရေးဆွဲရန် ကြိုးစားလျှက်ရှိသည်။ထိုင်းနိုင်ငံတွင်ဥပဒေတစ်ခုကို ပြင်ဆင်လိုပါက အချက်(၃)ချက်ဖြင့် ပြင်ဆင်နိုင်ပါသည်။

- လွှတ်တော် ကိုယ်စားလှယ် (၂၀) ဦး လက်မှတ်ထိုးခြင်း
- အစိုးရဌာနမှ ဥပဒေဆွဲပြီး လွှတ်တော်သို့ တင်ပြခြင်း
- ပြည်သူလူထု (၁၀၀၀၀) လက်မှတ်ထိုးပြီး ပါလီမန် ဥက္ကဌထံသို့ တင်ပြ တောင်းဆိုခြင်း

လက်ရှိအခြေအနေတွင်၎င်းဥပဒေကိုပြင်ဆင်မည့်မူကြမ်းရေးဆွဲပြီးလွှတ်တော်သို့တင်မည့်အချိန်တွင်လွှတ် တော်အားရုတ်သိမ်းထားသည့်အတွက် ဥပဒေအားပြင်ဆင်ရန် အခက်အခဲရှိနေသည်။ ထိုပြုပြင်လိုသည့် အချက်များတွင် ငါးဖမ်းဆီးခြင်းမဟုတ်ဘဲ ငါးသယံဇာတ ထိန်းသိမ်းရေးကို အဓိကထား ပြုပြင်လိုကြ သည်ကိုတွေ့ရသည်။ ကျွန်တော်တို့၏ရေလုပ်ငန်းဥပဒေမူဝါဒများတွင်လည်း ငါးသယံဇာတ ထိန်းသိမ်းခြင်း ကိစ္စရပ်များကိုထည့်သွင်းရေးဆွဲသင့်ကြောင်းလေ့လာတွေ့ရှိရပါတယ်။ ငါးမွေးမြူရေးကဏ္ဍကိုလည်း တိုးတတ်အောင်ဥပဒေထဲမှာထည့်သွင်းရေးဆွဲထားတာကိုတွေ့ရပြီးများများမွေးမြူမှ ငါးပုစွန်ပိုမိုရရှိမည် ဆိုသည့်မူဝါဒကို အခြေခံပြီးရေးဆွဲထားပါသည်။ ထိုင်းနိုင်ငံတွင် ငါးလုပ်ငန်းနဲ့ ပတ်သက်ပြီး ဥပဒေ (၃) ခု ရှိသည်။

- ရေချိုငါးလုပ်ငန်း ဥပဒေ
- ကမ်းနီးငါးဖမ်းလုပ်ငန်း ဥပဒေ
- ကမ်းဝေးငါးဖမ်းလုပ်ငန်း ဥပဒေ - တို့ဖြစ်ပါသည်။

၎င်းဥပဒေများမှာ မြန်မာနိုင်ငံရှိဥပဒေများနှင့်တူညီသည်။ ကမ်းနီးကိုသတ်မှတ်ရာတွင် ကမ်းမိုင်အကွာ အဝေးကို အဓိကမထားပဲ ရေအနက်အပေါ်မူတည်ပြီးသတ်မှတ်သည်ကိုတွေ့ရသည်။ ကမ်းဝေးကို

| | |
|---|---|
| | နိုင်ငံတော်မှတိုက်ရိုက်ကိုင်တွယ်ပြီး ကမ်းနီးကိုဒေသန္တရအာဏာပိုင်များကိုင်တွယ်သည်မှာ ကျွန်တော်တို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များနှင့် တူညီသည်ကိုတွေ့ရသည်။ ခရုမွေးမြူခြင်းနှင့် ခရုမမွေးရဇုံ သတ်မှတ်ထားသည်။ ခရုများကိုငါးများစားသုံးသောကြောင့် ငါးပေါများစေရန် သတ်မှတ်ပေးထား ခြင်းဖြစ်သည်။ ၄င်းအချက်သည် စိတ်ဝင်စားစရာကောင်းပြီး ကျွန်တော်တို့ဥပဒေများတွင်လည်း ထည့်သွင်းသင့်သည်။ ထိုင်းနိုင်ငံတွင်လည်း ငါးဖမ်းကွက်များကို တင်ဒါလေလံစနစ်ဖြင့် လုပ်ဆောင်ခဲ့ကြ သော်လည်းယခုအခါ တင်ဒါစနစ်ကိုဖျက်သိမ်းပြီးဖြစ်သည်။ တရားမဝင်ငါးဖမ်းကရိယာများနှင့် ပါတ်သက်၍ တင်းကျပ်စွာကိုင်တွယ်သည်ကို တွေ့ရသည်။ တရားမဝင် ငါးဖမ်းကြိယာများနှင့် ဖမ်းဆီးရန် ပြင်ဆင်ရုံမျှဖြင့် တရားစွဲဆိုနိုင်အောင် သတ်မှတ်ထားသည်။ ငါးမဖမ်းရရေပြင်တွင် ဖမ်းဆီးလျှင် ဘက်ငွေတစ်သန်းအထိဒဏ်ငွေသတ်မှတ်ထားသည်။ ယခုပြင်ဆင့်မည့် ဥပဒေကို ၁၇နှစ် ကြာအောင် ရေးဆွဲခဲ့ရသည်။ ယခင်က ၁နာရီငါးဖမ်းလျှင် ပျမ်းမျှအားဖြင့် ၁၂၅ကီလိုဂရမ် ရှိခဲ့ရာမှ ယခုအခါ ၁နာရီတွင် ၂၃ကီလိုဂရမ် သာရရှိသောကြောင့် ငါးသယံဇာတထိန်းသိမ်းရေး လုပ်ငန်းများကိုအဓိကထား လုပ်ဆောင်နေရသည်။ ရေလုပ်သားများကိုအခြေခံသောအစုအဖွဲ့များကို ဖွဲ့စည်းပေးပြီး အောင်မြင်လျှက် ရှိသည်ကိုတွေ့ရသည်။ ရေလုပ်သားအစုအဖွဲ့လုပ်ကိုင်နိုင်ရန်အတွက် ဝန်ကြီးချုပ်ကိုယ်တိုင်ဦးစီး၍ ကော်မတီတစ်ခုကိုဖွဲ့စည်းကာစီမံခန့်ခွဲမှုများလုပ်ဆောင်လျက်ရှိသည်။ ထိုအစုအဖွဲ့များအတွက်လိုအပ်သောဘက်ဂျတ်ကိုနိုင်ငံတော်မှ တစ်နှစ်လျှင် ဘတ်ငွေသန်း၃၇၇ အထိခွင့်ပြုပြီး ငါးသယံဇာတမပြုန်းတီးရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်ကိုတွေ့ရသည်။ ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ တတိယမူကြမ်းကို၂၇၁၄ခုနှစ် မေလတွင် ပြီးစီးအောင် ရေးဆွဲ နိုင်ခဲ့ပြီး ၄င်းတတိယမူကြမ်းတွင် အခန်းပေါင်း၁၅ခန်း၊ ပုဒ်မပေါင်း ၈၁ခုဖြင့် ဖြည့်စွက်ရေးဆွဲ ခဲ့ပါသည်။ ၄င်းဥပဒေမူကြမ်းတွင်ရေလုပ်သားများ၏သဘောထားများကိုထည့်သွင်းစဉ်းစားနိုင်ရန်လူထုသဘောထား ကောက်ခံသည့်လုပ်ငန်းစဉ်ကိုလည်းကောက်ခံခဲ့ပါသည်။ ၄င်းရေလုပ်သားများ၏အကြံပြုချက်များကို ဥပဒေမူကြမ်းတွင် ထပ်မံဖြည့်စွက်ပြီး နောက်ဆုံးဥပဒေမူကြမ်းအားလွှတ်တော်၏ ဒသမပုံမှန်အစည်းအဝေး တွင်တင်သွင်းခဲ့ပါသည်။ယခုအခါထိုဥပဒေကိုအခြေခံပြီးနည်းဥပဒေများထွက်ရှိအောင်နှင့်ရခိုင်ပြည်နယ် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက်စီမံချက်များရေးဆွဲပြီး လုပ်ငန်းအဖွဲ့ ၆ခုဖွဲ့စည်းကာဆက်လက် လုပ်ဆောင်လျက်ရှိပါသည်။ ၄င်းလုပ်ငန်းစဉ်များနှင့် ဒီမိုကရေစီ အကူးအပြောင်းကာလအရွေ့ တစ်ခုအောင်မြင်ရန်အရပ်ဘက်အဖွဲ့အစည်းတွေနှင့်လူထုပါဝင်ဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဦးထူးမြင့် - ရခိုင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူး | ရခိုင်ပြည်နယ်သည်မြန်မာနိုင်ငံအနောက်ဘက်ခြမ်းတွင်တည်ရှိပြီးချင်းပြည်နယ်ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ဧရာဝတီတိုင်းဒေသကြီးနှင့်နယ်နမိတ်ဆက်စပ်လျက်ရှိသောပြည်နယ်တစ်ခုဖြစ်ပါသည်။ ပြည်ပနိုင်ငံအနေဖြင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ရေမြေဆက်စပ်လျက်ရှိပြီး၊ဘင်္ဂလားပင်လယ်အော်နှင့်ထိစပ်လျက်ရှိသောဒေသတစ်ခုဖြစ်ပါသည်။ ပြည်နယ်တစ်ခုလုံး၏ဧရိယာအကျယ်အဝန်းမှာ (၁၄၂၇၇.၇၈)စတုရန်းမိုင ကျယ်ဝန်းပြီး၊ပင်လယ်ကန်းရိုးတန်းအနေဖြင့် (၄၄၃) မိုင်ရှည်လျားပါသည်။ ရခိုင်ပြည်နယ်တောင်ဘက်ခြမ်းမှာ ပင်လယ်နှင့်ရိုးမကြားကျဉ်းမြောင်းသော မြေပြန့်သာရှိပြီး မြောက်ဘက်ကမ်းတွင် ကုလားတန်မြစ်၊ လေးမြို့မြစ်၊ နတ်မြစ်၊ မေယုမြစ် စသည့်မြစ်ကြီးများအပြင်ချောင်းငယ်၊ မြောင်းငယ်များဖြင့် မြစ်ဝကျွန်းပေါ် ဒေသသဖွယ်ဖြစ်နေသည့်အတွက် ရေချို၊ ရေငန်ငါး၊ ပုစွန် သယံဇာတများ ပေါကြွယ်ဝသည့် ပြည်နယ် တစ်ခုဖြစ်ပါသည်။ ရေသယံဇာတပေါကြွယ်သည့် ရေခံ၊ မြေခံကောင်းသည့်ပြည်နယ်ဖြစ်သည်နှင့် လျော်ညီစွာ ရေလုပ်ငန်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေလိုသော ရည်ရွယ်ချက်ဖြင့် နှစ်တိုနှစ်ရှည် စီမံကိန်းများ ဆွဲ၍ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင်လျှပ်စစ်မီးရရှိပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကိုင်တိုင် |

| | |
|---|---|
| | တတ်ကြွစွာဖြင့်လှုပ်ရှားပါဝင်လျှက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှာ ရေချိုအရင်းအမြစ်ကအလွန်နည်း ပါတယ်။<br><br>ငါးလုပ်ငန်းဦးစီးဌာန၏လုပ်ငန်းတာဝန်များ<br><br>❖ ငါးပုစွန်မွေးမြူရေးလုပ်ငန်းအားစနစ်တကျစီမံကြီးကြပ်ကွပ်ကဲရန်။<br><br>❖ သဘာဝပတ်ဝန်းကျင်ရာသီဥတုနှင့် သဟဇာတဖြစ်စေမည့် ငါး/ပုစွန်မွေးမြူနည်းစနစ်များ (Environmental Friendly Aquaculture) ဖြစ်ပေါ်လာစေရေးနှင့်ထုတ်လုပ်မှုမြင့်မားသော မွေးမြူရေးအခြေခံငါး/ပုစွန်များကိုဖမ်းဆီးထုတ်လုပ်ခြင်း(Culture Based Capture Fisheries) လုပ်ငန်းများ တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် စနစ်တကျစီမံဆောင်ရွက်ရန်။<br><br>❖ ရေသတ္တဝါမွေးမြူရေးဆိုင်ရာဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများကိုကာလဒေသတို့နှင့် လိုက်လျောညီထွေမှုရှိစေရန်ပြင်ဆင်သတ်မှတ်ထုတ်ပြန်နိုင်ရေးဆောင်ရွက်ရန်။<br><br>❖ နိုင်ငံတော်ပိုင်ရေပြင်တွင် မွေးမြူရေးဆိုင်ရာ သက်ရှိသယံဇာတ အရင်းအမြစ်များ၏ အမျိုးအစားကြွယ်ဝမှု၊ ထုတ်လုပ်မှု၊ သုံးစွဲမှု၊ စားသုံးမှုပမာဏ အတက်အကျများကို စနစ်တကျသုတေသနပြုစုမှတ်တမ်းတင်ရန်။<br><br>❖ မွေးမြူရေးဆိုင်ရာ အခွန်အခများအား အပြည့်အဝကောက်ခံနိုင်ရန် စီမံဆောင်ရွက်ရန်။<br><br>❖ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းတစ်ရပ်လုံးအားမျက်ခြေမပြတ်လေ့လာသုံးသပ်၍ကမ္ဘာကြီးပူနွေး လာမှုနှင့်ရာသီဥတုပြောင်းလဲမှုကြောင့်ရေရေသတ္တဝါမွေးမြူရေးလုပ်ငန်းများအပေါ်သက်ရောက် မှုများကိုလေ့လာမှတ်တမ်းတင်၍ထူးခြားသည့် အခြေအနေများအားအထက်အဖွဲ့အစည်းများသို့ အချိန်နှင့်တပြေးညီတင်ပြအစီရင်ခံရန်။<br><br>Types of Fisheries<br>➢ Inland Fisheries (ရေချိုငါးဖမ်းခြင်း)<br>➢ Marine Fisheries (ရေငန်ငါးဖမ်းခြင်း)<br>➢ Aquaculture (မွေးမြူခြင်း)<br><br>ရခိုင်ပြည်နယ်၏ ရေလုပ်ငန်းဆိုင်ရာ လုပ်ငန်းများ<br><br>ရခိုင်ပြည်နယ်၏ရေလုပ်ငန်းနှင့်ဆက်စပ်နေသည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-<br><br>• ပင်လယ်ကမ်းနီး/ကမ်းဝေးငါးဖမ်းလုပ်ငန်း<br>• တင်ဒါငါးဖမ်းကွက်လုပ်ငန်းများ(ယာယီဆိုင်းငံ့ထားပါသည်။)<br>• ဘုံငါးဖမ်းလုပ်ငန်း<br>• ရေချို/ရေငန် ငါး/ပုစွန်မွေးမြူရေးလုပ်ငန်း<br>• ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းသယ်ယူပို့ဆောင်သည့် လုပ်ငန်းများ<br>• ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်သည့် အအေးခန်းစက်ရုံနှင့် အလတ်စား၊ အငယ်စား ပြုပြင်မွမ်းမံသည့်လုပ်ငန်းများ |

ရခိုင်တွင် လျှပ်စစ်မီးရရှိလာသည့်အတွက် အအေးခန်းစက်ရုံများအတွက်ကောင်းမွန်စွာ လုပ်ငန်း လုပ်ကိုင်လာနိုင်ကြောင်း၊ ယခင်က ဒီဇယ်ဂယ်ယူပြီး လုပ်ဆောင်ရသည့်အတွက် လုပ်ငန်းကုန်ကျစရိတ်အလွန်မြင့်မားပြီး ကုန်ထုတ်မှု အလွန်နည်းပါးခဲ့ပါကြောင်း။

ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမည့်နည်းလမ်း

❖ ပင်လယ်ကမ်းနီး/ ကမ်းဝေးလုပ်ငန်းများ

ပင်လယ်ကမ်းနီးငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်
ဆောင်ရွက်ရမည့်နည်းလမ်းများ

- ကမ်းနီးငါးဖမ်းဆီးထုတ်လုပ်ရေးအစုအဖွဲ့များသို့လိုအပ်သောငွေကြေးများပံ့ပိုး ထုတ်ချေးပေးခြင်း၊
- ရေငန်ပုစွန်ဖမ်းဆီးထုတ်လုပ်ရေးအစုအဖွဲ့များသို့ လိုအပ်သောငွေကြေးများပံ့ပိုး ထုတ်ချေးပေးခြင်း၊
- ငါးဖမ်းပိုက်များအား အခမဲ့(သို့) ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း၊
- တရားမဝင်ငါးဖမ်းဆီးနည်းများအား တားမြစ်ကာကွယ်ပေးခြင်း၊

ကမ်းဝေးငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ

- ဒရွတ်ဆွဲပိုက်လှေစီးရေအား ကန့်သတ်လျော့ချခြင်း၊
- တရားမဝင်ငါးဖမ်းဆီးနည်းများအား တားမြစ်ကာကွယ်ခြင်း၊

❖ ရေချို/ရေငန်ငါး/ပုစွန် မွေးမြူရေးလုပ်ငန်းများ

ရေချိုမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက်ငါးသားပေါက်များအလွယ်တကူဂယ်ယူ/သယ်ယူရရှိရေးအတွက် (seed Production) အဓိကလိုအပ်ချက်ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ဘူးသီးတောင်မြို့နယ်တွင် ရေချိုငါးသားပေါက်စခန်းကို(၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်တွင် အပြီးတည်ဆောက်ခဲ့ပြီး၊ ယခုအချိန်တွင်ရေချိုငါးသားပေါက်များဖြန့်ဖြူးပေးနေပြီဖြစ်ပါသည်။ ကျောက်တော်မြို့နယ်တွင်လည်း ရေချိုငါးသားပေါက်စခန်းကို(၂၀၁၄-၂၀၁၅)ခုဘဏ္ဍာရေးနှစ်တွင်အပြီး တည်ဆောက်မည်ဖြစ်ပါသည်။ ကျောက်တော်မြို့နယ်တွင်ငါးသားပေါက်စခန်းတစ်ခု တည်ဆောက်ပြီးစီးပါက ရခိုင်ပြည်နယ်အတွင်းရှိ ရေချိုဒေသမြို့နယ်များသာမက ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သို့လည်း ရေချိုငါးသားပေါက်များ ဖြန့်ဖြူးမွေးမြူနိုင်မည်ဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့သောရေထွက်ပစ္စည်းများအနက် ရေချိုငါးတင်ပို့မှုမှာ အများဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ရေချိုငါးတင်ပို့မှုတွင်လည်း ငါးမြစ်ချင်းငါးများတင်ပို့မှုမှာတန်ချိန်၊ တန်ဖိုး အများဆုံးဖြစ်ပါသည်။ ၎င်းငါးများမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ တင်ပို့သော ငါးများဖြစ်၍ သယ်ယူပို့ဆောင်သည့် အချိန်ကာလကြာမြင့်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်ရောက်ရှိချိန်တွင်အရည်အသွေးကျဆင်းမှု၊ လတ်ဆတ်မှု အားနည်းမှုများကြောင့် ဈေးကောင်းမရသည့် အနေအထားကိုလည်း ကြုံတွေ့နေရပါသည်။
သို့ဖြစ်ပါ ရခိုင်ပြည်နယ်အတွင်း ရေချိုငါးသားဖေါက်စခန်းတည်ဆောက်နိုင်ပြီး၊ ရေချိုငါးသားဖောက်များ အမယ်စုံထုတ်လုပ်မွေးမြူနိုင်မည်ဆိုပါက ပြည်နယ်ဒေသအတွင်း ရေချိုငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံခြားပို့ကုန်ရရှိခြင်း၊ လတ်ဆတ်သောရေထွက်ပစ္စည်းများတင်ပို့နိုင်ခြင်း၊ မွေးမြူရေး လုပ်ငန်းရှင်များဝင်ငွေတိုးခြင်း၊ ငါးမွေးကန်များတွင် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ

ရရှိခြင်းစသော အကျိုးကျေးဇူးများခံစားရမည်ဖြစ်ပါသည်။ ရေချိုငါးမွေးမြူရေးကဏ္ဍတိုးတက်စေရေး အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် သားပေါက်ထုတ်လုပ်သည့်စခန်းကို ဘူးသီးတောင်မြို့နယ်တွင ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ်အပြီးတည်ဆောက်ခဲ့ပြီး ယခုအချိန်တွင်ငါးသားပေါက်များ ဖြန့်ဖြူးပေး နေပြီဖြစ်ပါသည်။ကျောက်တော်မြို့နယ်တွင်လည်း ငါးသားပေါက်စခန်းကို(၂၀၁၄-၂၀၁၅)ခုဘဏ္ဍာရေး နှစ်တွင်အပြီးတည်ဆောက်သွားမည်ဖြစ်ပါသည်။ ယခုလက်ရှိ(၂၀၁၄-၂၀၁၅)ခုဘဏ္ဍာရေးနှစ်၊ ဧပြီလမှ နိုဝင်ဘာလကုန်အထိ နယ်စပ်ကုန်သွယ်ရေးစနစ်(စစ်တွေ)မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့သည့် ပို့ကုန်စာရင်းများအရ ရေထွက်ပစ္စည်းတင်ပို့မှုမှာ တန်ချိန်(၁၇၉၄.၇၉)တန် တင်ပို့နိုင်ပြီး၊တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ(၁၈၅၈၇၉၃.၂၀)ဖြစ်ကြောင်း စီစစ်တွေ့ရှိရပါသည်။

ရေငန်ပုစွန်မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဆောင်ရွက်ရမည့်နည်းလမ်းများ

- ❖ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်း သယ်ယူပို့ဆောင်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဆောင်ရွက်ရမည့် နည်းလမ်းများ
- ❖ ရေထွက်ပစ္စည်းများကိုင်တွယ်ရာတွင် အရည်အသွေးကျဆင်းမှု မရှိစေရေးအတွက် ဆောင်ရွက် ရမည့်နည်းလမ်းများအား သင်တန်းပေးခြင်း။
- ❖ ရေခဲများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် ရေခဲစက်များတွင် အသုံးပြုသည့်လျှပ်စစ်ဓါတ်အားခသက်သာစေရေးနှင့် လောင်စာဆီများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း။
- ❖ ရေခဲစက်များ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော အရင်းအနှီးများ ထုတ်ချေးပေးခြင်း။
- ❖ ရေထွက်ပစ္စည်းများပုပ်သိုးကုန်များဖြစ်၍ပစ္စည်းသယ်ပို့ရာတွင်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး။

ရခိုင်သို့ ဝန်ကြီးများ လာရောက်ပြီး ရေလုပ်သားများအတွက် ချေးငွေထုတ်ပေးမည်ဟု ဆိုသော်လည်း လက်တွေ့တွင် ဖြစ်မလာခဲ့ပါကြောင်း။ SME လုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် ဝန်ကြီးဦးသန့်ဇင်က ရှင်းလင်းပြောကြားခဲ့ သော်လည်း လက်တွေ့တွင် မဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ချေးငွေများ ရရှိသော်လည်း နေ့ချင်းပေါက် ပြန်ဆပ်ပေးခဲ့ရ ပါကြောင်း၊ ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအတွက် ချေးငွေ ရရှိမှု အလွန်ခက်ခဲနေသည်ဟု တင်ပြချင်ပါ တယ်။

<u>ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်သည့် အအေးခန်းစက်ရုံနှင့် အလတ်စား၊ အငယ်စား ပြုပြင်မွမ်းမံသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ</u>

- ❖ အအေးခန်းစက်ရုံနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းများမှ ထုတ်လုပ်သည့် ရေထွက်ပစ္စည်းများ နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းများပြည့်မှီစေရေးအတွက် သင်တန်းများပေးခြင်း။
- ❖ အအေးခန်းစက်ရုံများတွင် အသုံးပြုသည့် လျှပ်စစ်ဓါတ်အားခ သက်သာစေရန်နှင့် လိုအပ်သောလောင်စာဆီများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း။
- ❖ နိုင်ငံခြားဈေးကွက်များရှာဖွေပေးခြင်း။
- ❖ အလတ်စား၊ အငယ်စား ပြုပြင်မွမ်းမံသည့်လုပ်ငန်းများအတွက် လိုအပ်သော ငွေကြေးများ ပံ့ပိုးထုတ်ပေးခြင်း။
- ❖ နိုင်ငံခြားပို့ကုန်အဆင့် ရောက်ရှိစေရေးအတွက် လိုအပ်သော နည်းပညာများပေးခြင်း။

ရေငန်ပုစွန်မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက်နည်းလမ်းများ

- ❖ ရေငန်ပုစွန် မွေးမြူထုတ်လုပ်ရေး အစုအဖွဲ့များအား လိုအပ်သော ငွေကြေးများ ပံ့ပိုးထုတ်ချေးပေးခြင်း။
- ❖ ပုစွန်တစ်သား၊ စပါးတစ်သီးအစုအဖွဲ့များအားလိုအပ်သောငွေကြေးများ ပံ့ပိုးထုတ်ချေးပေးခြင်း။
- ❖ ရခိုင်ပြည်နယ်အတွင်းရှိစစ်တွေမြို့နယ်၊ ရေချမ်းပြင်ရေငန်ပုစွန်သားပေါက်စခန်း၊ကျောက်ဖြူမြို့နယ်ရှိစေတီယျရေငန်ပုစွန်သားပေါက်စခန်းနှင့်မောင်တောမြို့နယ်ရှိအလယ်သံကျော်သားပေါက်စခန်းတို့အားအဆင့်မြှင့်တင်ခြင်း။
- ❖ ပေါက်တောမြို့နယ်၊စိုးမဲကျီရေငန်ပုစွန်သားပေါက်စခန်းကို(၂၀၁၄-၂၀၁၅)ခုဘဏ္ဍာရေးနှစ်တွင်အပြီးတည်ဆောက်ခြင်း။

ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထွေထွေလိုအပ်ချက်များ

ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက်အောက်ပါအချက်များအားစဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

- ❖ သယံဇာတထိန်းသိမ်းရေးအတွက် မျိုးစိုက်လုပ်ငန်းများဆောင်ရွက်ပေးခြင်း။
- ❖ မျိုးပြုန်းတီးစေသည့် ငါး/ပုစွန်ဖမ်းဆီးနည်းများဖြင့် ငါး/ပုစွန်ဖမ်းခြင်းမပြုရန်ပညာပေးတားမြစ်ခြင်း၊ ငါးလုပ်ငန်းဥပဒေများအရ အရေးယူဆောင်ရွက်ခြင်း။
- ❖ ငါး/ပုစွန်များ ပေါက်ဖွားကြီးပြင်းရာနေရာများအား တားမြစ်ကာကွယ်ခြင်း။
- ❖ ငါး/ပုစွန်များ ပေါက်ဖွားရာသီကာလများတွင် ဖမ်းဆီးခြင်းမပြုရန်။

ကမ်းဝေးမှ မြေပုံဆွဲပိုက်ကြီးတွေနဲ့ ဂင်ဆွဲတော့ ပိုက်တွေငြိပြီး ပြဿနာတွေ တက်ပါတယ်၊ အဲဒါကို ငါးဦးစီးနဲ့အတူ ရေလုပ်သားတွေ အနေနဲ့ပါ ပါဝင်ဖြေရှင်းမှုရမှာပါ။

ပုဇွန်သားပေါက်စခန်းလေးတွေကို ရေလုပ်သားတွေက အားကိုးလာတာကိုတွေ့ရပါတယ်၊ တိုးတက်လာတယ်လို့ ယူဆရပါတယ်၊ မနှစ်က ပုဇွန်သားပေါက် ၁၂ သန်းကို ထိုင်းက ဝယ်ပြီးသွင်းလာကြတယ်၊ ဒီနှစ်မှာ TZ ကုမ္ပဏီက သားပေါက် ၂ သန်း ဖေါက်ပါတယ်၊ ဂန်ကြီးက တရားဝင်ဖြစ်အောင် လုပ်ပေးလာပါတယ်။ ကျောက်တော်က ရေချို အရင်းအမြစ်ပေါတဲ့အတွက် ပုဇွန်သားပေါက်စခန်းကို တည်ဆောက်မှာဖြစ်ပါတယ်။ နိုင်ငံခြားကို တင်ပို့နိုင်တဲ့ ငါး၊ ပုဇွန် မျိုးစိတ်တွေကို ဖေါက်ပြီး ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

ဒီရေတောထိန်းသိမ်းရေးဇရိယာ


ဒီရေတောများသည် ငါး/ပုစွန်များဘဝဂိုင်း(Life Cycle)တွင် အဓိကလိုအပ်သဖြင့်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်ဆက်စပ်ဌာနများ၊ လုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ ဒီရေတောစိုက်ပျိုးခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းကိုဆောင်ရွက်ထားရှိပါသည်။

ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထွေထွေလိုအပ်ချက်များ


ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်ပါအချက်များအား စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

- ❖ သယံဇာတထိန်းသိမ်းရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းများကိုဖော်ဆောင်ပေးခြင်း
- ❖ မျိုးပြုန်းတီးစေသည့် ငါး/ပုစွန်ဖမ်းဆီးနည်းများဖြင့် ငါး/ပုစွန်ဖမ်းဆီးခြင်းမပြုရန် ပညာပေးတားမြစ်ခြင်း၊ ငါးလုပ်ငန်းဥပဒေများအရ အရေးယူဆောင်ရွက်ခြင်း။

| | |
|---|---|
| | ❖ ငါး/ပုစွန်များပေါက်ဖွားကြီးပြင်းရာ နေရာများအား တားမြစ်ကာကွယ်ခြင်း။<br>❖ ငါး/ပုစွန်များပေါက်ဖွားရာကာလများတွင် ဖမ်းဆီးခြင်းမပြုရန် တားဆီးကာကွယ်ခြင်း။<br>❖ ငါး/ပုစွန်များပေါက်ဖွားကြီးပြင်းနိုင်ရန်အတွက်ဒီရေတောများထိန်းသိမ်းပေးခြင်း၊ တိုးချဲ့စိုက်ပျိုးခြင်း။<br><br><u>ရေငန်ပုဇွန်မွေးမြူရေး ကဏ္ဍ</u><br>ပုဇွန်တစ်သီး၊ စပါးတစ်ဦး လုပ်ဆောင်ကြပါတယ်။ စပါးရိတ်ပြီးတာနဲ့ ရေငံကိုသွင်းပြီး ပုဇွန်တွေကို ထည့်သွင်းပါတယ်၊ရိုးပြတ်တွေကပုတ်ပြီးပုဇွန်တွေအတွက်အထောက်အကူဖြစ်စေပါဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| Mr. Rick Gregory<br>(နည်းပညာရှင်) | ရခိုင်ပြည်နယ် ရေလုပ်ငန်းအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်(၉)ရပ်ကိုချက်မှတ်ပြီး ၄င်းနှင့် သက်ဆိုင်သော Task Forces အလုပ်အဖွဲ့များကိုဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပါသည်။ ငါးလုပ်ငန်း ဥပဒေရေးဆွဲရေးမှာလည်း ပါဝင်မှာဖြစ်ပါသည်။ အဓိက စံပြနေရာတွေကို ရွေးချယ်ပြီး ဧရာဝတီတိုင်းဒေသကြီး နှင့် အခြားနိုင်ငံများမှရရှိသောအတွေ့အကြုံများကိုထိုနေရာမှာ အသုံးပြုမှာ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ဥပဒေပြုရေးအဖွဲ့နှင့်ပြုလုပ်သွားမှာဖြစ်ပါသည်။ နည်းဥပဒေတွေကိုပါ ရေးဆွဲဖို့စတင် ဆောင်ရွက်မှာဖြစ်ပါသည်။ ရပ်ရွာစုပေါင်းစီမံခန့်ခွဲမှုစနစ်ကို စတင်အကောင်အထည်ဖော်ဖို့ ဖြစ်ပါသည်။<br>ရေလုပ်သားအများအပြားပါဝင်လာရန်စည်းရုံးဖို့ဖြစ်ပါသည်။အဓိကလိုအပ်ချက်များကိုရှာဖွေလုပ်ဆောင် မှာဖြစ်ပါသည်။စံပြနေရာများကိုသေချာစွာရှာဖွေပြီးလုပ်ဆောင်မှာဖြစ်ပါတယ်။ ဒီရေတောများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ပြုလုပ်မှာဖြစ်ပါသည်။ ရခိုင်ဒေသ တော်တော်များများမှာ ဒီရေတောတွေဟာ ပြုန်းတီးနေပြီဖြစ်ပါသည်။ ဖွဲ့စည်းထားသော အလုပ်အဖွဲ့များတွင် သဘာဝ ပါတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကဆောင်ရွက်နေသည့် MERN အဖွဲ့လည်း ပါဝင်ပါသည်။<br>ရပ်ရွာအခြေပြုရေလုပ်ငန်းစုပေါင်းစီမံခန့်ခွဲမှုစနစ်တွင်လိုအပ်သောစဉ်းမျဉ်းစည်းကမ်းများကိုလူထုကြားတွင်ပိုမို နားလည်သဘောပေါက်ရန်လိုအပ်ပါသည်။ရေလုပ်ငန်းနှင့်ပါတ်သက်ပြီးမှန်ကန်သည့်သတင်းအချက်အလ က်များကိုပိုမိုဖြန့်ဖြူးနိုင်ရန်လိုအပ်ပါသည်။ အရေးကြီးသည့် တစ်ချတ်မှာ ရေချိုငါးလုပ်ငန်း ဥပဒေရှိနေရုံနှင့် မလုံလောက်ပဲ တိကျသောရေငန်၊ရေချိုဇုံများကို သေသေချာချာမြေပုံများဖြင့်စနစ်တကျရေးဆွဲရန် လိုအပ်ပါသည်။ ရေလုပ်ငန်းနှင့်ပါတ်သက်၍သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရေးသည် အရေးပါသည့် အတွက်ငါးလုပ်ငန်းဌာနအနေဖြင့် သစ်တောဌာနနှင့်ပါ ပူပေါင်းလုပ်ဆောင်ရန် လိုအပ်သည်။<br>ငါးလုပ်ငန်းနှင့် ပတ်သက်ပြီးပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ရာတွင် အရေးကြီးဆုံးအချက်မှာ အခွန်ဘဏ္ဍာ ငွေများကိုသေသေချာချာကောက်ခံနိုင်ရန် စနစ်ကျသည့်ယန္တရားတစ်ခုကို အကောင်အထည် ဖော်ဆောင်ရွက်ရန်ဖြစ်ပါသည်။ နောက်တစ်ချက်မှာကျေးလက်နေပြည်သူများဝင်ငွေတိုးလာစေရန်အစားထိုး အသက်မွေးဝမ်းကျောင်းများဖန်တီးပေးရန်ဖြစ်သည်။ နောက်တစ်ချက်မှာ ရေလုပ်ငန်းနှင့် ဆက်နွယ် သတင်းအချက်အလက်များကို မှန်ကန်တိကျစေရန်အတွက် သတင်းသမားများကို သက်ဆိုင်သည့် သင်တန်းများ ပေးအပ်ရန်ဖြစ်သည်။ လာမည့် ၂၀၁၅ တွင် ယခုဖွဲ့စည်းထားသည့် အလုပ်အဖွဲ့ ၆ဖွဲ့အပြင် အခြားသောအလုပ်အဖွဲ့ များကိုပါ တိုးချဲ့ဖွဲ့စည်း၍အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |

| | |
|---|---|
| |  |
| ဝိုင်းဝန်းဆွေးနွေးခြင်း (1) | ပထမတစ်ချက်ကတော့ ငါး၏ အဓိပါယ်သတ်မှတ်ချက်နှင့်ပတ်သက်ပြီး ရေထဲမှာပေါက်နေတဲ့ အပင်တွေကို ဖြုတ်ထားတာကို တွေ့ရပါတယ်။ ယခင်တုန်းက အပင်တွေကို ထည့်ထားခြင်းမှာ အခြားနိုင်ငံများမှာလည်းပါဝင်ပါတယ်။ ရေထဲမှာရှိနေသော ဂေဟစနစ်မှာ ပါဝင်တဲ့အတွက် ပြန်လည် ထည့်သွင်းစဉ်းစားပေးရန် လိုအပ်သည်။ Close season and Open season တွေကို ပွင့်လင်းမြင်သာမှု ရှိအောင်ပြုလုပ်ပါသည်။ ၎င်းတို့အားလုံးကို survey ကောက်ယူရန် မဖြစ်နိုင်သောကြောင့် workshopလုပ်ပြီးမှ သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ကမ်းနီးများတွင် ပိုက်ဆွဲခြင်းသည်ဒေသခံဌာနများမှ တင်ပြလာမှသာလျှင်သိနိုင်မည်ဖြစ်ပါသည်။ သန္တာကျောက်တန်းများနှင့်ပတ်သက်ပြီး ရှိနေသော/ ပျက်စီးသွားသော ကျောက်တန်းများအကြောင်းကို ပြောကြားသွားပါသည်။<br>ငါးဆိုသည်မှာ ဘဝအစိတ်အပိုင်းတွင်သော်လည်းကောင်း ယင်းတို့၏ ဥများ အပင်များပါဝင်ပါသည်။ နည်းဥပဒေမှာဆိုရင် မြို့နယ်အဆင့်၊ ရပ်ရွာအဆင့်တွေပါ ပါဝင်လာမှာဖြစ်ပါသည်။ ဒရွက်ဆွဲပိုက်တွေကို လောလောဆည်အနေနဲ့ action ယူရန်အခက်အခဲရှိနေဆဲဖြစ်သည်။<br>ငါးမဖမ်းရရာသီသတ်မှတ်ချိန်တွင် ငါးအမျိုးအစားနှင့် ငါးဖမ်းကရိယာများကို သေချာစွာ စီစစ်စဉ်းစားပြီး သတ်မှတ်စေချင်ပါသည်။ ရေချိုနှင့် ရေငန်ဆိုပြီး နှစ်ခုသာသတ်မှတ်ထားပါသည်။ သတ်မှတ်ထားရခြင်း အကြောင်းမှာ ရေချိုရေငန်စပ်ဆိုသည်မှာ ထူးခြားမှုမရှိသောကြောင့် inland fishery ထဲတွင်သာ ထည့်ထားပြီး နှစ်ပိုင်းသာ ပိုင်းထားခြင်းဖြစ်ပါသည်။<br>ငါးများကြီးထွားပေါက်ဖွားနေရာများအပေါ် မည်ကဲ့သို့စီမံအုပ်ချုပ်မည်ဆိုသည်ကို ဆွေးနွေးလိုပါသည်။ ၎င်းမေးခွန်းများသည် technical ဆန်သောကြောင့် နောက်တွင် workshop များထက်လုပ်၍ ဆွေးနွေးသွားရန်လိုအပ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဝိုင်းဝန်းဆွေးနွေးခြင်း (2) | ငါးအရင်းအမြစ်များ တဖြည်းဖြည်း ကျဆင်းလာပြီး ငါးလုပ်ငန်းလုပ်ကိုင်သူများအတွက် အခက်အခဲဖြစ် လာပြီးအလုပ်လက်မဲ့များဖြစ်လာသည်။ အကျိုးဆက်အနေဖြင့် ပြည်တွင်းရွှေ့ပြောင်းသွားလာမှုများ ဖြစ်ပေါ်လာသည်။ ငါးစျေးတွေတက်ပြီးစားသုံးသူများအတွက် အခက်အခဲရှိလာသည်။ ထို့ကြောင့် ထိုသို့မဖြစ်ရန် ဥပဒေများ ပြန်ဌာန်းပေးရမည်ဖြစ်ပါသည်။ အဖွဲ့အားလုံးနှင့် ပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ community fishery သွားသောစနစ်သည်ကောင်းမွန်သော်လည်း မည်ကဲ့သို့ အကောင်အထည်ဖော်မည်က အရေးကြီးသည်။ အင်းများတင်ဒါများ ပျောက်သွားပြီဖြစ်သော်လည်း Internal conflict များကို ဘယ်လိုဖြေရှင်းမလဲဆိုသည်က ပိုအရေးကြီးလာပါသည်။ VDC(Village Development Committee) တွေပြုလုပ်ပြီး လုပ်ကိုင်ခြင်းမှာကောင်းမွန်ပြီး DRD (Department For Rural Development) ကလည်းပြုလုပ်ရန် အစီအစဉ်ရှိသည်။ ရခိုင်နှင့် ဧရာဝတီတွင် ပြုလုပ်ထားခြင်းမှစတင်၍ နောက်ပိုင်းမှာ တစ်နိုင်ငံလုံးပြုလုပ် သွားရန်လိုအပ်သည်။ အခြားသော နိုင်ငံများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနှင့်သူတို့နဲ့ပေါင်းပြီး |

| | |
|---|---|
| | ပြည်တွင်းတွင်ရှိသောအရင်းအမြစ်တွေကိုမည်သို့ထိန်းသိမ်းသွားမည်ဆိုသည်ကိုဆောင်ရွက်ရန် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဦးအောင်ကျော်သိန်း<br>- Pyoe Pin | ဆက်သွားမည့်လုပ်ငန်းစဉ်များကို ပြောပြမှာဖြစ်ပါသည်။ အတွေ့အကြုံများကို အခြေခံပြီး ပြောသွားမှာ ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းဆိုတာဘာလဲ။ သည်အရာကို ပုံစံမျိုးစုံနဲ့ လုပ်ဆောင်ကြပါတယ်။ စဉ်းစားကြပါတယ်။ အသက်ကိုမွေးဖို့အတွက်ဝမ်းကျောင်းလုပ်ငန်းလုပ်ရတာဟာ အရမ်းကိုခက်ပါတယ်။ ထို့ထက်သူများဝမ်း အတွက်လုပ်ရတာဟာပိုမိုခက်ခဲပါတယ်။ အရေးကြီးတဲ့တစ်ချက်က ရေရှည် တည့်တံ့အောင် ပြုလုပ်ဖို့ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းဖူလုံမည်ဆိုလျှင် well being (သဘာဂကျကျနေထိုင်ခြင်း) ကိုစဉ်းစားဖို့လိုအပ်ပါသည်။ ယခုလက်ရှိလူတွေက အကုန်အသုံးပြုလိုက်ရင် နောက်မျိုးဆက်အတွက် အရမ်းကို ခက်ခဲသွားပါပြီ။ ထို့ကြောင့် ရေရှည် တည်တံ့ဖို့ ပြုလုပ်ရမည်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းကို စဉ်းစားတဲ့အခါမှာ အရင်းအမြစ် ငါးခုကို စဉ်းစားပါတယ်။ **သဘာဝအရင်းအမြစ်၊ လူ့အရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်၊ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်နှင့် လူမှုရေး အရင်းအမြစ်တို့ ဖြစ်ပါသည်။**<br>အသက်မွေးဝမ်းကျောင်းနှင့်ချိတ်ဆက်မှုမရှိပါကငွေကြေးများကလည်းရေရှည်တည်တံ့မှာမဟုတ်ပါဘူး။ဈေးကွက်တွေရှိမယ်။ လမ်းပန်းဆက်သွယ်ရေးတွေကို လည်းပြုလုပ်ရမည်ဖြစ်ပါသည်။ တစ်ဦးတစ်ယောက် တည်းပြုလုပ်လို့မရပါဘူး။ လူထုမှ အရင်းအမြစ်များကို ကိုယ်တိုင်စီမံခန့်ခွဲပြီး ရေရှည်တည်တံ့အောင် ပြုလုပ်ဖို့လိုအပ် ပါသည်။ ဥပဒေအရ တာဝန်ယူမှုတွေကိုလည်းပေးမယ် အကျိုးခံစားခွင့်ကိုလည်း ပေးမယ်ဆိုရင်တော့ ရေရှည်တည်တံ့မှာဖြစ်ပါသည်။ စွမ်းရည်ပြည့်ဝသော လုပ်သားကောင်းများ မွေးထုတ်နိုင်မှသာလျှင် အသက်မွေးဝမ်းကျောင်းတွေဟာ ခိုင်မာမှုရှိမှာဖြစ်ပါသည်။<br>ယခင်အချိန်ကပြုလုပ်ခဲ့သော လုပ်ဆောင်ချက်များကို ပြောင်းလဲလုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ဘယ်လိုပုံစံနဲ့ စီမံခန့်ခွဲကြမလဲ။အစုအဖွဲ့ပိုင်လုပ်မှာလား၊ ဘယ်လိုလူမျိုးတွေအတွက် အကျိုးရှိဖို့လုပ်မှာလဲ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ရင်တစ်ဦးတစ်ယောက်အတွက်လည်း အကျိုးအမြတ်ရှိရမယ်၊ အများအတွက်လည်း အကျိုးအမြတ်ရှိရမည်ဖြစ်သည်။ အခြေခံခိုင်မာသော legal framework တွေကို ပြုလုပ်ရမည် ဖြစ်ပါသည်။ နိုင်ငံရေးအရ စိတ်ပါဝင်စားမှုလည်း ရှိရမည်ဖြစ်ပါသည်။ **ရေကိုတစ်ဖွဲ့က အုပ်ချုပ်တယ်၊ မြေကို တစ်ဖွဲ့က အုပ်ချုပ်တယ်။ သစ်တောကို တစ်ဖွဲ့က အုပ်ချုပ်တဲ့ အတွက် အားလုံးဟာ စုပေါင်းညှိနှိုင်းပြီး ပြုလုပ်ရမည်ဖြစ်ပါသည်။** အားလုံးစုပေါင်းမှသာလျှင် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးကိုသွားမည် ဖြစ်ပါကြောင်းတင်ပြဆွေးနွေးခဲ့ပါသည်။ |

| | |
|---|---|
| | **အသက်မွေးဝမ်းကျောင်း ထိန်းကျောင်းသည့် ပုံစံ**<br><br> |
| ဦးဘော်ဘီ -<br>အမှုဆောင်<br>အရာရှိချုပ် - NAG | သဘာဝသယံဇာတများရှိပါသည်။ရေမြေတောတောင်တွေဟာတစ်ဆက်တည်းမှာရှိပါသည်။ သဘာဝမျိုးစုံမျိုးကွဲတွေဟာ ဆက်စပ်ပြီးဖြစ်ပေါ်နေပါသည်။ အလျှားလိုက်ကတော့ ကျေးလက်ဒေသမှာ ရှိတဲ့လူတွေဖြစ်ပါသည်။ ထိုသူများကလည်းသယံဇာတတွေပေါ်မှာမှီခိုနေထိုင်ကြပါသည်။ ကျေးလက်ဒေသ ကိုတစ်ဆင့်မြင့်ပြီးစဉ်းစားရင် ဌာနဆိုင်ရာတွေ၊ ဝန်ကြီးဌာနတွေဆီရောက်သောအခါ ဒေါင်လိုက်တွေ ဖြစ်သွားပါသည်။ ကျေးလက်မှာရှိတဲ့လူတွေအတွက် အလွန်ကို ခက်ခဲသွားပါတယ် ဘယ်ကိစ္စဆိုရင် ဘယ်သူနဲ့ တွေ့ရမည် ဆိုတာတွေဖြစ်ပါသည်။ ရာသီအလိုက်တွေဖြစ်ပါသည်။ ရာသီအလိုက်ဖြစ်တဲ့ အတွက် တစ်နှစ်ပါတ်လုံးမှာ ဝင်ငွေက စဉ်ဆက်မပြတ် မရှိပါဘူး ထို့ကြောင့် သူတို့ဟာ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းတစ်ခုထက် မကကိုပြုလုပ်ရပါတယ်။တိုင်းနဲ့ပြည်နယ်တွေမှာ ရှိတဲ့ဝန်ကြီးတွေဟာ ဝန်ကြီးတွေအတိုင်းသာ ရှိနေခြင်းဖြစ်ပါသည်။ ဌာနတွေနှင့် ဝန်ထမ်းများမရှိပါဘူး။ သည်ထက်ပိုပြီး ကောင်းအောင်လုပ်နိုင်တဲ့ လုပ်ငန်းတွေရှိပါသည်။ ဒေသခံများသည် တစ်ခုတည်းသာ လိုအပ်ချက်ရှိတာ မဟုတ်ပါဘူး။ လိုအပ်ချက်များစွာရှိနေပါသည်။ ဝန်ကြီးဌာန သုံးလေးခုမှ ဒေသခံများ၏ လိုအပ်ချက်များ ကို မည်သို့ဖြေရှင်းမည်ကို ပူးပေါင်းပြီး ပြုလုပ်ရမည်ဖြစ်ပါသည်။ ဌာနဆိုင်ရာများ အနေနဲ့လည်း ကျေးရွာတိုင်းကို ရောက်အောင်သွားနိုင်ဖို့ လွယ်ကူမည်မဟုတ်ပါ။ ဒေသခံများမှလည်း ပေါင်းစည်းပြီး သူတို့၏ လိုအပ်ချက်များကို တောင်းဆိုလာမယ်။ သူတို့တာဝန်တွေကို တာဝန်ယူမယ်။ အဲသည်လို အဖွဲ့တွေများစွာပေါ်ပေါက်လာဖို့လိုအပ်ပါသည်။ ကမ္ဘာပေါ်မှာ ကြာလာသည်နှင့်အမျှ ဗဟိုဦးစီးချုပ်ကိုင်မှု စနစ်ဟာ ထိခိုက်လာမှာဖြစ်ပါတယ်။ ငါးလုပ်ငန်းမှ ရလာသော အခွန်အခများကို တိုင်းဒေသကြီး ပြည်နယ်အစိုးရအတွက် အင်မတန် အရေးကြီးပါတယ်။ ရေချိုငါးလုပ်ငန်းမှ ရရှိလာသော ငွေတွေကို သူတို့အတွက် ဘယ်လောက် ပြန်လည်ရင်းနှီးမြှုပ်နှံမှုရှိပြီလဲဆိုတာကလည်း အရေးကြီးပါတယ်။ အရင်းအမြစ်များ ကို ထိန်းသိမ်းရန်အတွက် ပြန်လည်အသုံးပြု ရမည်ဖြစ်ပါသည်<br>သို့မှ သာ ရေရှည်အတွက် အဆင်ပြေမည်ဖြစ်ပါသည်။ ဌာနဆိုင်ရာ များကလည်း ပိုမိုပေါင်းစည်းပြီး ပြုလုပ်ဖို့လိုအပ်မှာ ဖြစ်ပါသည်။ ထိုသို့မပြုလုပ်ပါက ပြဿနာများကို အပိုင်းလိုက်မြင်ပြီး အပိုင်းလိုက်ဖြေရှင်းနေမည်ဖြစ်ပါသည်။ ပြည်နယ် တစ်ခုနှင့်တစ်ခု ပေါင်းစပ်ပြီး ပြုလုပ်ရမည်ဖြစ်ပါသည်။ ရခိုင်တွင်ပြုလုပ်ခြင်းသည် ရေချိုငါးလုပ်ငန်း ဥပဒေကြမ်းကိုလူထုမှသဘောပေါက်နားလည်လွယ်သော (IEC materials)များဖြင့်ဖြန့်ဝေ၍ ကျယ်ပြန့်သောသဘောထားကောက်ခံကာ ဥပဒေသစ်ကို ရေးဆွဲထားခြင်းဖြစ်ပါသည်။ ရေလုပ်သားများကို ပြန်လည်ဝေမျှပြီးမှ ဥပဒေကို ထုတ်လုပ်ထားခြင်း ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |

| | |
|---|---|
| အနှစ်ချုပ်ခြင်း | လက်ရှိသွားနေသော အစိုးရကလည်း လူထုဗဟိုပြုပြီးသွားနေပါသည်။ သူတို့လုပ်နိုင်တယ် သူတို့လုပ်လို့ရတယ်ဆိုတာကို တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု ရှိဖို့လိုအပ်ပါတယ်။ တဖြည်းဖြည်းနဲ့ ရုံးတွေအားလုံးဟာ state/regional government အောက်ကို ရောက်သွားမှာဖြစ်ပါသည်။ ကိုယ်တိုင်ဥပဒေတွေကို ပြုလုပ်နိုင်မှာဖြစ်ပါသည်။ internal coorperation အားနည်းနေခြင်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် task group လေးများပြုလုပ်ခြင်းဖြင့် အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။ အတွေ့အကြုံလေးများကို ပုံမှန်မျှဝေနေရမည်ဖြစ်ပါသည်။ လူထုကိုလည်း ဌာနက ယုံကြည်မှုရှိရမည်။ ဌာနကိုလည်း လူထုက ယုံကြည်မှုဖြစ်ရမည်ဖြစ်သည်။ စွမ်းဆောင်ရည်များကလည်း အကန့်အသတ်ဖြစ်လာတယ်။ အလုပ်များကို ပြန်လည်ဖြေရှင်းတဲ့အခါမှာ ငါးလုပ်ငန်းကို ပဲဆွေးနွေးနေပါသည်။ ဈေးကွက်အကြောင်းအရာများ ဆွေးနွေးခြင်းမရှိသေးပါဘူး။ ဈေးကွက်ကိုလည်း ကောင်းမွန်စွာပြုလုပ်ရန်လိုအပ်ပါသည်။ အမြဲတမ်း တွေးဆုံးဆွေးနွေးမှုတွေ ပြုလုပ်နေရမည်ဖြစ်ပါသည်။ ပြည်နယ်အလိုက် တစ်ခုခြင်းစီ ဆွေးနွေးမှုတွေ လုပ်မယ် ပြီးရင်တိုင်းဒေသကြီးလေးခုစလုံးပေါင်းပြီး ပြန်လည်ပြုလုပ်မည်ဆိုရင် ပိုမိုကောင်းမွန်မည် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| Mr. Walt<br>ရေလုပ်ငန်းစုပေါင်းစီမံခန့်ခွဲခြင်းဆိုင်ရာ ဌာန၊ ကမ္ဘောဒီးယား | ပညာရေးနိမ့်ကျမှု ဆိုတဲ့ ပြဿနာကို ကုသဖြေရှင်းဖို့အတွက် ဘာတွေလိုအပ်သလဲ ဆိုသည်ကို လေ့လာရမည်ဖြစ်ပါသည်။မိသားစုတစ်စုဟာဆင်းရဲမယ်ဆိုရင်သူတို့ရဲ့ကလေးတွေကိုကျောင်းထားနိုင်မှာမဟုတ်ပါဘူးထို့ကြောင့်သူတို့၏ စီးပွားရေးကို မြှင့်တင်ပေးဖို့လိုအပ်ပါသည်။ သူတို့၏ စီးပွားရေးလုပ်ငန်းများ နိမ့်ကျနေရင်လည်းအစိုးရအတွက် ကောင်းမွန်မှာမဟုတ် ကြောင်းတင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဦးအောင်ထွန်းခိုင် - ဒု-ညွှန်ချုပ် - မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ရွှေ့ပြောင်းပညာရေးစနစ်ကိုလည်း ကျွန်တော်တို့ စဉ်းစားနေပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| MERN | MERN သစ်တောကြိုးဝိုင်းလို့သက်မှတ်လိုက်တယ် ငါးလုပ်ငန်း၏ ဥပဒေကို တော့သေချာစွာမဖတ်ဖူးပါဘူး ရေလုပ်ငန်းနှင့် သစ်တောထိတ်တိုက်တွေ့တဲ့အခါမှာ ပြဿနာတွေ ဖြစ်လာကြပါတယ်။ တစ်ကယ်လို့ သစ်တောနှင့် ရေလုပ်ငန်း ထိပ်တိုက်တွေ့ပါက မည်သို့ပြုလုပ်မည်နည်းဆိုသည်ကို သိချင်ပါသည်။ တစ်ကယ်၍ ပြဿနာများဖြစ်ပါက အခြေခံလူထုအပေါ်တွင်သာ ဆိုးကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဦးအောင်ထွန်းခိုင် - ဒု-ညွှန်ချုပ် - မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | အခုဆိုရင်လည်း ဥပဒေထဲမှာလည်း အဲလိုထိပ်တိုက်တွေ့တဲ့ပြဿနာတွေအများ ကြီးရှိပါတယ်။ ဒါတွေကို ပါလီမန်များမှ ဖြေရှင်းမည်ဖြစ်ပါသည်။ ယခုဒေသအစိုးရကို ပေးလိုက်ပါပြီ ထိုသူများက ပိုမိုသိသော ကြောင့်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| အပြန်အလှန် ဆွေးနွေးချက်များ | ဥပဒေများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုရှိနေပါသည်။ ထို့ကြောင့်အားလုံးပေါင်းပြီး ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဥပဒေတွေကလည်း အိုဟောင်းနေပါပြီ ယခုဥပဒေ အသစ်တွေလည်း ပြန်လည်ပြုလုပ်နေပါပြီ။ သည်ဥပဒေများကို အကောင်းဆုံးပြုလုပ်မှသာလျှင် ရေရှည်မှာ ကောင်းမွန်သော ဥပဒေ |

| | |
|---|---|
| | ဖြစ်လာမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ ပြည်နယ်တွေကနေပြီး ကိုယ့်ဥပဒေကို ကိုယ်ရေးမှသာလျှင် ပိုမိုကောင်းမွန်မည် ဖြစ်ပါသည်။ ဥပဒေ ဆိုတာ အမျိုးသားအဆင့်ဥပဒေရှိပါသည်။ ထိုဥပဒေကို အသက်ဝင်ရန်အတွက် လုပ်ဆောင်တဲ့ ဝန်ထမ်းအရမ်းကို အားနည်းပါသည်။ သူတို့ကိုယ်တိုင်ပါဝင်မှ သာလျှင်ဥပဒေဟာအသက်ဝင်လာခဲ့ပါသည်။ ယခုမနက် Mr. Rick တင်ပြသွားတဲ့ အချက် ၉ ချက်ဟာ အရမ်းကို နည်းပါသေးတယ်။ သည်ထက်ပိုပြီးလိုအပ်ပါသေးတယ်။ ငါးလုပ်ငန်းရဲ့လိုအပ်ချက်တွေ ငွေကြေးသုံးစွဲမှုတွေကိုသေချာစွာလုပ်ဆောင်ရမည်ဖြစ်ပါသည်။ ငါးတွေကပြောင်းရွှေ့တတ်တယ် လူတွေက ပြောင်းရွှေ့တတ်တယ် အဲဒါကိုလည်းထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ တရားမဝင်သော ငါးဖမ်းကရိယာများကိုအသုံးပြုခြင်းအားဖြင့် ရေရှည်တွင် စီးပွားရေးလုပ်ငန်းများကို ထိခိုက်လာမည် ဖြစ်ပါသည်။ မူဝါဒနှင့် အကောင်အထည်ဖော်ခြင်းဆိုပြီး နှစ်ခုရှိပါသည်။ ကျေးလက်ဒေသမှာ စက်ရုံဆောက်ဖို့အတွက် အစိုးရက မူဝါဒချမှတ်လိုက်မယ်ဆိုရင်ဒေသမှာရှိတဲ့လူတွေအလုပ်အကိုင်ရပြီး ဝင်ငွေတိုးတက်လာမည် ဖြစ်ပါကြောင်းတင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဂန်ကြီး ဦးဆန်းမောင် - ဧရာဝတီ တိုင်းဒေသကြီး လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဂန်ကြီးဌာန | Co-management ဆိုတာကို ကျွန်တော်တို့လဲ ခုမှတွေ့ရပါတယ်၊ ပူးပေါင်းပါဂင်သူတွေက ဒါကိုသိနားလည်မှု အားနည်းပါတယ်၊ အရင်တုန်းက ဒါကို အစိုးရအလုပ်ကို စွက်ဖက်တာလို့ ထင်ခဲ့တာပါ။ ကမ္ဘောဒီးယားကို သွားလေ့လာပြီးကာမှဒါလုပ်မယ်ဆိုရင်ပိုအဆင်ပြေနိုင်တာကိုသိလို့ NAG ကိုဖိတ်ခေါ်ပြီး လုပ်ဆောင်ဖို့ဆွေးနွေးပါတယ်၊ ရခိုင်ကိုသွားပြီး လေ့လာပေါင်းစပ်တဲ့အခါမှာ ကောင်းမြတ်တာတွေကို တွေ့လာပါတယ်၊ တစ်နေရာတည်း ထိုင်ပြီးလုပ်နေမဲ့အစား ပေါင်းစပ်လုပ်ကိုင်နိုင်ရန် အဆင်ပြေပါတယ်၊ တချို့ ဥပဒေက နေပြည်တော်၊ ဧရာဂတီ၊ ရခိုင် တစ်ခုနဲ့ တစ်ခု မတူပါဘူး၊ ဧရာဂတီမှာ ၁၉၉၁ မတိုင်ခင်က ဦးပိုင် ပိုင်သော နယ်မြေကို လယ်သမားကို ပေးထားပါ တယ်၊ ဆိုရှယ်လစ်လမ်းစဉ်တုန်းက စပါးက ရွှေ၊ ငါးက ငွေဆိုပြီး လယ်ထဲမှာ ငါးကိုမွေးပါတယ်၊ အဲဒီသဘောတရားနဲ့ ကြိုတင်ပြီး ရေးဆွဲထားတာပါ။ လယ်သမားက ပိုက်စိမ်းတွေနဲ့ ထောင်ထားတဲ့အတွက် ပြဿနာတွေ ဖြစ်ပါတယ်၊ ခုတော့ ပြေလည်သွားပါပြီ၊ ပေါင်းစပ်လုပ်ဆောင်သင့်ပါတယ်၊ စလုံးရေးစနေပါပြီ၊ ကောင်းမွန်စွာ အဆုံးသတ်နိုင်ဖို့အတွက် အလယ်လမ်းစဉ်ကို ပူးပေါင်းလုပ်ဆောင်ဖို့ လိုအပ်ပါကြောင်း တင်ပြဆွေးနွေး ခဲ့ပါသည်။ |

| | |
|---|---|
| ဒေါက်တာယဉ်ယဉ်မိုး ဒု - ညွှန်ကြားရေးမှူး - မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဂန်ကြီးဌာန - | ငါးလုပ်ငန်းအတတ်ပညာရပ်တွေဟာတစ်ဦးချင်းအနေနဲ့လည်းအလုပ်ဖြစ်စေပြီးတော့နိုင်ငံတော်ဆင်းရဲနွမ်း ပါးမှုလျော့ချရေးလမ်းစဉ်အတွက်လည်း ဗျူဟာမြောက်အစီအစဉ်ဖြစ်ပါတယ်၊ ရခိုင်ဒေသမှာရှိတဲ့ ငါးသယံဇာတများနဲ့ပတ်ဂန်းကျင်ထိန်းသိမ်းရေးတွေကိုနားလည်ပြီးထိန်းသိမ်းနိုင်ဖို့နဲ့လူမှုစီးပွားရေးကို အထောက်ကူ ပြုနိုင်ဖို့ဆိုပြီးတော့ ဒေသမှာရှိတဲ့ ပြည်သူတွေကိုတပိုင်တနိုင်ငါးမွေးမြူရေးဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးခြင်း၊ ကျွမ်းကျင်သူများအားနိုင်ငံတဂန်းလိုက်လံသင်တန်းပို့ချခြင်းအစီအစဉ်များ ပြုလုပ်ရန်အတွက်၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း၅နှစ်စာလုပ်ငန်းအစီအစဉ်ရေးဆွဲထားပါတယ်၊ စီမံကိန်းကိုမဖြစ်မနေတင်ပြရမှာ ဖြစ်တဲ့အတွက်သင်တန်းအစီအစဉ်ကိုသက်ဆိုင်ရာဌာနကိုတင်ပြထားပြီး ဖြစ်ပါတယ်၊စီမံကိန်းကိုပြည်ထောင်စုအစိုးရရဲ့ရုံပုံငွေနဲ့လုပ်မှာဖြစ်ပြီးအခက်အခဲလေးတွေရှိတဲ့အတွက်ယခု အချိန်မှာဆွဲထားတဲ့အစီအစဉ်ကိုရခိုင်မှာအစိုးရနဲ့ NGO တွေကကူညီပေးစေချင်သလို တက်ရောက်လာတဲ့ အစိုးရဌာနဆိုင်ရာများနဲ့အဖွဲ့အစည်းများအနေနဲ့စိတ်ဂင်တစားပါဂင်ကူညီကြမယ်ဆိုရင်ရခိုင်ပြည်သူရဲ့လူမှု စီးပွားဘဂသင်တန်းများကို အောင်မြင်စွာနဲ့ပိုမိုရလာဒ်ကောင်းစွာ လုပ်ဆောင်နိုင်မှာဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |

| | |
|---|---|
| ဒေါက်တာယဉ်ယဉ်မိုး<br><br>ဒု - ညွှန်ကြားရေးမှူး - မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းအပေါ် ကျေးလက်လူထုသဘောထားကောက်ခံခြင်းဆိုင်ရာအစီရင်ခံစာစာမျက်နှာ (၂၂) ပါအကြံပြုချက် (အခန်း၇၊၈) တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် ဥပဒေဟောင်းနှင့် ပြင်ဆင်သင့်သည်အချက်ဟူ□ ဖော်ပြချက်တွင်အဟောင်းဖော်ပြချက်**ငါးလုပ်ငန်းရေရှည်တည်တံ့ရေး အတွက်**ဟူသော စကားရပ်အား ပြင်ဆင်သင့်သည့်အချက်တွင်**ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်း**ဟု ဖော်ပြထားပါကြောင်း၊အဆိုပါကိစ္စရပ်သည်လုပ်ငန်းမဟုတ်ဘဲဝန်ကြီးဌာန၏အွန္တိမရည်ရွယ်ချက်ဖြစ်ခြင်းကြောင့်အခြားအရာများကို ပြင်ဆင်ရန်မတိုက်တွန်းလိုသော်လည်းအဆိုပါစာသား (စကားရပ်) အားအဟောင်းတွင် သုံးစွဲထားသည့်အတိုင်းထားရှိစေချင်ပါကြောင်းတင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဦးအောင်မြကျော် - ဥက္ကဋ္ဌ ရခိုင်ပြည်နယ် လွှတ်တော် ဥပဒေပြုရေးကော်မတီ | ဥပဒေ ရေးဆွဲရာတွင် အောက်ခြေ ရေလုပ်သားများ၏ လိုအပ်ချက်အပေါ် တွင်သာ မူတည်ရေးဆွဲထားခြင်းဖြစ်ပါတယ်၊ ရေးဆွဲရာတွင်စကားလုံးများကိုအသေးစိတ်စီစစ်ပြီးမှသာထိုကဲ့သို့ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပါကြောင်းတင်ပြဆွေးနွေးခဲ့ပါသည်။ |
| Tat Lan မှ ကိုယ်စားလှယ် တစ်ဦး | အလျားလိုက်ဆိုသောအရာကို ပြောပြချင်ပါသည်။ ကျွန်မတို့အနေနဲ့ အပြိုင်ပြုလုပ်မှာ မဟုတ်ပါဘူး ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာကို ပြုလုပ်မှာဖြစ်ပါသည်။ စဉ်ဆက်မပျက် လုပ်ဆောင်မှုများ ပြုလုပ်နေပါသည်။ Oxfam နှင့်ကျောက်ဖြူတွင်ပြုလုပ်နေပါသည်။ ပညာရေးများပါပါသည်၊ ငါးလုပ်ငန်းများ လည်းပါပါသည်။ ကလေးငယ်များကို ကာကွယ်စောင့်ရှောက်သည့်လုပ်ငန်းများကိုလည်း လုပ်ဆောင်နေပါသည်။ ရွေးချယ်ထားတဲ့ နေရာများတွင်လည်း လုပ်ဆောင်မှုတွေပြုလုပ်မှာဖြစ်ပါသည်။ အောက်ခြေ အဆင့်မှပါဝင်သော လုပ်ငန်းများအနေဖြင့် လုပ်ဆောင်သွားဖို့ရှိပါသည်။ ပြည်ထောင်စုအဆင့်မှာဆိုရင် အခြားသော စီမံချက်များနှင့်ချိတ်ဆက်ပြီးလုပ်ဆောင်နေမှုများလည်းရှိပါကြောင်းတင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဦးဘော်ဘီ - အမှုဆောင် အရာရှိချုပ် - NAG | နည်းဥပဒေများကို ပြုစုသောနေရာများတွင် တိုင်းဒေသကြီးပြည်နယ်များမှ ကူညီမှုရှိပါသလားဆိုသည်ကို သိချင်ပါသည်။ |
| ငါးဦးစီးဌာနမှ တာဝန်ရှိသူတဦး | မူကြမ်းကို သက်မှတ်ထားသည့် အချိန်အတွင်းမှာ ထွက်ရန်အတွက် ပြည်ထောင်စုအဆင့်မှလည်း ကူညီပေးရန် မေတ္တာရပ် ခံကြောင်း  တင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဝန်ကြီး ဦးဆန်းမောင် - ဧရာဝတီ တိုင်းဒေသကြီး လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန | ဧရာဝတီ တိုင်းဒေသကြီး အနေနှင့် လုပ်ထုံးလုပ်နည်းနှင့် ဥပဒေများကို ထုတ်ဝေထားပြီး ဖြစ်ပါသည်။ ထပ်ထည့်ချင်သော အချက်များ ရှိပါကလည်း ထပ်မံ ထည့်နိုင်ပါသည်။နည်းဥပဒေက ထွက်သွားပါပြီ ၁၉၉၃ ခုနှစ်ကတည်းကထွက်သွားပါပြီ။ သို့သော် Budget အခက်အခဲရှိသောကြောင့် ထုတ်ပြီးမဝေရသေးပါဘူး။ တားမြစ်ထားသော ဥပဒေကိုဆန့်ကျင်ပြီး ခွင့်ပြုဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ဌာနများ မပေါင်းစပ်ခြင်းကြောင့် ဆည်မြောင်းဌာနက တူးထားတဲ့ဆည်မြောင်းထဲမှာ တိုင်တောင်စိုက်လို့မရပါဘူး။ ငါးလုပ်ငန်း၏ ဆည်မြောင်းထဲတွင် ဆည်မြောင်းမှ ဆည်မြောင်းလာတူးပြီး ငါးဦးစီးအား ဆည်မြောင်းမှ ငါးဖမ်းနေသောကြောင့်တိုင်းကြားပါသည်။ အဆိုပါ ကိစ္စရပ်အား ပြန်ည်ထောင်စု ဝန်ကြီး ဦးမြင့်လှိုင်ထံသို့ တင်ပြခဲ့သော်လည်း ဌာနတစ်ခုတည်းကိစ္စရပ် မဟုတ်သောကြောင့် ဖြေရှင်းရန်ခက်ခဲကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |

| | |
|---|---|
| ရခိုင်သဟာရ ကိုယ်စားလှယ် | ဥပဒေနှင့်ဆိုင်သောအချက်မှာ နည်းဥပဒေမရေးဆွဲရသေးပါဘူး။ ပြည်သူတွေ နားလည်မှုအားကောင်းပြီး လိုက်နာမှုအားကောင်းအောင်အသိပညာပေး ကွင်းဆင်းဆောင်ရွက်ဖို့ရှိပါသည်။ Feedback Mechanism ကိုလည်း ပြုလုပ်ထားပါသည်။ Community Fishery ကို မြို့နယ် ငါးမြို့နယ်မှာ အကောင်အထည် ဖော်ဖို့ရှိပါသည်။ ထိုင်းနှင့် ကမ္ဘောဒီးယားကိုလည်း သွားရောက်လေ့လာပြီးဖြစ်ပါသည်။ ရခိုင်ဒေသနှင့် ကိုက်ညီသော လုပ်ငန်းများကို ထည့်သွင်းပြီး အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာန နှင့် ဥပဒေပြုရေးအဖွဲ့နှင့်လည်း ချိတ်ဆက်လုပ်နေပါသည်။ ရှေ့နှစ်ဆန်းမှာဆိုရင်ပြည်ထောင်စုအဆင့်မှ လူများကိုဖိတ်ခေါ်ပြီးလုပ်ဆောင်သွားဖို့ရှိပါကြောင်း  တင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဦးအောင်မြကျော် - ဥက္ကဌ ရခိုင်ပြည်နယ် လွှတ်တော် ဥပဒေပြုရေး ကော်မတီ | ငါးလုပ်ငန်းအတွက်ခိုင်မာသောဈေးကွက်မရှိဘူးဖြစ်နေပါသည်။ဘင်္ဂလားကလည်းဈေးကွက်ကိုဖွင့်လိုက်ပိတ် လိုက်ဖြစ်နေပါသည်။ထို့ကြောင့်လုပ်ဆောင်သောသူများသည်လုပ်ကိုင်ရန်အတွက်စိတ်ဝင်စားမှုမရှိဘူးဖြစ် လာပါသည်။ ထို့ကြောင့် ပြည်ထောင်စုအဆင့်မှ စဉ်းစားပေးပါရန်တောင်းဆိုအပ်ပါသည်။ ရင်းနှီးမြုပ်နှံ လိုက်သော်လည်း အမြတ်မရဘူးဖြစ်နေပါတယ်။ ထို့ကြောင့်သူတို့ဟာဆောက်လုပ်ရေး လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်နေကြပြီဖြစ်ပါသည်။ သေချာသော ဈေးကွက်ပေါ်ပေါက်ရန်လိုအပ်ပါသည်။ ကမ်းနီးကမ်းဝေးသည် ရခိုင်တွင်အဓိကအရေးကြီးဆုံးဖြစ်ပါသည်။ ကမ်းဝေးသင်္ဘောတွေက ကမ်းနီးကိုလာပြီး ဘာတစ်ခုမှမကျန်အောင်ဆွဲသွားကြပါသည်။ ကမ်းနီးကလူတွေက ဌာနကို လာရောက် တိုင်ကြားပါတယ်။ သို့သော်လည်း ၄င်းသင်္ဘောများကို လိုက်ဖမ်းရန်အတွက် မတတ်နိုင်ပါဘူး။ ဘင်္ဂလားဘက်က သင်္ဘောတွေဟာ အမြဲတမ်းလာရောက် ဖမ်းနေပါသည်။ ကမ်းနီးရဲ့ မြေပုံဟာ တိကျစွာသက်မှတ်ထားဖို့လိုအပ်နေပြီဖြစ်ပါကြောင်း  တင်ပြဆွေးနွေးခဲ့ပါသည်။ |
| သဒ္ဒါမှ ကိုယ်စားလှယ် | LIFT ၏ ရံပုံငွေဖြင့် မော်ကျွန်းနှင့် ဘိုကလေးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ဒေသတွင်း NGO (၈) ခုဖြင့် အကောင်အထည်ဖော်နေပါသည်။ စွမ်းဆောင်ရေမြင့်တင်ခြင်းနှင့် ထိခိုက်လွယ်မှု လျှော့ချရေးလုပ်ငန်းတွေကို လုပ်ကိုင်နေပါသည်။ Community Empowerment and Fellowship Approach ကို အခြေခံပြီးလုပ်တာဖြစ်ပါသည်။ ဘိုကလေးနှင့်မော်ကျွန်း နှစ်မြို့နယ်တွင် ငါးလုပ်ငန်း ဥပဒေပြုလုပ်နိုင်ရန် ၂၄ ရွာတွင်စွမ်းဆောင်ရည်မြင့်တင်ရေး လုပ်ငန်းများကို လုပ်ဆောင်နေပါသည်။ မြို့နယ်၏ အာဏာပိုင်တွေကိုလည်းခေါ်ပြီး စွမ်းဆောင်ရည်မြင့်တင်ရေး တွေကိုလည်းပြုလုပ်ကြပါသည်။ငါးမွေးမြူရေးလုပ်ငန်းတွေကိုလည်းဆောင်ရွက်ထားပါသည်။ တစ်ဦးချင်းမှ ကန်အသေးလေးများဖြင့်မွေးကြောင်း  တင်ပြဆွေးနွေးခဲ့ပါသည်။ |
| ဦးစိန်မြင့် - LiFT | လတ်တလောကတော့ Tat Lanမှလုပ်ဆောင်နေပါသည်။ ဒေါ်လာ သန်း (၃၀၀) အထိရှိပါသည်။ မြို့နယ် ၆ မြို့နယ် တွင်ဖြစ်ပါသည်။ လိုအပ်သော လုပ်ငန်းများကို လုပ်ကိုင်မည်ဖြစ်ပါသည်။ မွေးမြူရေး အသေးစား၊ စသဖြင့် ပြုလုပ်မည်ဖြစ်ပါသည်။ အညာဒေသ စီမံကိန်းဆိုရင် ဒေါ်လာသန်း (၅၀၀)လျာ ထားထားပါသည်။ ကုန်းမြင့်ဒေသတွင် သန်း (၆၀)လျာထားထားပါသည်။ မြစ်ရေတင်စီမံကိန်းကို အစအဆုံးပြန်ပြင်ပေးဖို့ ပြုလုပ်နေပါသည်။ လိုအပ်သော သင်တန်းများပေးမည်၊ ပစ္စည်းတွေလည်း ပေးမည်ဖြစ်ပါသည်။ မြစ်ရေတင်စီမံကိန်းတွင် ဒေါ်လာ (၅) သန်း ကျခံမည် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ |
| Mr. Gerry Fox – Pyoe Pin | လုပ်ငန်းဆောင်တာများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုတွေပိုမို လိုအပ်ပါသည်။ ရေလုပ်ငန်းဆိုတာက အခက်အခဲတွေများစွာရှိပါသည်။ နိုင်ငံတစ်ကာ အကူအညီများ လိုအပ်ပါသည်။ Private sector တွေလည်းလိုအပ်ပါသည်။ လူထုလည်း ပူးပေါင်းပါဝင်ဖို့လိုအပ်ပါသည်။ အားလုံးပူးပေါင်းလုပ်ဆောင်သွားမည်ဆိုရင် ရေရှည်တည့်တံ့တဲ့ ငါးလုပ်ငန်းဆောင်ရွက်မှုတွေကို ပြုလုပ်သွားနိုင်မှာဖြစ်ပါသည်။ နိုင်ငံတကာ အတွေ့အကြုံတွေ၊ ကမ္ဘောဒီးယား အတွေ့အကြုံတွေ၊ |

| | |
|---|---|
| | အခြားသောသူများ၏ အတွေ့အကြုံများစွားကိုလည်း ရရှိခဲ့ကြပါသည်။ ရေရှည်တည့်တံ့မှုလို့အပ်ရန် ကာကွယ်မှုဆိုတာလည်း လိုအပ်ပါသည်။ အစိုးရ၏ အခွန်နှုန်းထားများကိုလည်းပြန်လည်သုံးသပ်ဖို့ လိုအပ်ပါတယ်၊ ပြဿနာများကို ဖြေရှင်းတဲ့ လုပ်ငန်းတွေကိုလည်း လုပ်ဆောင်ခြင်းများဟာ စံပြလုပ်ဆောင်မှုတစ်ခုပဲဖြစ်ပါသည်။ ရှေ့ဆက်ပြီးပြုလုပ်သွားပါကအောင်မြင်မှုများရနိုင်ကြောင်းတင်ပြ ဆွေးနွေးခဲ့ပါသည်။ အခုလိုအစိုးရနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ ပိုင်းဂန်းအဖြေရှာပြီး စုပေါင်းဆောင်ရွက်တဲ့အလေ့အထ (model)ဟာ ရေလုပ်ငန်းတစ်ခုတည်းအတွက်သာ မဟုတ်ပဲ မြန်မာနိုင်ငံ၏ အဓိက အရေးပါတဲ့ ပြုပြင်ပြောင်းလဲမှု ၊ တိုးတက်ဖွံ့ဖြိုး သာယာဂပြောအောင် ဆောင်ရွက်နိုင်ရန်အတွက် အလွန်အရေးကြီးကြောင်း ပြောဆိုရင်းနိဂုံးချုပ်ပါတယ်။ |
| Dr. အောင်မြတ်ဦး<br>ဒု - ဝန်ကြီး<br>မွေးမြူရေး၊<br>ရေလုပ်ငန်းနှင့်<br>ကျေးလက်ဒေသ<br>ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | မြန်မာနိုင်ငံမှာ ဆင်းရဲမွဲတေမှု လျော့ချရေးလုပ်ငန်းတွေမှာ တစ်ဖက်တစ်လမ်းကနေ ဒီလိုမျိုး ပိုင်းဂန်းအဖြေရှာ  လုပ်ဆောင်ပေးတဲ့အတွက် NAG, Pyoe Pin နှင့် အဖွဲ့အစည်းများကို အလွန် ကျေးဇူးတင်ပါတယ်၊ ဆင်းရဲမွဲတေမှု လျော့ချရေးနည်းဗျူဟာမှာ ဒီကိစ္စရပ်က အလွန်အရေးကြီးပါတယ်၊ ကမ္ဘောဒီးယားနဲ့ ရခိုင်မှာရှိတဲ့ အတွေ့အကြုံတွေက ကျွန်တော်တို့အတွက် တော်တော်အရေးကြီးပါတယ်၊ ဒီဆွေးနွေးပွဲမှာရတဲ့ ရလာဒ်တွေကို အပြောသက်သက်တင် မဟုတ်ဘဲ လက်တွေ့လုပ်ဆောင်ဖို့ တိုက်တွန်းချင်ပါတယ်၊ အနာဂတ်မှာ ရေရှည်တည်တံ့တဲ့ ရေလုပ်ငန်းတွေ ဖြစ်လာဖို့ ကျွန်တော်အနေနဲ့ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ |
| | လက်ဆောင်ပစ္စည်းပေးအပ်ခြင်း |
| | အခမ်းအနားပြီးဆုံးကြောင်း ကြေညာခြင်း |

**ပြည်ထောင်စုအဆင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲချမှတ်ခြင်း**

မွေးမြူရေး၊ ရေလုပ်ငန်း နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးနှင့်တကွ တက်ရောက်လာသော ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဌ ဦးဆောင်သောကိုယ်စားလှယ်များ၊ ဧရာဝတီတိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဦးဆောင်သော ကိုယ်စာလှယ်တော်များ၊အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ INGO၊ NGO မှ တတ်သိပညာရှင်များ၊ ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်များ၊ နယ်ပယ်အသီးသီးမှကျွမ်းကျင်ပညာရှင်များသည် အလုပ်ရုံ ဆွေးနွေးပွဲပါ အဓိကအချက်များကို တက်ကြွပွင့်လင်းစွာဖြင့် အသီးသီးတင်ပြဆွေးနွေးခဲ့ကြပါသည်။

အထူးသဖြင့် ရခိုင်နှင့်ဧရာဝတီတိုင်းဒေသကြီးများတွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြသော ရေသယံဇာတများကို ရပ်ရွာအခြေပြု စုပေါင်းစီမံခန့်ခွဲသောစနစ် (Community Fisheries)နှင့် (Co-Management)၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်လက်တွဲအကောင်အထည်ဖော်သည့်အတွေ့ အကြုံများသင်ခန်းစာများအပေါ်ဆွေးနွေးခဲ့ကြပြီး ၄င်းဆွေးနွေးပွဲ၏ အဓိကရလဒ်အားဖြင့် ပြည်ထောင်စုအဆင့်နှင့် နိုင်ငံတကာအိမ်နီးနားချင်းနိုင်ငံများနှင့် ပူပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်ကိုရေးဆွဲနိုင်ခဲ့ပြီး၎င်းအလုပ်ရုံဆွေးနွေးပွဲကြီးသည် မြန်မာနိုင်ငံတွင် လက်ရှိအကျိုးပြုဆောင်ရွက်နေသော ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များနှင့် အခြားအရေးပါသော ကိစ္စရပ်များအား ပိုမိုထိရောက်စွာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များကိုအဓိကအလေးပေးပွင့်လင်းစွာဖြင့်ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြပါသည်။

၎င်းအလုပ်ရုံဆွေးနွေးပွဲတွင်သယံဇာတများကိုစနစ်တကျစုပေါင်းစီမံခန့်ခွဲနိုင်မှုဆိုင်ရာနည်းလမ်းများ၊သင်ခန်းစာများနှင့်စနစ်တကျ ရေရှည်တည်တံ့သောအသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများနှင့် ၄င်းလုပ်ငန်းများမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊

ဆင်းရဲမွဲတေမှုလျော့ချရေး၊ နှင့်နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်နိုင်မည့်အချက်များနှင့် အကြံပြုချက်များကိုလည်း လေ့လာဖလှယ်ဆည်းပူးခွင့်ရခဲ့ပါသည်။

၄င်းလေ့လာရရှိသောသင်ခန်းစာများ၊ဆွေးနွေးတင်ပြအကြံပြုမှုများကိုအခြေခံ၍တက်ရောက်လာသောကိုယ်စားလှယ်များမှလက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဝန်ကြီးဌာနမှ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသောကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာမဟာဗျူဟာလုပ်ဆောင်ချက်များကိုလည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် ထိရောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ရှေ့ဆက်လုပ်ငန်းစဉ်များအတွက်အတူလက်တွဲဆောင်ရွက်နိုင်မည့် အောက်ပါလုပ်ငန်း စဉ်များကိုအတူတကွအစီအစဉ်ရေးဆွဲချမှတ်နိုင်ခဲ့ကြပါသည်။

## ပြည်ထောင်စုအဆင့် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ

**၁။ ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းနည်းဥပဒေရေးဆွဲရာတွင်ပြည်ထောင်စုအဆင့်ရေးဆွဲထားသောနည်းဥပဒေများအပါအဝင် မူဂါဒ ရေးဆွဲခြင်းလုပ်ငန်းစဉ်များကိုသေသေချာချာလေ့လာရေးဆွဲရန်**

ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကိုအဆင့်ဆင့်ပြုစုရေးသား၍ လူထုသဘောထားကောက်ခံကာဖြည့်စွက်ပြင်ဆင်ရေးသား၍ တရားဝင်အတည်ပြုပြီးဖြစ်ပါသည်။ ဆက်လက်၍နည်းဥပဒေများကိုရေးဆွဲသည့်အခါတွင် ပြည်ထောင်စု နည်းဥပဒေ၊ တစ်ချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ နည်းဥပဒေများကို လေ့လာ၍ရခိုင်ပြည်နယ် ရေလုပ်ငန်းမိတ်ဘက်အဖွဲ့နှင့် ပြည်ထောင်စုအဆင့်မှ နည်းပညာရှင်များပူးပေါင်း၍ လုပ်ငန်းအစီအစဉ်များရေးဆွဲကာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**၂။ နည်းဥပဒေရေးဆွဲရာတွင်ကျေးလက်ပြည်သူများ၏သဘောထားများကိုကောက်ခံဆောင်ရွက်ရန်**

နည်းဥပဒေများကိုရေးဆွဲရာတွင် အဓိကပါဝင်ရမည့် အသေးစိတ်အချက်များကို ဥပဒေကြီးနှင့်အညီထည့်သွင်းရေးဆွဲနိုင်ရန်နှင့် ဥပဒေကိုအဓိက လိုက်နာရမည် ပုဂ္ဂိုလ်များဖြစ်သည့် ရေလုပ်သားများနှင့် ရေလုပ်ငန်းနှင့်ဆက်နွယ်သောသူများ၏ အကြံအဉာဏ်များကိုပါ ထည့်သွင်းရေးဆွဲခံနိုင်ရန် အတွက် လူထုသဘောထားကောက်ခံရန်လိုအပ်ပါသည်။

**၃။ အရင်းအမြစ်စီမံခန့်ခွဲခြင်းနှင့်စီမံကိန်းဆိုင်ရာဥပဒေသတ်မှတ်အကောင်အထည်ဖော်ရန်**

ရေလုပ်ငန်းသည် အခြားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောဆက်စပ်လျှက်ရှိရာ အရင်းအမြစ် ဆက်နွယ်ပဋိပက္ခများကို ရှောင်ရှားနိုင်ရန်နှင့် ကျေးလက်လူထုပါဝင်သော စီမံအုပ်ချုပ်သည့်စနစ် (Local Governance) ကိုအကောင်အထည်ဖော်နိုင်ရန် အရင်းအမြစ်စီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေသတ်မှတ်ရေးဆွဲရန် အထောက်အကူပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

**၄။ ပြည်ထောင်စုဥပဒေများနှင့်ဆန့်ကျင်မှုမရှိစေဘဲငါးမဖမ်းရရာသီသတ်မှတ်ခြင်းများနှင့်အစရှိသည့်ဥပဒေပိုင်းဆိုင်ရာသက်ရောက် မှုရှိစေရန် ပြည်နယ်၊တိုင်းဒေသကြီးများပူးပေါင်းဆောင်ရွက်ကာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကျင်းပ အကောင်အထည်ဖေါ်ရန်**

ငါးမဖမ်းရရာသီ၊ နေရာသတ်မှတ်သည့်အခါတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး၏ ပြည်ထောင်စုဥပဒေနှင့်အညီ ရေးဆွဲထားသော မူဘောင်ထဲမှ လမ်းညွှန်ချက်များပေးရမည်ဖြစ်ပါသည်။

**၅။ ဥပဒေမူဝါဒများကိုပြည်သူများပိုမိုသဘောပေါက်ရန်၍အတွက်ကျေးလက်ဒေသတွင်းကွင်းဆင်းဆောင်ရွက်ရန်**
ဥပဒေပါအချက်အလက်များကို ပြည်သူများပိုမိုသိရှိလိုက်နာနိုင်ရန် ရိုးရှင်းလွယ်ကူသောရုပ်ပုံ၊ စာသားများဖြင့် ကွင်းဆင်းအသိပညာ ပေးခြင်းများဆောင်ရွက်ရမည်ဖြစ်ပါသည်။

**၆။ ရေလုပ်ငန်းဆိုင်ရာပဋိပက္ခများနှင့်ဖွံ့ ဖြိုးတိုးတက်ရေးဆိုင်ရာအစီမံများကိုလိုက်ရောညီထွေစွာချမှတ်ရန်**
ရေလုပ်ငန်းနှင့်ဆက်နွယ်ပဋိပက္ခများကိုစနစ်တကျဖြေရှင်းနိုင်ရန်နှင့်ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်များကိုချမှတ်ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် အခြား ပြည်နယ်/တိုင်းဒေသကြီးများတွင်ပါ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုမှ မူဝါဒများ ချမှတ်ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

**၇။ စုပေါင်းစီမံခန့်ခွဲသောစနစ်(Co-management)နှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစီမံများချမှတ်ခြင်းနှင့်စုပေါင်းစီမံခန့်ခွဲသောစနစ် နိုင်ငံပုံမှ ကျယ်ပြန့်စွာဆောင်ရွက်ရန်**
ရေလုပ်ငန်းဆိုင်ရာစုပေါင်းစီမံခန့်ခွဲသောစနစ် (Community Fisheries)နှင့်ချိတ်ဆက်စီမံခန့်ခွဲသောစနစ် (Co-Management) ဆိုင်ရာ စီမံကိန်းများကို ရခိုင်နှင့်ဧရာဝတီတိုင်းဒေသကြီးများတွင် စတင်ဆောင်ရွက်ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများ တွင်ပါဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့်မှ လမ်းညွှန်ချိတ်ဆက်ဆောင်ရွက်ပေးပြီး ပြည်ထောင်စုအဆင့်မှ ဦးဆောင်၍သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများမှမိတ်ဖက်အဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

**၈။ ရေသတ္တဝါသားငါးမွေးမြူခြင်းဆိုင်ရာဖွံ့.ဖြိုးတိုးတက်ရေးအတွက်အသိပညာနှင့်နည်းပညာမြင့်တင်ပေးရန်**
ငါးရိက္ခာပိုမိုဖူလုံစေရန်နှင့် ငါးသယံဇာတထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ လုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာများ ပံ့ပိုးဆောင်ရွက်ရန်

**၉။ နိုင်ငံတော်၏ ယခုလက်ရှိချက်မှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ ပိုမို၍ အားကောင်းလာစေရန် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ကာ မူဝါဒများချမှတ်၍ ပြည်ထောင်စုနှင့်ချိတ်ဆက်ကာ အကောင်အထည်ဖော်ရန်**
ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆွေးနွေးပွဲများပြုလုပ်ကာမူဝါဒများချမှတ်၍အကောင် အထည် ဖော်ရာတွင်လုည့်ပတ်ရန်ပုံငွေစနစ်များ၊ ဝင်ငွေတိုးအသက်မွေးဝမ်းကျောင်း သင်တန်းပေးခြင်းများ၊ အစားထိုးအသက်မွေးဝမ်းကျောင်းများ ဖန်တီးပေးခြင်းဖြင့် ၄င်းမူဝါဒများကို လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရာတွင် ပိုမို၍ထိရောက်မည်ဖြစ်ပါသည်။

**၁၀။ ရခိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းများအပေါ် လေ့လာတွေ့ရှိရသောသင်ခန်းစာများအားအသုံးချ၍ ပိုမိုကောင်းမွန် အောင်ဆောင်ရွက်ရန်**
(က)ရခိုင်ပြည်နယ်ဖွံ့.ဖြိုးတိုးတက်ရေး၅နှစ်စီမံကိန်းနှင့်ရှေ့ဆက်ဆောင်ရွက်ရန်
(ခ) တက်လမ်းစီမံကိန်း၏ဖွံ့.ဖြိုးတိုးတက်မှုစီမံကိန်းပုံစံကို ဆက်နွယ်ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

**၁၁။ ရှိရင်းစွဲရေလုပ်ငန်းဆိုင်ရာဓလေ့ထုံးတမ်းစဉ်လာများအပေါ် အခြေခံကာကျေးရွာအထိစုပေါင်းစီမံခန့်ခွဲသောစနစ်ကို ပီပြင်စွာဆောင်ရွက်နိုင်ရန် နည်းဥပဒေရေးဆွဲရေးတွင်ထည့်သွင်းပြဌာန်းနိုင်ရန်အတွက် ဆိုင်ရာအဖွဲ့အစည်း ဆက်နွယ်သူများကြား ပူးပေါင်းဆောင်ရွက်ခြင်း**

(က)ရေချိုငါးဥပဒေမူဝါဒများ၊ ငါးလုပ်ငန်းဆိုင်ရာမူဝါဒများ၊ ရေသတ္တဝါမွေးမြူခြင်းဆိုင်ရာမူဝါဒများနှင့် ပြည်ထောင်စု ဥပဒေများ ကြားသဟဇာတကျစွာဆောင်ရွက်ရန်

(ခ)မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံကြားသက်ဆိုင်ရာ ဝန်ကြီးဌာနများအရာရှိများ အပြန်အလှန်သွားရောက်၍ တွေ့ကြုံဖလှယ်ရန်
(ဂ)ရခိုင်ပြည်နယ်ရေလုပ်ငန်း မိတ်ဘက်အဖွဲ့မှ ၅နှစ်စီမံကိန်းဆွဲ၍အကောင်ထည်ဖော်တင်ပြရန်ဖြစ်ပါသည်။

## ၁၂။ ငါးလုပ်ငန်းဆိုင်ရာပြည့်ပပို့ကုန်များတိုးမြင့်လုပ်ဆောင်နိုင်ရန်အတွက်ဈေးကွက်တည်ငြိမ်မှုကိုပြည်ထောင်စုအဆင့်မှဦးစားပေး ဆောင်ရွက်ရန်

ရေထွက်ပစ္စည်းများကို ပြည်တွင်းနှင့် ပြည်ပဈေးကွက်များသို့တင်ပို့သည့် အခါတွင် ဈေးကွက်ဝင်အဆင့်မီနိုင်ရေးနှင့် ဈေးကွက်တည်ငြိမ်ရေးကို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာဌာနများ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာအစီအစဉ်များချမှတ်၍ဆောင်ရွက်ရန် ဖြစ်ပါသည်။ ၎င်းရေထွက် ကုန်ပစ္စည်းများကိုနိုင်ငံတကာစံညွှန်းမီ (International Standard)သဘာဝထွက်ကုန်များ (Organic) ဖြစ်စေရန်နှင့် စားသုံးသူများလုံခြုံမှု (Food Security) ရှိစေရန်ခိုင်မာသောမူဝါဒများချမှတ်၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

## ၁၃။ ကမ်းဝေးငါးဖမ်းယာဉ်များကမ်းနီးသို့ဝင်ရောက်ဖမ်းဆီးခြင်းနှင့်ဆက်စပ်၍ဖြစ်ပေါ်လာသည့်အငြင်းပွားမှုပြဿနာများ အပေါ်ပိုမိုပူးပေါင်းဆောင်ရွက်ရန်

ကမ်းဝေးငါးဖမ်းရေယာဉ်များ ကမ်းနီးဒေသများသို့ တရားမဝင်ဝင်ရောက်ငါးဖမ်းခြင်းများနှင့် တားမြစ်ချက်ကျော်လွန်သည့် စက်ကိရိယာများ ကိုအသုံးပြု၍ဖမ်းဆီးခြင်းများကြောင့် ဒေသခံရေလုပ်သားများ၏ငါးဖမ်းကိရိယာများ ပျက်စီးခြင်းနှင့် ငါးပြန်းတီးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ၎င်းနှင့်ဆက်စပ်ပြဿနာများကို ဖော်ထုတ်အရေးယူနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်ထောင်စုမှကြီးမှူးကာသတင်းအချက်အလက်များ ဖလှယ်ခြင်းသတိပေးဆောင်ရွက်ခြင်းနှင့်မိမိတို့ဒေသများရှိကမ်းဝေးရေယာဉ်များ ကိုစနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် ဖြစ်ပါသည်။

## ၁၄။ပြည်ထောင်စုအဆင့် အလုပ်ရုံဆွေးနွေးပွဲကြီးမှတစ်ဆင့် ဒေသတွင်းနိုင်ငံများ အလုပ်ရုံဆွေးနွေးပွဲအထိ ဆောင်ရွက်နိုင်ရန်

ပြည်ထောင်စုအဆင့်မှကြီးမှူး၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများကြား အရင်းအမြစ်စုပေါင်းစီမံခန့်ခွဲသောစနစ်၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲကြီးကို ကျင်းပပြုလုပ်ပြီးနောက် ဒေသတွင်းနိုင်ငံများ၌ဆောင်ရွက်နေသည့်ပုံစံများအတွေ့အကြုံများကိုလေ့လာဖလှယ်နိုင်ရန်ဒေသတွင်းနိုင်ငံများဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲကြီးတစ်ခုကိုကျင်းပမည်ဖြစ်ပါသည်။

## ၁၅။မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ လက်ရှိအကောင်အထည် ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ စီမံကိန်းအား သက်ဆိုင်ရာ ကဏ္ဍ အသီးသီးမှ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်း များ နှင့် ပူးပေါင်း ဆောင်ရွက်ရန်

၎င်းစီမံကိန်း တွင် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော သင်ခန်းစာများအပေါ် အခြေခံ၍ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း ပိုမိုတိုးတက်ကောင်းမွန် လာရေးအတွက် မိမိတို့ဒေသရှိ သဘာဝ အရင်းအမြစ်များကို မိမိတို့ကိုယ်တိုင်

စနစ်တကျ စီမံခန့်ခွဲ၍ ပိုမိုတိုးတက်ကောင်းမွန်သော အသက်မွေးဝမ်းကျောင်း စနစ်များကို ဆောင်ရွက်လာနိုင်ပြီး ရရှိလာသော အကျိုးအမြတ်များကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များအားတိုက်ရိုက်အထောက်အကူ ပြုစေသည့်အပြင်ငှင်းအရင်းအမြစ်များကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်မည့်အခြေခံမူဝါဒများနှင့်၎င်းစံပြပုံစံ (model)အား မြန်မာနိုင်ငံ ဒေသအသီးသီးရှိသက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။

## နိဂုံးချုပ်

ဤအလုပ်ရုံဆွေးပွဲတွင်သဘာဝအရင်းအမြစ်များစုပေါင်းစီမံခန့်ခွဲခြင်းနှင့်အသက်မွေးဝမ်းကျောင်းစနစ်များပိုမိုကောင်းမွန်စေရန်နှင့်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆက်စပ်မှုများကိုပိုမို၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှတစ်ဆင့် ပြည်ထောင်စု အဆင့်အထိ ပူးပေါင်းဆောင်ရွက်နိုင်မည့် လက်တွေ့ကျသော အခြေခံမဟာဗျူဟာအချက်များကို ဆွေးနွေးနိုင်ခဲ့ပြီး ရရှိသောသင်ခန်းစာများ၊အတွေ့အကြုံများအပေါ် အခြေခံ၍လုပ်ငန်းစဉ်များကို အတူတကွအစီအစဉ်ရေးဆွဲချမှတ် နိုင်ခဲ့ကြပါသည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့်တကွ ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားလှယ်တော်များ၊ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး၊ ရခိုင်ပြည်နယ်လွှတ်တော် ဥဒေပြုရေးကော်မတီဥက္ကဌ၊ တက်ရောက်လာသောကိုယ်စားလှယ်တော်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ NGO၊ INGO အဖွဲ့အစည်းများအသီးသီးတို့မှ ဆွေးနွေးအကြံပြုချက်များနှင့်အတူတကွရေးဆွဲထားသောအစီအစဉ်များကိုဂတိကဝတ်ပြုခဲ့ကြသည့်အတိုင်းသက်ဆိုင်ရာဌာနများ နှင့်အတူတကွဆက်လက်ပူးပေါင်းလက်တွဲကာချမှတ်ထားသောရည်မှန်းချက်မဏ္ဍိုင်များအတိုင်းအကောင်အထည်ဖော်လုပ်ဆောင် သွားကြရန်သန္နိဋ္ဌာန်ချမှတ်၍ အလုပ်ရုံဆွေးနွေးပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြပါသည်။

လုပ်ငန်းစဉ်အကျဉ်းချုပ်နှင့် အချိန်ဇယား (Work Plan)

| စဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | Jan-March2015 | April-July 2015 | Aug-Dec2015 | Jan-March2016 | April-July2016 | Aug-Dec2016 |
|---|---|---|---|---|---|---|---|
| ၁ | ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းနည်းဥပဒေရေးဆွဲရာတွင် ပြည်ထောင်စုအဆင့်ရေးဆွဲထားသောနည်းဥပဒေများ အပါအဝင်မူဂါဒရေးဆွဲခြင်းလုပ်ငန်းစဉ်များကိုသေသေချာချာလေ့လာရေးဆွဲရန် | ■ | | | | | |
| ၂ | နည်းဥပဒေရေးဆွဲရာတွင်ကျေးလက်ပြည်သူများ၏သဘောထားများကို ကောက်ခံဆွေးနွေးရန် | | ■ | | | | |
| ၃ | အရင်းအမြစ်စီမံခန့်ခွဲခြင်းနှင့်စီမံကိန်းဆိုင်ရာဥပဒေသတ်မှတ်အကောင်အထည်ဖော်ရန် | | | ■ | | | |
| ၄ | ပြည်ထောင်စုဥပဒေများနှင့်ဆန့်ကျင်မှုမရှိစေဘဲငါးမဖမ်းရရာသီသတ်မှတ်ခြင်းများနှင့်အစရှိသည့် ဥပဒေပိုင်းဆိုင်ရာသက်ရောက်မှုရှိစေရန် ပြည်နယ်၊တိုင်းဒေသကြီးများပူးပေါင်းဆောင်ရွက်ကာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကျင်းပ အကောင်အထည်ဖေါ်ရန် | | | ■ | ■ | | |
| ၅ | ဥပဒေမူဂါဒများကိုပြည်သူများသဘောပေါက်နားလည်စေရန် ကျေးလက်ဒေသအထိ ကွင်းဆင်းပညာပေး ဆောင်ရွက်ရန် | | | ■ | ■ | | |
| ၆ | ရေလုပ်ငန်းဆိုင်ရာပဋိပက္ခများနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအစီမံများကိုလိုက်လျောညီထွေစွာချမှတ်ရန် | | | | ■ | | |
| ၇ | စုပေါင်းစီမန်ခန့်ခွဲသောစနစ်(Comanagement)ကိုရခိုင်နှင့်ဧရာဝတီမှစတင်အကောင်အထည် ဖော်ဆောင်ရွက်ပြီး ၄င်းမှတစ်ဆင့် အခြားသောပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပြည်ထောင်စု အဆင့်မှကြီးမှူလျက် ကျယ်ပြန့်စွာဆောင်ရွက်ရန် | | ■ | | | | |
| ၈ | ရေသတ္တဂါသားငါးမွေးမြူခြင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက်အသိပညာနှင့်နည်းပညာမြင့် တင်ပေးရန် | | | | ■ | ■ | |
| ၉ | နိုင်ငံတော်၏ ယခုလက်ရှိချက်မှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ ပိုမို၍ အားကောင်းလာစေရန် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ကာ မူဝါဒများချမှတ်၍ ပြည်ထောင်စုနှင့်ချိတ်ဆက်ကာ အကောင်အထည်ဖော်ရန် | | | ■ | | | |
| ၁၀ | ရခိုင်နှင့်ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းများအပေါ် လေ့လာတွေ့ရှိရသောသင်ခန်းစာများ အားအသုံးချပြီးပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်<br>- ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၅နှစ်စီမံကိန်းနှင့်ရှေ့ဆက်ဆောင်ရွက်ရန်<br>- တက်လမ်းစီမံကိန်း၏ဖွံ့ ဖြိုးတိုးတက်မှုစီမံကိန်းပုံစံကိုဆက်နွယ်ပူးပေါင်းဆောင်ရွက်ရန် | ■ | ■ | ■ | | | |
| ၁၁ | ရှိရင်းစွဲရေလုပ်ငန်းဆိုင်ရာဓလေ့ထုံးတမ်းစဉ်လာများအပေါ်အခြေခံကာကျေးရွာအထိစုပေါင်း စီမန်ခန့်ခွဲသောစနစ်ကိုပီပြင်စွာဆောင်ရွက်နိုင်ရန်နည်းဥပဒေရေးဆွဲရေးတွင်ထည့်သွင်း ပြဋ္ဌာန်းနိုင်ရန်အတွက် ဆိုင်ရာအဖွဲ့အစည်းဆက်နွယ်သူများကြားပူးပေါင်းဆောင်ရွက်ခြင်း<br>(က) ရေချိုငါးဥပဒေမူဂါဒများ၊ ငါးလုပ်ငန်းဆိုင်ရာမူဂါဒများ၊ရေသတ္တဂါမွေးမြူခြင်းဆိုင်ရာမူဂဒများနှင့်ပြည်ထောင်စုဥပဒေများ ကြားသဟဇာတကျစွာဆောင်ရွက်ရန်<br>(ခ) မြန်မာနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံကြားသက်ဆိုင်ရာဝန်ကြီးဌာနများအရာရှိများ အပြန်အလှန်သွားရောက်အတွေ့ကြုံဖလှယ်ရန် | | ■ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | (ဂ) ရခိုင်ပြည်နယ်ရေလုပ်ငန်း မိတ်ဘက်အဖွဲ့မှ ၅နှစ်စီမံကိန်းဆွဲကာ အကောင်ထည်ဖော်တင်ပြရန် | | | | | | |
| ၁၂ | ငါးလုပ်ငန်းဆိုင်ရာပြည့်ပမိုကုန်များတိုးမြင့်လုပ်ဆောင်နိုင်ရန်အတွက်ဈေးကွက်တည်ငြိမ်မှုကို ပြည်ထောင်စုအဆင့်မှဦးစားပေးဆောင်ရွက်ရန် | | | | | | |
| ၁၃ | ကမ်းဝေးငါးဖမ်းယာဉ်များကမ်းနီးသို့ဂင်ရောက်ဖမ်းဆီးခြင်းနှင့်ဆက်စပ်၍ဖြစ်ပေါ်လာသည့် အငြင်းပွားမှုပြဿနာများအပေါ်ပိုမိုပူးပေါင်းဆောင်ရွက်ရန် | | | | | | |
| ၁၄ | ပြည်ထောင်စုအဆင့် အလုပ်ရုံဆွေးနွေးကြီးမှတစ်ဆင့် ဒေသတွင်းနိုင်ငံများ အလုပ်ရုံဆွေးနွေးပွဲအထိ ဆောင်ရွက်နိုင်ရန် | | | | | | |
| ၁၅ | မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ၏ လက်ရှိအကောင်အထည် ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ စီမံကိန်းအား သက်ဆိုင်ရာ ကဏ္ဍ အသီးသီးမှ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်း များ နှင့် ပူးပေါင်း ဆောင်ရွက်ရန် | | | | | | |

နောက်ဆက်တွဲ (က)

သဘာဝအရင်း အမြစ်များ စုပေါင်းစီမံခန့်ခွဲမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ

အခန်းအနားအစီအစဉ်

နေ့စွဲ ၂၀၁၄ ဒီဇင်ဘာ ၁၈ရက်

နေရာ (အစည်းအဝေးခန်းမ)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (နေပြည်တော်)

| အချိန် | အကြောင်းအရာ | တင်ပြဆွေးနွေးသူ |
|---|---|---|
| ၈း၃၀-၉း၀၀ | တက်ရောက်ကြောင်းလက်မှတ်ရေးထိုးခြင်း | တက်ရောက်သူအားလုံး |
| ၉း၀၀-၉း၃၀ | နတ်ခွန်းဆက် အမှာစကားပြောကြားခြင်း | ဒုတိယဝန်ကြီး၊<br>မွေးမြူရေး၊ရေလုပ်ငန်းနှင့်<br>ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၉း၃၀-၁၀း၀၀ | အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး<br>• မဟာဗျူဟာ အနှစ်ချုပ်<br>• အောင်မြင်မှုနှင့် စိန်ခေါ်မှုများ<br>• အဓိကသင်ခန်းစာများ | ဒေါက်တာယဉ်ယဉ်မိုး<br>ဒု ညွှန်ကြားရေးမှူး၊<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ<br>ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| | ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်<br>ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစီမံချက်များ | ဦးခန့်ဇော်<br>ညွှန်ကြားရေးမှူး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ<br>ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| | | |

| | | |
|---|---|---|
| ၁၀း၀၀ - ၁၀း၃၀ | နိုင်ငံတကာအတွေ့အကြုံ ဖလှယ်ခြင်း<br>အရင်းအမြစ်စီမံ အုပ်ချုပ်မှုနှင့် ရည်ရှည်တည်တံ့ဖွံ့ဖြိုးရေး<br>• အဓိက သင်ခန်းစာများ | Rick Gregory (နည်းပညာရှင်) |
| ၁၀း၃၀ - ၁၀း၄၅ | လက်ဘက်ရည်သုံးဆောင်ခြင်း | |
| ၁၀း၄၅ - ၁၁း၁၅ | နိုင်ငံတကာဆိုင်ရာ ရေလုပ်ငန်း ပြုပြင်ပြောင်းလဲခြင်း အတွေ့အကြုံများဖလှယ်ခြင်း<br>• အာဆီယံဒေသတွင်း ရေလုပ်ငန်းပြုပြင်ပြောင်းလဲမှုကို အဓိကဦးဆောင် ဆောင်ရွက်သည့် ကမ္ဘောဒီးယား အတွေ့အကြုံသင်ခန်းစာများ<br>• အမေးအဖြေ ကဏ္ဍ | Mr. Lieng Sopha<br>ရေလုပ်ငန်းကျေးလက် စုပေါင်းစီမံခန့်ခွဲခြင်းဆိုင်ရာဌာန၊ ကမ္ဘောဒီးယား |
| ၁၁း၁၅ - ၁၂း၁၅ | ဧရာဝတီတိုင်းဒေသကြီး၏ အတွေ့အကြုံများကိုတင်ပြခြင်း<br>• ငါးလုပ်ငန်း၊ သဘာဝအရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် ကျေးလက်အသက် မွေးကျောင်းဆိုင်ရာ အဓိက စိန်ခေါ်မှုများ<br>• IFGS ကျေးရွာအခြေပြု စီမံခန့်ခွဲသည့်ပုံစံ<br>• လေ့လာရေးခရီးမှ IFGS ကျေးရွာများတွင် အဓိကတွေ့ရသည့် သင်ခန်းစာများ | ဒေါ်စိုးစိုးငွေ<br>ရခိုင်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့ |
| ၁၂း၁၅ - ၁၂း၃၀ | သင်ခန်းစာများနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များ<br>• ကျေးလက်ဒေသရေလုပ်ငန်းစုပေါင်းစီမံခန့်ခွဲသော စနစ်၊ အသက်မွေးဝမ်းကျောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ရေးဆွဲခြင်း (အသက်မွေးဝမ်းကျောင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆင်းရဲမှုလျှော့ချရေး) | ပြည်နယ်မှူး<br>ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန |
| ၁၂း၃၀ - ၁း၃၀ | နေ့လည်စာ သုံးဆောင်ခြင်း | |
| ၁း၃၀ - ၂း၃၀ | Panel Discussion ကဏ္ဍအလိုက် ဝိုင်းဖွဲ့ဆွေးနွေးခြင်း (ရေလုပ်ငန်း၊ အရင်းအမြစ်စီမံအုပ်ချုပ်ခြင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး) | |
| | ရခိုင်ပြည်နယ် ငါးလုပ်ငန်းဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ် | ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီ ဥက္ကဌ |
| | ရခိုင်ပြည်နယ် ငါးလုပ်ငန်း (အောင်မြင်မှုစိန်ခေါ်မှု၊ တိုးတက်မှု) | ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်မှူး |
| | ရခိုင်ပြည်နယ် ရေလုပ်ငန်းမိတ်ဖက် အဖွဲ့၊ အရင်းအမြစ်စီမံ အုပ်ချုပ်ရေးနှင့် | Mr. Rick Gregory<br>(Expert) |

| | | |
|---|---|---|
| | ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ စံပြ (Pilot) စီမံကိန်းများ | |
| ၂း၃၀ - ၃း၁၅ | ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ရေလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | |
| ၃း၁၅ - ၄း၁၅ | Panel Discussion ကဏ္ဍအလိုက် ဝိုင်းဖွဲ့ဆွေးနွေးခြင်း (အရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် ရည်ရှည်ဖွံ့ဖြိုးတိုးတက်ရေး) | |
| | ကျေးလက်ဒေသ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခက်အခဲ အတွေ့အကြုံများဖလှယ်ခြင်း | Mr. Rick Gregory<br>(Expert) |
| | ရေရှည်တည်တံ့ခိုင်မြဲသော အသက်မွေးဝမ်းကျောင်းပုံစံ (Model) | ဦးအောင်ကျော်သိန်း<br>(ပျိုးပင် အစီအစဉ်) |
| | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်<br>(ရပ်ရွာ အခြေပြုပူးပေါင်းပါဝင် အစီအစဉ်ရေးဆွဲခြင်း) | ဦးဘော်ဘီ<br>(NAG) |
| ၄း၁၅ - ၄း၃၀ | ကျေးဇူးတင်မှတ်ချက်ပြောကြားခြင်း | Mr. Gerry Fox<br>(Pyopin Programme) |
| ၄း၃၀ - ၄း၄၅ | နိဂုံးချုပ် အမှာစကားပြောကြားခြင်း | ဒေါက်တာအောင်မြတ်ဦး (ဒုဝန်ကြီး)<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်<br>ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |

**နောက်ဆက်တွဲ (ခ)**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးမှ တင်ပြသော ရခိုင်ပြည်နယ် ရေလုပ်ငန်းနှင့် ပတ်သက်သည့် အချက် အလက်များ

*ရခိုင်ပြည်နယ်ဝန်ထမ်းအင်အားစာရင်း*

| စဉ် | ရုံးအမည် | အရာထမ်း | အမှုထမ်း | နေစား | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ပြည်နယ် | ၂ | ၆ | ၃ | ၁၁ |
| ၂ | စစ်တွေခရိုင် | ၄ | ၂၃ | ၁၃ | ၄၀ |
| ၃ | မြောက်ဦးခရိုင် | ၂ | ၁၅ | ၉ | ၂၆ |
| ၄ | ကျောက်ဖြူခရိုင် | ၁ | ၃၅ | ၁၃ | ၄၉ |
| ၅ | သံတွဲခရိုင် | ၄ | ၁၃ | ၁၁ | ၂၅ |
| ၆ | မောင်တောခရိုင် | ၁ | ၁၃ | ၁၁ | ၂၅ |
| | စုစုပေါင်း | ၁၄ | ၁၁၉ | ၅၈ | ၁၉၁ |

*ရေလုပ်ငန်းကဏ္ဍ လက်ရှိထုတ်လုပ်နိုင်မှုအခြေအနေ*

| စဉ် | အမျိုး အမည် | ရည်မှန်းချက် | ထုတ်လုပ်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | မွေးမြူရေးပုစွန် | ၁၈၆၆၅ | ၁၂၁၉၄.၈၆ | ၆၅.၃၄ % |
| ၂ | ဘုံငါးဖမ်း | ၆၄၂၀ | ၄၅၃၅.၉၅ | ၇၀.၆၅ % |
| ၃ | ရေငန်ငါး | ၁၀၇၀၀၀ | ၆၉၅၃၁ | ၆၄.၉၈ % |
| ၄ | ရေငန်ပုစွန် | ၃၆၉၄၅ | ၂၄၂၂၇.၃၆ | ၆၅.၅၈ % |
| | စုစုပေါင်း | ၁၉၆၉၀၃၀ | ၁၁၀၄၉၂.၂၄ | ၆၅.၃၇ % |

*ရခိုင်ပြည်နယ်၏ စီမံကိန်းထုတ်လုပ်မှုတွင် ငါးကဏ္ဍပါဝင်မှုအခြေအနေ*

| စဉ် | အကြောင်းအရာ | ပါဝင်သည့် ရာခိုင်နှုန်း |
|---|---|---|
| ၁ | အသားကဏ္ဍ | ၃၈.၁၂ % |
| ၂ | ငါးကဏ္ဍ | ၆၁.၈၈ % |
| | စုစုပေါင်း | ၁၀၀.၀၀ % |

**နယ်စပ်ကုန်သွယ်ရေးစခန်း(စစ်တွေ)၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ် (ဧပြီလမှ နိုဝင်ဘာလ ကုန်အထိ) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ပစ္စည်းတမျိုးချင်းအလိုက် တင်ပို့မှုစာရင်း**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (ဒေါ်လာ) |
|---|---|---|---|---|
| ၁ | ငါးအစို (ရန်ကုန်) | တန် | ၁၇၈၅.၅၀ | 1845322.50 $ |
| ၂ | ငါးနီတူခြောက် (စစ်တွေ) | တန် | ၈.၀၀ | 12400.00 $ |
| ၃ | ငါးကုန်းညှိခြောက် | တန် | ၁.၂၉ | 1070.70 $ |
| | စုစုပေါင်း | | ၁၇၉၄.၇၉ | 1858793.20 $ |

နောက်ဆက်တွဲ (ဂ)

**ရေချိုငါးသားပေါက်များအား အလွယ်တကူဝယ်ယူရရှိပါက မွေးမြူလာနိုင်သည့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ဧကများစာရင်း**

| စဉ် | မြို့နယ် | ဧက |
|---|---|---|
| ၁ | ကျောက်တော် | ၅၀၀ |
| ၂ | ပုဏ္ဏားကျွန်း | ၅၀၀ |
| ၃ | မင်းပြား | ၁၀၀၀ |
| ၄ | မြောက်ဦး | ၂၀၀ |
| ၅ | မောင်တော | ၁၀၀ |
| ၆ | ဘူးသီးတောင် | ၁၀၀၀ |
| | **စုစုပေါင်း** | **၃၃၀၀** |

**ရေငန်ပုစွန်မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဆောင်ရွက်ရမည့်နည်းလမ်းများ**

| စဉ် | ခရိုင် | ကန်အရေအတွက် | စုစုပေါင်းဧက | Extensive(ဧက) | | Extensive Plus(ဧက) | | SemiIntensive (ဧက) |
|---|---|---|---|---|---|---|---|---|
| | | | | ရေချို | ရေငန် | ရေချို | ရေငန် | |
| ၁ | မောင်တောခရိုင် | ၂၆၂၅ | ၁၅၃၅၃ | - | ၈၂၄၃.၅၄ | - | ၇၁၀၉.၄၆ | - |
| ၂ | စစ်တွေခရိုင် | ၂၇၄၃ | ၅၂၉၅၈ | ၂၆၀ | ၃၀၉၄၀.၃၃ | - | ၂၁၇၅၇.၆၇ | - |
| ၃ | မြောက်ဦးခရိုင် | ၉၂၈ | ၂၀၆၉၃ | ၇၀၅ | ၁၂၅၇၃.၇၅ | - | ၇၄၁၄.၂၅ | - |
| ၄ | ကျောက်ဖြူခရိုင် | ၄၇၉ | ၂၀၄၇၃ | - | ၂၀၀၂၈.၀၀ | - | ၄၄၅.၀၀ | - |
| ၅ | သံတွဲခရိုင် | ၆၇ | ၁၄၁၈ | - | ၈၂၄.၁၇ | - | ၃၉၃.၈၃ | ၂၀၀ |
| | **စုစုပေါင်း** | ၆၈၄၂ | ၁၁၀၈၉၅ | ၉၆၅ | ၇၂၆၀၉.၇၉ | - | ၃၇၁၂၀.၂၁ | ၂၀၀ |

၂၀၁၃-၂၀၁၄ခုနှစ်၊ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်အလိုက်လှေ၊ ပိုက် နှင့် ကွန်များ ဖြန့်ဝေပေးမှုစာရင်း

| စဉ် | ဖြန့်ဝေထားရှိသည့်မြို့နယ်အမည် | **ဖြန့်ဝေပြီး ပစ္စည်း အမျိုးအစား** | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မျှောပိုက် (လက်လှေ) | မျှောပိုက် (စက်လှေ) | မျှောပိုက် (လှေမဲ့) | အနမြှုပိုက် (လက်လှေ) | အနမြှုပိုက် (လှေမဲ့) | ကွန် | ၁၈’ (လက်လှေ) | ၂၇’ (လက်လှေ) | ၃၆’ (စက်လှေ) |
| ၁ | စစ်တွေ | ၄၀ | - | - | - | - | ၂၃ | ၂၃ | ၄၀ | |
| ၂ | ရသေ့တောင် | - | - | - | - | - | ၃၀ | ၁၀ | - | |
| ၃ | ပေါက်တော | ၁၈၀ | ၂၂ | - | - | - | ၃၀၈ | - | ၁၈၀ | ၂၂ |
| ၄ | ကျောက်တော် | - | - | - | - | - | ၁၈၁ | ၁၈၁ | - | |
| ၅ | မြေပုံ | - | - | - | ၃၁၂ | - | - | - | ၃၁၂ | |
| ၆ | မင်းပြား | - | - | - | - | - | ၅၉၉ | ၁၀၀ | - | |
| ၇ | မြောက်ဦး | - | - | - | - | - | ၂၆ | ၂၆ | - | |
| ၈ | ကျောက်ဖြူ | ၁၀ | ၂၅ | ၂၆၅ | - | ၇၅ | ၂၀၀ | - | ၁၀ | ၂၅ |
| | **စုစုပေါင်း** | ၂၃၀ | ၄၇ | ၂၆၅ | ၃၁၂ | ၇၅ | ၁၃၆၇ | ၃၄၀ | ၅၄၂ | ၄၇ |

**နောက်ဆက်တွဲ (ဃ)**

**၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် ရေလုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဝေရန်စာရင်း**

| စဉ် | **မြို့နယ် အမည်** | **မြို့နယ်များအလိုက် လိုအပ်သည့်ရေလုပ်ငန်းသုံး ပစ္စည်းအမျိုးအစား** | | | | | **မှတ်ချက်** |
|---|---|---|---|---|---|---|---|
| | | စက်လှေ (၃၆ ပေ) | လက်လှေ(၂၇ ပေ) | မျှောပိုက် | အနမြှုပိုက် | ကွန် | |
| ၁ | စစ်တွေ | - | ၆၆ | ၇၅ | - | ၁၃ | |
| ၂ | ပေါက်တော | ၃၅ | ၂၀၁ | ၁၃၅၆ | ၂၁ | -- | |
| ၃ | မြောက်ဦး | - | ၃၂ | ၅ | - | ၂၇ | |
| ၄ | မြေပုံ | - | ၃၀၂ | - | ၁၅၆၀ | ၁၅၀ | |
| ၅ | ကျောက်ဖြူ | - | - | ၅၃၄ | ၅၃၄ | ၅၃၄ | |
| | စုစုပေါင်း | ၃၅ | ၆၁၁ | ၁၉၇၀ | ၂၁၁၅ | ၇၂၄ | |

ရခိုင်ပြည်နယ်အတွင်းမြစိမ်းရောင်ကျေးရွာများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေ

| စဉ် | မြို့နယ် | ကျေးရွာ | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | စစ်တွေ | ကျေးတော | ကျေးတော | ၃၂၀ | ၁၉၂၂ | ငါးဖမ်းလုပ်ငန်း |
| ၂ | စစ်တွေ | ပါဒလိတ် | ပါဒလိတ် | ၄၇၉ | ၁၁၈၉ | ငါးဖမ်းလုပ်ငန်း |
| ၃ | စစ်တွေ | ကြို့တဲ | ကြို့တဲ | ၃၆၉ | ၂၀၀၈ | လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်း |
| ၄ | ပုဏ္ဏားကျွန်း | နတ်ဆိပ် | နတ်ဆိပ် | ၁၈၆ | ၁၁၇၃ | လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်း |
| ၅ | ပုဏ္ဏားကျွန်း | လက်ဝဲစာတိုက် | လက်ဝဲစာတိုက် | ၂၂၅ | ၁၅၂၆ | ရေလုပ်ငန်းနှင့်စိုက်ပျိုးရေးလုပ်ငန်း |
| ၆ | ရသေ့တောင် | ရွှေလောင်းတင် | ရွှေလောင်းတင် | ၂၈၁ | ၁၆၅၂ | ရေလုပ်ငန်း |
| ၇ | ရသေ့တောင် | ဆေးအိုးကျ | ဆေးအိုးကျ | ၂၆၈ | ၁၁၄၄ | ရေလုပ်ငန်း |
| ၈ | ရသေ့တောင် | နဂါးမောက် | နဂါးမောက် | ၄၈၆ | ၂၃၅၁ | ရေလုပ်ငန်း |
| ၉ | ပေါက်တော | ကံဆိပ် | ကံဆိပ် | ၂၃၆ | ၁၀၈၅ | ရေလုပ်ငန်း |
| ၁၀ | မောင်တော | ခြံပြင် | ခြံပြင် | ၇၅ | ၆၅၀ | လယ်ယာစိုက်ပျိုးရေး၊ ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ကဏန်းဖမ်းဆီးရေးလုပ်ငန်း |
| ၁၁ | မောင်တော | အလယ်သံကျော် | အလယ်သံကျော် | ၁၃၄<br>၀ | ၁၁၁၉<br>၈ | ရေလုပ်ငန်း |
| ၁၂ | ဘူးသီးတောင် | သပိတ်တောင် | သပိတ်တောင် | ၆၀ | ၂၃၇ | ရေလုပ်ငန်း |
| ၁၃ | ကျောက်ဖြူ | ဇင်ချောင်း | ဇင်ချောင်း | ၁၀၀<br>၀ | ၃၇၆၉ | ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း |
| ၁၄ | သံတွဲ | ဂျိတ္တော | ဂျိတ္တော | ၉၄၄ | ၄၀၂၇ | ရေလုပ်ငန်း |
| ၁၅ | သံတွဲ | ခမောင်တော | ခမောင်တော | ၃၈၂ | ၁၃၅၂ | ရေလုပ်ငန်း |
| ၁၆ | သံတွဲ | ဆင်ခေါင်း | ဆင်ခေါင်း | ၉၂၅ | ၄၈၅၃ | ရေလုပ်ငန်း |
| | စုစုပေါင်း | | | ၇၅၇<br>၆ | ၄၀၁၃<br>၆ | |